# ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ဖြူစင်သောကုသိုလ်တိုးပွား**

ပညာရှိသည် မည်းညစ်သော အကုသိုလ်တရားကို စွန့်ပယ်၍ တဏှာတည်းဟူသော တည်ရာမှထွက်ကာ တဏှာကင်းရာ နိဗ္ဗာန်ကို အာရုံပြုလျက် ဖြူစင်သောကုသိုလ်ကို တိုးပွားရာ၏။ ပညာရှိတို့သည် နိဗ္ဗာန်ကို အာရုံပြု၍ ကုသိုလ်ကို ပွားများကုန်၏။ စိတ်ညစ်ညူးကြောင်း နီဝရဏတရားတို့မှ ကင်းအောင် အားထုတ်ရာ၏။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၇)


၁၃၇၈ ခုနှစ် ဝါခေါင်လဆန်း ၇ ရက်၊ ဗုဒ္ဓဟူးနေ့။ 10, Wednesday August 2016 (၈၆၄၉)


# ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၉**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ လုပ်ငန်း ညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၂/၂၀၁၆)ကို ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံတော်သမ္မတ အိမ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။(ယာပုံ)

အစည်းအဝေးတွင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အမှာစကား ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီ အတွင်းရေးမှူး ဗိုလ်ချုပ်သန်းထွန်းက ယခင်လုပ်ငန်း ညှိနှိုင်းအစည်းအဝေး (၁/၂၀၁၆)၏ အစည်းအဝေး ဆုံးဖြတ်ချက်များကို ရှင်းလင်းတင်ပြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့




# ကမ္ဘာ့ဘဏ်မှ ချေးယူမည့် အမေရိကန်ဒေါ်လာသန်း ၁၀၀ နှင့်စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်တို့ ခွဲဝေသုံးစွဲနိုင်ရေး ပြည်ထောင်စုလွှတ်တော်သို့ ရှင်းလင်းတင်ပြ



ဒုတိယ အကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်း အဝေး စတုတ္ထနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဩဂုတ် ၉**

မြန်မာနိုင်ငံ ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၏ မျှော်မှန်းထားသည့် ရလဒ်များမှာ နိုင်ငံပိုင်ဘဏ်များပြုပြင်ပြောင်းလဲဖွဲ့စည်းခြင်းဖြင့် ဘဏ်လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ငွေရေးကြေးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် အရည်အသွေး မြှင့်တင်တည်ဆောက်ရေး၊ ငွေရေးကြေးရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို ခေတ်ကာလအခြေအနေနှင့်အညီ အဆင့်မြှင့်တင်တည်ဆောက်ရေးနှင့် မြန်မာနိုင်ငံ၌ ငွေကြေးဝန်ဆောင်မှုနှင့်ပတ်သက်၍ ပြည်သူများအနေဖြင့် လွယ်လင့်တကူနှင့် ကျယ်ကျယ်ပြန့်ပြန့်ရရှိရေးတို့ဖြစ်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း က ပြောကြားသည်။

ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပသည့် ဒုတိယ အကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ တွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် မြန်မာနိုင်ငံ ငွေရေးကြေးရေးကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးစီမံကိန်း ဆောင်ရွက်ရန် ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာ


စာမျက်နှာ ၃ ကော်လံ ၁ သို့



KBZ BANK
STRENGTH OF MYANMAR
သန္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ကြေးမုံ

## ရေရှည်အကျိုးစီးပွားကို မျှော်မှန်းတည်ဆောက်

လုပ်ငန်းတစ်ခုကို ဆောင်ရွက်ရာတွင် ထိုလုပ်ငန်းနှင့်သက်ဆိုင်ရာ ရှုထောင့်အားလုံးအပေါ် ချဉ်းကပ်သုံးသပ်ချက်များ၊ အတည်ပြုထုတ်ပြန်ထားသော လုပ်ငန်းဆိုင်ရာမှန်ကန်သည့် ကိန်းဂဏန်းအချက်အလက်များ၊ ထိုလုပ်ငန်းနှင့်ဆက်နွယ်ရာပတ်ဝန်းကျင်မှ လက်တွေ့စစ်တမ်းကောက်ယူထားသော ကိန်းဂဏန်းများ၊ ဖွံ့ဖြိုးမှုဆိုင်ရာ သုတေသနအချက်အလက်များရှိဖို့လိုသည်။ ထိုရရှိထားပြီးအချက်အလက်များအပေါ် အခြေခံပြီးမှသာ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းကိုအကောင်အထည်ဖော်ကြသည်ဟု ဘောဂဗေဒသဘောတရားတွင် ဆိုထားသည်။

နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများအား ပြုပြင်ပြောင်းလဲဖော်ဆောင်ရာတွင် အဆိုပါအချက်များမှာ အရေးကြီးသောအခြေခံလိုအပ်ချက်များဖြစ်သည်။ ထိုအချက်များကို သက်ဆိုင်ရာပညာရှင်များနှင့် ကျွမ်းကျင်သူများက စုပေါင်းအဖြေထုတ် မှတ်တမ်းပြုတင်ပြပေးကြသည်။ သက်ဆိုင်ရာနယ်ပယ်တွင်သာမက အများနှင့်သက်ဆိုင်သော လုပ်ငန်းနယ်ပယ်တွင် အများပြည်သူတို့ကိုပါ ပွင့်လင်းမြင်သာစွာ အသိပေးကြသည်။ ထိုအချက်များကို အခြေခံဆောင်ရွက်သောလုပ်ငန်းများမှာ ခိုင်မာသည့်လုပ်ငန်းများဖြစ်လာသည်။

မြန်မာနိုင်ငံသားများ၏ အားနည်းချက်မှာ မိမိနှင့်သက်ဆိုင်သည့် အကြောင်းအရာများကို မှတ်တမ်းတင်သိမ်းဆည်းထားသည့် အလေ့အထမရှိချေ။ မည်သည့်နယ်ပယ်တွင်မဆို သက်ဆိုင်သည့်မှတ်တမ်းမှတ်ရာများကို အလွယ်တကူမရနိုင်သည်မှာ စနစ်တကျမှတ်တမ်းတင်ခြင်း၊ သိမ်းဆည်းခြင်း၊ ထုတ်ပြန်ခြင်းတို့ကို ပုံမှန်လုပ်ကိုင်သည့်စနစ်မရှိသောကြောင့်ဟုဆိုရမည်။ မြန်မာတို့၏အလေ့အထမှာ လတ်တလောကိစ္စတို့ကို အလေးထားဆောင်ရွက်လိုကြသည်။ "ရေဘူးပေါက်သည်ကို မလိုချင်၊ ရေပါသည်ကိုသာလိုချင်" ဆိုသကဲ့သို့ ချက်ချင်းလက်ငင်းအလုပ်ဖြစ်မည့်ကိစ္စကိုသာ မဖြစ်ဖြစ်အောင် လုပ်လိုကြသည်။ ရေရှည်အကျိုးစီးပွားအတွက်ကိုမူ စနစ်တကျဆောင်ရွက်သည့်အလေ့အထမရှိခဲ့ချေ။

မြန်မာနိုင်ငံတွင် မှတ်တမ်းမှတ်ရာများကို အထူးပြုဆောင်ရွက်ရသောလုပ်ငန်းများ၌ လုပ်ငန်းများကို ပုံမှန်လုပ်ကိုင်ကြသော်လည်း ပင်မလုပ်ငန်းများတွင်တွဲဖက်ထားသည့် မှတ်တမ်းမှတ်ရာလုပ်ငန်းများမှာမူ အရန်လုပ်ငန်း၊ ရေရှည်ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းအဖြစ် ခိုင်ခိုင်မာမာတည်ဆောက်ထားမှုနည်းပါးသည်ကို တွေ့ရသည်။ အမှန်တကယ်တွင်မှတ်တမ်းမှတ်ရာနှင့် သုတေသနအချက်အလက်များသည် ပင်မလုပ်ငန်းများအား အထောက်အကူပြုသည်ကို သိသိနှင့်မျက်ကွယ်ပြုမိခြင်းဖြစ်သည်။

ရေရှည်အကျိုးစီးပွားဖြစ်ထွန်းလိုလျှင် ရေရှည်ရင်းနှီးမြှုပ်နှံရမည်သာဖြစ်သည်။ ဥပမာအားဖြင့် အခြေခံပညာကို မြှင့်တင်ရန်အတွက် ပြုပြင်ပြောင်းလဲဆောင်ရွက်ရာတွင် ချက်ချင်းလက်ငင်းအကောင်အထည်ပေါ်မည်မဟုတ်ချေ။ ဆရာ၊ ကျောင်းသား၊ အခြေခံအဆောက်အအုံတို့ကို မှတ်တမ်းမှတ်ရာသုတေသနပြုပြီး တွေ့ရှိချက်များအပေါ်မူတည်၍ လက်ငင်း၊ ရေရှည်ရင်းနှီးမြှုပ်နှံဆောင်ရွက်မှသာ ကောင်းမွန်သော အနာဂတ်ပညာခေတ်ကို တည်ဆောက်နိုင်မည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် မူဝါဒအသစ်များကို ချမှတ်ကြသည်။ ချမှတ်ထားသောမူဝါဒများကို အခြေခံကာ လက်တွေ့အကောင်အထည်ဖော်မည့် အသေးစိတ်နည်းနာများ တစ်ဆက်တည်းထွက်ပေါ်ရမည်။ ထိုနည်းနာများမှာ တစ်ဦးကောင်းတစ်ယောက်ကောင်း ချမှတ်ထားသောနည်းနာများမဖြစ်သင့်ချေ။ စနစ်တကျ စုဆောင်းထားသော ကိန်းဂဏန်းအချက်အလက်၊ သုတေသနတွေ့ရှိချက်များအပေါ်တွင် အခြေခံမှသာ ပိုမိုခိုင်မာအားကောင်းသည့်လုပ်ငန်းဖြစ်မည်။ လက်တွေ့အကောင်အထည်ဖော်မည့် အသေးစိတ်နည်းနာများရှိမှသာ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရမည့် သေချာရေရာသော ဆုံးဖြတ်ချက်များကို ချမှတ်လုပ်ကိုင်နိုင်မည်ဖြစ်သည်။

ပြုပြင်ပြောင်းလဲမှုများကို ဖော်ဆောင်နေသည့် မျက်မှောက်ကာလတွင် ချမှတ်ကြသောမူဝါဒများမှာ ယေဘုယျဆန်မည်ဖြစ်သော်လည်း စနစ်တကျ သုံးသပ်ကောက်ယူထားသော သုတေသနစစ်တမ်းများအပေါ် အခြေခံသည့် ခိုင်မာသည့်အသေးစိတ်နည်းနာများဖြင့် လက်တွေ့ရင်းနှီးမြှုပ်နှံ အကောင်အထည်ဖော်မှသာ မူဝါဒများ အကောင်အထည်ပေါ်လာမည်ဖြစ်ပါကြောင်း။ ။

## ရေဘေးရှောင်ပြည်သူများအား တိုင်းရင်းဆေးဖြင့် ကွင်းဆင်းဆေးကုသ

**သထုံ ဩဂုတ် ၉**

သထုံမြို့နယ် ဒူးရင်းဆိပ်ကျေးရွာ တပ်ဦးဘုန်းတော်ကြီးကျောင်း၌ ဩဂုတ် ၉ ရက်က ကျေးရွာအနီးမှ ပိုင်းမှ ရေဘေးရှောင်ပြည်သူများအား မွန်ပြည်နယ် တိုင်းရင်းဆေးပညာ ဦးစီးဌာနက တိုင်းရင်းဆေးဖြင့် အခမဲ့ ကျန်းမာရေး စောင့်ရှောက်မှုများ ပြုလုပ်ပေးပြီး သထုံခရိုင်သဘာဝဘေး ကာကွယ်ရေးစီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူများက အသိပညာပေး ဆွေးနွေးဟောပြောခြင်းများကို ပြုလုပ်ခဲ့ကြောင်း သိရသည်။



အခမ်းအနားတွင် ပြည်နယ် တိုင်းရင်းဆေးပညာ ဦးစီးဌာနမှူး ဒေါ်သန်းသန်းမြင့်က အရေးပေါ်သုံး တိုင်းရင်းဆေးဝါးများနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါဆိုင်ရာများကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်မင်း၊ ခရိုင်ပြန်/ဆက် ဦးစီးအရာရှိ ဒေါ်ခင်လေးနွယ်နှင့် ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်လှကေသီမာတို့က မူခင်းကျူးဆင်းရေး၊ မူးယစ်ဆေးဝါးကင်းစင်ရေးနှင့် သဘာဝဘေးဆိုင်ရာ အသိပညာများကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ပြည်နယ်တိုင်းရင်းဆေးပညာဦးစီးဌာန သထုံခရိုင်တိုင်းရင်းဆေးရုံနှင့် မြို့နယ်တိုင်းရင်းဆေးပညာဦးစီးဌာနတို့မှ တိုင်းရင်းဆေးပညာရှင်များ၊ ကြာပန်းကျေးလက်ကျန်းမာရေးဌာနမှ ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်းကာ တပ်ဦးဘုန်းတော်ကြီးကျောင်းနှင့် ရွာလယ်ဓမ္မာရုံတို့မှ ရေဘေးရှောင် အိမ်ထောင်စု ၄၀၊ လူဦးရေ ၁၈၅ ဦးခန့်တို့အား အခမဲ့စစ်ဆေးကုသပေးခဲ့ကြကြောင်း သိရသည်။

**သက်ဦး(သထုံ)**

❖

## ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းဝေးစေရန် ရဲတပ်ဖွဲ့ဝင်များ ဆောင်ရွက်

**ညောင်လေးပင် ဩဂုတ် ၉**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်အတွင်း ကားလမ်းမပေါ်ရှိ ကျောင်းရှေ့များ၌ ကျောင်းသား ကျောင်းသူများ ကျောင်းတက် ကျောင်းဆင်းချိန်များ၌ လမ်းဖြတ်ကူးရာတွင် ယာဉ်အန္တရာယ်ကင်းဝေးစေရန်အတွက် မြို့နယ်ရဲတပ်ဖွဲ့ဝင်များက ညနေ ကျောင်းဆင်းချိန်များတွင် ဆောင်ရွက်ပေးကြောင်း သိရသည်။

အဆိုပါဆောင်ရွက်မှုတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကိုကိုကြီး ဦးဆောင်၍ မြို့မရဲစခန်းမှူး ဒု-ရဲမှူးသိန်းဇော်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ ရဲမေများက ပြည်သူ့အကျိုးပြုလုပ်ငန်းတစ်ရပ်အနေဖြင့် ရန်ကုန်-မန္တလေး ကားလမ်းမပေါ်ရှိ အထက(၂) ကျောင်းရှေ့၌ ပြုလုပ်ဆောင်ရွက်ကာ ရန်ကုန်-မန္တလေး ကားလမ်းမပေါ်ရှိ မူလတန်းကျောင်းရှေ့၊ ညောင်လေးပင်-မဒေါက်လမ်းမပေါ်ရှိ မူလတန်းလွန်ကျောင်းရှေ့၊ ဘုန်းတော်ကြီးသင် စာသင်ကျောင်းရှေ့နှင့် အထက(ခွဲ) ကျောင်းတည်ရှိရာ စက်ရုံလမ်းထိပ် ကားလမ်းမပေါ်တို့၌ ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းဝေးစေရန် ကျောင်းတက်ကျောင်းဆင်းချိန်များ၌ လမ်းရှင်းပေးမှု၊ ဖေးမတွဲကူမှုများကို နေ့စဉ် ရဲတပ်ဖွဲ့ဝင်များက အလှည့်ကျ တာဝန်ယူဆောင်ရွက်ပေးကြပြီး မြို့နယ်အတွင်းရှိ ပြွန်တန်ဆာမြို့၊ ပိန်းဇလုပ်မြို့များရှိ စာသင်ကျောင်းများရှေ့တွင်လည်း နေ့စဉ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**




## မြစိမ်းရောင်စီမံကိန်း တစ်ရွာလျှင် ကျပ်သိန်း ၃၀၀ ဖြင့် ဆောင်ရွက်မည်

**ဗန်းမော် ဩဂုတ် ၉**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဗန်းမော်မြို့နယ်၌ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် ဗန်းမော်မြို့နယ်အတွင်းရှိ အောင်ပြည်သာကျေးရွာ ဟဲလုံဟောင်း+ဆိုင်ကင်ကျေးရွာ၊ ဘူးတောင်းကျေးရွာ၊ ရေလဲကျေးရွာ၊ စီအင်ကျေးရွာ၊ ကမ်းနီ+မံပင်ကျေးရွာများအား မြစိမ်းရောင်စီမံကိန်းတစ်ရွာလျှင် ကျပ်သိန်း ၃၀၀ ဖြင့် ဆောင်ရွက်မည်ဖြစ်သည်။

သို့ဖြစ်ပါ၍ အောင်ပြည်သာကျေးရွာ၌ ဩဂုတ် ၈ ရက် နံနက် ၉ နာရီတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းပွဲနှင့် မြစိမ်းရောင်ကျေးရွာကော်မတီရွေးချယ်ပွဲ အခမ်းအနားကို ကျင်းပသည်။ ရှေးဦးစွာ ဗန်းမော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး (ဒုတိယညွှန်ကြားရေးမှူး) ဦးသောင်းညွန့်က မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်ပတ်သက်၍ မိတ်ဆက်ရှင်းလင်းပြောကြားသည်။ ပြီးနောက် ဗန်းမော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးက မြစိမ်းရောင်ကျေးရွာကော်မတီ ရွေးချယ်ဖွဲ့စည်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး အောင်ပြည်သာကျေးရွာ မြစိမ်းရောင်ကျေးရွာကော်မတီ ၁၁ ဦးအား အများသဘောတူ မဲစနစ်ဖြင့် ရွေးချယ်ဖွဲ့စည်းပေးကြောင်း သိရသည်။

**(ကြေးမုံ)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှို

## ပြည်တွင်းရေးရာ

**❒ ရွှေဖုံးမှ**

ဆက်လက်၍ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်က ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည့်အချက်များနှင့် လိုအပ်ချက်များကိုလည်းကောင်း၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဦးညီပုက လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသလိုအပ်ချက်များကိုလည်းကောင်း၊ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေက ပြည်နယ်လုံခြုံရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက နိုင်ငံသားစိစစ်ရေးဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ဒေသတွင်း ပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးဒေါက်တာဝင်းမြတ်အေးက ဒေသဖွံ့ဖြိုးရေး၊ လူမှု စီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် လိုအပ်ချက်များအား လည်းကောင်း၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့မှု၊ တွေ့ကြုံရသည့်အခက်အခဲ၊ လုပ်ငန်းလိုအပ်ချက်နှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်များ၊ လူမှုအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားမည့် အခြေအနေများကို အကြံပြုဆွေးနွေး တင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များအပေါ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြန်လည်သုံးသပ်ပေါင်းစပ်ညှိနှိုင်းပေးပြီး ရေတို၊ ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဦးစားပေးအလိုက် ဆောင်ရွက်ကြရန်၊ ဝန်ကြီးဌာနများနှင့် ပြည်နယ်အစိုးရတို့ပူးပေါင်း၍ နားလည်မှုရှိရှိ ပံ့ပိုးကူညီဆောင်ရွက်ကြရန်၊ ကြုံတွေ့လာရသောအခက်အခဲများကိုဖြေရှင်းနိုင်ရေး ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

**■ ကမ္ဘာ့ဘဏ်မှ**

သန်း ၁၀၀ ချေးယူရေးနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ပြည်ထောင်စုလွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်းဖြစ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လိုသည့် အဓိကအကြောင်းအရင်းများမှာ မြန်မာနိုင်ငံတွင် တရားဝင်ငွေကြေးဝန်ဆောင်မှုများကို အရွယ်ရောက်ပြီးသူဦးရေ၏ ၃၀ ရာခိုင်နှုန်းသာ ရရှိခံစားနိုင်ခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆင်းရဲမှုလျှော့ချရေးနှင့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ချေးငွေအပါအဝင် ငွေကြေးဝန်ဆောင်မှုများရရှိမှု အကန့်အသတ်များရှိနေခြင်း၊ ငွေရေးကြေးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေး စွမ်းဆောင်နိုင်မှုကို မြင့်မားလာစေမည်ဖြစ်ခြင်း၊ ယှဉ်ပြိုင်နိုင်စွမ်းရှိပြီး ဈေးကွက်အခြေပြုဘဏ်လုပ်ငန်း ဝန်ဆောင်မှုကဏ္ဍ ပေါ်ထွန်းလာခြင်းဖြင့် စီးပွားရေးတည်ငြိမ်မှုနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေခြင်း၊ အားလုံးပါဝင်ဆောင်ရွက်နိုင်မည့် ငွေရေးကြေးရေးကဏ္ဍဝန်ဆောင်မှုအစီအစဉ်အတွက် အထောက်အပံ့ပြုနိုင်ခြင်းစသည်တို့ ဖြစ်ပါကြောင်း။

ချေးငွေဆိုင်ရာ သဘောတူညီချက်များမှာ ချေးငွေသက်တမ်း ၃၈ နှစ်ဖြစ်ပြီး ဆိုင်းငံ့ကာလခြောက်နှစ်နှင့် ပြန်ဆပ်ကာလ ၃၂ နှစ်ဖြစ်ပါကြောင်း၊ အတိုးမဲ့ချေးငွေဖြစ်ပြီး ဝန်ဆောင်ခအဖြစ် တစ်နှစ်လျှင် သုည ဒသမ ၇၅ ရာခိုင်နှုန်း၊ ကတိခံကြေးကို ကမ္ဘာ့ဘဏ် (IDA Board)အဖွဲ့၏ ဆုံးဖြတ်ချက်အရ ပေးရန်ရှိလာပါက သုည ဒသမ ၅ ရာခိုင်နှုန်းထက်မပိုသောနှုန်းကိုပေးရန် သတ်မှတ်ထားသည်ဟု သိရပါကြောင်း၊ ချေးငွေထုတ်ယူချိန်မှစ၍ ဆိုင်းငံ့ကာလအတွင်း ဝန်ဆောင်ခကိုလည်းကောင်း၊ ဆိုင်းငံ့ကာလ ကုန်ဆုံးပြီးချိန်မှစ၍ ဝန်ဆောင်ခနှင့် အရင်းပြန်ဆပ်ငွေကို လည်းကောင်း တစ်နှစ်လျှင် နှစ်ကြိမ်ပေးဆပ်ရမည်ဖြစ်ပါကြောင်း။

အဆိုပါချေးငွေကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ၇၅ သန်းနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်က ၂၅ သန်း သုံးစွဲအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ထို့ပြင် စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်း နယ်ပယ်ငါးခုရှိပါကြောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ဝန်ကြီးဌာန၏ သာမန်အသုံးစရိတ်များအနက် လုပ်ငန်းတိုးချဲ့ရန် သာမန်အသုံးစရိတ်၊ လက်ရှိသုံးစွဲနေသည့် ဝန်ထမ်းလစာ၊ စရိတ်၊ ချီးမြှင့်ငွေ၊ ပင်စင်စသည်တို့အတွက် နိုင်ငံတော်က ကျခံသုံးစွဲနေရသည့် အခြေအနေကို အထောက်အကူပြုသည့် (Budget Support) အဖြစ် သုံးစွဲရန် အမေရိကန်ဒေါ်လာ သန်း ၆၀၊ နိုင်ငံပိုင်ဘဏ်များ ပြုပြင်ပြောင်းလဲတည်ဆောက်ရန် ပြင်ဆင်ခြင်းအတွက် အမေရိကန်ဒေါ်လာ ၇ သန်း၊ အသေးစား ငွေရေးကြေးရေးလုပ်ငန်းကဏ္ဍ၊ အာမခံလုပ်ငန်းကြီးကြပ်ကွပ်ကဲမှု အဆင့်မြှင့်တင်ခြင်းနှင့် IT စနစ်တည်ဆောက်ခြင်းအတွက် အမေရိကန်ဒေါ်လာ ၅ သန်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ အရည်အသွေးမြှင့်တင်တည်ဆောက်ခြင်းအတွက် အမေရိကန်ဒေါ်လာ ၃ သန်း သုံးစွဲအကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ထို့အတူ အဆိုပါအမေရိကန်ဒေါ်လာသန်း ၆၀ ကို နှစ်အလိုက် ချေးငွေထုတ်ယူသုံးစွဲနိုင်မည့်ပမာဏ လျာထားချက်မှာ ၂၀၁၇ ခုနှစ်အတွက် အမေရိကန်ဒေါ်လာ သန်း ၂၀၊ ၂၀၁၈ ခုနှစ်အတွက် အမေရိကန်ဒေါ်လာ ၁၅ သန်း၊ ၂၀၁၉ ခုနှစ်အတွက် အမေရိကန်ဒေါ်လာ ၁၀ သန်း၊ ၂၀၂၀ ခုနှစ်အတွက် အမေရိကန်ဒေါ်လာ ၁၅ သန်းတို့ ဖြစ်ပါကြောင်း။

၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ပုဒ်မ ၁၀ တွင် ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် လုပ်ငန်း စီမံကိန်းတစ်ရပ်ရပ်အတွက် ပြည်ထောင်စုအစိုးရဌာန တစ်ခုခုအား ပြည်ပမှ ချေးယူခွင့်ပြုနိုင်သည်။ ပြည်ပမှ ရရှိသော ချေးငွေများကို နိုင်ငံတော်နှင့် အကျိုးတူဆောင်ရွက်နေသော လုပ်ငန်းများသို့ သင့်လျော်သည့် စည်းကမ်းချက်များချမှတ်၍ ပြန်လည်ထုတ်ချေးခွင့်ပြုနိုင်သည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ သို့ဖြစ်၍ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့ ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်မည့် မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက် ချေးငွေအမေရိကန်ဒေါ်လာ သန်း ၁၀၀ ရယူနိုင်ရေးကိစ္စအပေါ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

အလားတူ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦးက မြန်မာနိုင်ငံငွေရေးကြေးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက် ကမ္ဘာ့ဘဏ်မှ ချေးငွေ အမေရိကန်ဒေါ်လာသန်း ၁၀၀ ရယူဆောင်ရွက်မည့် ကိစ္စတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ဘဏ်လုပ်ငန်းကဏ္ဍအရည်အသွေးမြှင့်တင် တည်ဆောက်ရေးလုပ်ငန်းနှင့် ငွေရေးကြေးရေးလုပ်ငန်းဆိုင်ရာ အဆင့်မြှင့်သင်တန်းကျောင်းဖွင့်လှစ်ရေး ဆောင်ရွက်ခြင်းအတွက် အမေရိကန်ဒေါ်လာ ၆ သန်းကိုလည်းကောင်း၊ သတင်းအချက်အလက်နည်းပညာစနစ်တည်ဆောက်ခြင်းနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးမှုအစီအစဉ်ရေးဆွဲခြင်း၊ ငွေကြေးစီမံခန့်ခွဲခြင်း လုပ်ငန်းစဉ်များကို အဆင့်မြှင့်တင်ခြင်းအတွက် အမေရိကန်ဒေါ်လာ ၂ သန်းကိုလည်းကောင်း၊ ငွေပေးချေမှုစနစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်ခြင်းအတွက် အမေရိကန်ဒေါ်လာ ၁၅ သန်းကိုလည်းကောင်း၊ စီမံကိန်းပူးပေါင်းဆောင်ရွက်သည့်အဖွဲ့တွင်ပါဝင်မည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဝန်ထမ်းများကို လေ့ကျင့်သင်တန်းပေးခြင်းနှင့် အရည်အသွေးတည်ဆောက်ခြင်းလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ၂ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၅ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ချေးငွေရယူရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြည်ထောင်စုလွှတ်တော်သို့ ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သည့် ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား တင်သွင်းရာ ပြည်ထောင်စုလွှတ်တော်နာယက က ပြည်ထောင်စုလွှတ်တော် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ယနေ့အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက က နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ဦးဘိုဘိုငယ်၏အမည်စာရင်းကို လွှတ်တော်သို့တင်ပြပြီး ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သည်။

**(သတင်းစဉ်)**

## အောင်လံ၊ ဟင်္သာတ၊ မကွေး၊ မအူပင်၊ မင်းဘူး၊ ငါးသိုင်းချောင်းနှင့် ညောင်ဦးမြို့များတွင် ဇူလိုင်လကုန်မှစ၍ စိုးရိမ်ရေမှတ်ကျော်လွန်လျက်ရှိ



အောင်လံမြို့ ဧရာဝတီမြစ်ရေအခြေအနေ (စင်တီမီတာ)



ဟင်္သာတမြို့ ဧရာဝတီမြစ်ရေအခြေအနေ (စင်တီမီတာ)



မကွေးမြို့ ဧရာဝတီမြစ်ရေအခြေအနေ (စင်တီမီတာ)



မအူပင်မြို့ တိုးမြစ်ရေအခြေအနေ (စင်တီမီတာ)



မင်းဘူးမြို့ ဧရာဝတီမြစ်ရေအခြေအနေ (စင်တီမီတာ)



ငါးသိုင်းချောင်းမြို့ ငဝန်မြစ်ရေအခြေအနေ (စင်တီမီတာ)

## မူးယစ်ဆေးဝါးရောင်းဝယ်မှုနှင့်ဆက်နွှယ်သူ ဖိလစ်ပိုင်အစိုးရတာဝန်ရှိသူများ အညံ့ခံကြပြီ

**မနီလာ ဩဂုတ် ၉**

မူးယစ်ဆေးဝါးနှိမ်နင်းရေးစစ်ပွဲကို အရှိန်အဟုန်မြှင့်တင်နေသော ဖိလစ်ပိုင်နိုင်ငံတွင် မူးယစ်ဆေးဝါးကုန်သွယ်မှုနှင့် ဆက်နွှယ်ပတ်သက်နေသူများအဖြစ် သတ်မှတ်ခံရသူများကို သမ္မတဒူတာတေးက ထုတ်ပြန်ကြေညာခဲ့အပြီး တစ်ရက်အကြာတွင် အစိုးရနှင့်ရဲတပ်ဖွဲ့တို့မှ တာဝန်ရှိသူ လူ ၆၀ ခန့်က အာဏာပိုင်များထံ လာရောက်အညံ့ခံကြကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

သမ္မတဒူတာတေးသည် ဇွန်လကုန်က သမ္မတရာထူး ရယူခဲ့အပြီး နိုင်ငံတစ်ဝန်းတွင် မူးယစ်မှောင်ခို ၄၀၀ ကျော်ကို ရဲတပ်ဖွဲ့က တိုက်ခိုက်နှိမ်နင်းခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံတစ်ဝန်းတွင် မူးယစ်ဆေးဝါးဖြန့်ချိသူများဟု သံသယမကင်းသူများအား နှိမ်နင်းနိုင်ရန် သမ္မတဒူတာတေး ရာထူးဆက်ခံစဉ်ကာလမှစကာ ရဲတပ်ဖွဲ့က အထူးစစ်ဆင်ရေးများဆင်နွှဲလျက်ရှိသည်။

သမ္မတဒူတာတေးလက်ထက်တွင် မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ ကွပ်မျက်ခံရသူဦးရေ ၈၀၀ အထိရှိကြောင်း အမည်ဖော်ပြခြင်းမရှိသည့် လှုပ်ရှားတက်ကြွသူတစ်ဦး၏ ပြောကြားချက်ကို အေဘီအက်စ်စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ဖိလစ်ပိုင်သမ္မတထုတ်ပြန်သောအမိန့်အရ ဖိလစ်ပိုင်နိုင်ငံမှ မြို့တော်ဝန် ၂၇ ဦးနှင့် ရဲမှူးကြီးအဆင့်ရှိ တာဝန်ရှိသူတစ်ဦးနှင့်ရဲအရာရှိ ၃၁ ဦး၏အမည်စာရင်းကို ဖိလစ်ပိုင်အမျိုးသားရဲတပ်ဖွဲ့ရုံးက ကြေညာခဲ့ပြီးနောက် ၎င်းတို့သည် သမ္မတ၏နောက်ဆုံးသတ်မှတ်ရက်အမီ အညံ့ခံခဲ့ကြခြင်းဖြစ်သည်။

မေလအတွင်းက ဖိလစ်ပိုင်သမ္မတအဖြစ် ရွေးကောက်ပွဲဝင်ခဲ့သူ သမ္မတဒူတာတေးသည် မူးယစ်ဆေးဝါးနှင့်ရာဇဝတ်ပြစ်မှုများကို အမြစ်ပြတ်နှိမ်နင်းမည်ဟု ကြွေးကြော်ခဲ့သည်။

ဩဂုတ် ၇ ရက်တွင် ဖိလစ်ပိုင်အစိုးရတာဝန်ရှိသူ ၁၆၀ တို့အား အမည်နာမဖော်ပြကာ အရှက်ရစေသော လှုပ်ရှားမှုတစ်ရပ်ပြုလုပ်ခဲ့သည်။ **ရိုက်တာ။**



## ဆော်ဒီအာရေဗျ၌ အလုပ်လုပ်နေကြသော ပါကစ္စတန်လုပ်သား ၄၀၀ ခန့် သောင်တင်နေ

**အစ္စလမ္မာဘတ် ဩဂုတ် ၉**

ဆော်ဒီအာရေဗျနိုင်ငံ၌ အလုပ်လုပ်ကိုင်နေကြသော ပါကစ္စတန်လုပ်သား ၄၀၀ ခန့်သည် ၎င်းတို့လုပ်ကိုင်ရာ ကုမ္ပဏီများထံမှ လုပ်ခ လစာငွေရရှိမှု ရပ်ဆိုင်းခံရမှုကြောင့် ယင်းနိုင်ငံ၌ လေးလကြာမျှသောင်တင်လျက်ရှိကြောင်း ဌာနေပြန်လာသူအလုပ်သမားတစ်ဦး၏ပြောကြားချက်ကို ကိုးကားလျက် ရိုက်တာသတင်းဌာနက ဩဂုတ် ၉ ရက်တွင် သတင်းထုတ်ပြန်သည်။

ဆော်ဒီအာရေဗျနိုင်ငံရှိ ဆာမိရှိစခန်း၌ လေးလကြာသောင်တင်နေခဲ့သူ မိုဟာမက်တန်ဗီယာက ၎င်း၏အတွေ့အကြုံကို ပါကစ္စတန်နိုင်ငံတွင် ထုတ်ဝေသော အရုဏ်ဦးအမည်ရှိသတင်းစာသို့ ပြောကြားသည်။

အဆိုပါစခန်း၌ ပါကစ္စတန်လူမျိုးအလုပ်သမားများသည် စားရေရိက္ခာခေါင်းပါးချို့တဲ့စွာဖြင့် နေထိုင်ကြရကြောင်း ၎င်းကပြောကြားသည်။

ဆော်ဒီအာရေဗျနိုင်ငံရှိ မိမိတို့အလုပ်လုပ်ကိုင်သော လုပ်ငန်းကုမ္ပဏီက ဆောက်လုပ်ရေးလုပ်ငန်းများကို ရပ်ဆိုင်းလိုက်ပြီဟု ကုမ္ပဏီတာဝန်ရှိသူများက မိမိတို့ကို အသိပေးအကြောင်းကြားခဲ့ကြောင်း တန်ဗီယာက ပြောကြားသည်။

သက်ဆိုင်ရာကုမ္ပဏီက အလုပ်သမားများ၏ပြဿနာကို ဖြေရှင်းပေးမည်ဟု ကနဦးအနေဖြင့် မိမိတို့ ယူဆခဲ့ကြသော်လည်း လက်တွေ့တွင် လုပ်ခလစာထုတ်ပေးခြင်းကိုပါ ရပ်ဆိုင်းပစ်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။ **ပီတီအိုင်။**

## ယူအင်န်ဒီပီစီမံကိန်း အလုပ်သမားတစ်ဦးကို အစ္စရေးလုံခြုံရေးတပ်ဖွဲ့က ဖမ်းဆီး

**ဂျေရုဆလင် ဩဂုတ် ၉**

ပါလက်စတိုင်း ခုခံရေးလှုပ်ရှားမှုအုပ်စုဖြစ်သော ဟားမားစ်အဖွဲ့အား အထောက်အကူပေးနေသည့် ကုလသမဂ္ဂအကူအညီပေးရေးလုပ်သားတစ်ဦးကို အစ္စရေးလုံခြုံရေးတပ်ဖွဲ့က ဖမ်းဆီးလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဩဂုတ် ၉ ရက်တွင် သတင်းထုတ်ပြန်သည်။

ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်(ယူအင်န်ဒီပီ) စီမံကိန်းအတွက် အလုပ်လုပ်ကိုင်နေသူ အင်ဂျင်နီယာတစ်ဦးဖြစ်သည့် ဝါလစ်ဘော့ရှ်ကို အစ္စရေးလုံခြုံရေးတပ်ဖွဲ့က ဖမ်းဆီးခဲ့သည်။

ပါလက်စတိုင်းပြည်သူများအတွက် ရည်ရွယ်သော ကုလသမဂ္ဂအကူအညီများအား ဟားမားစ်အဖွဲ့ထံလွှဲပြောင်းပေးနိုင်ရန် တရားမဝင်လုပ်ဆောင်ခဲ့သည်ဟု အစ္စရေးအစိုးရက ယင်းအဖွဲ့၏ စစ်သွေးကြွများကို စွပ်စွဲခဲ့သည်။

ဂါဇာကမ်းမြောင်ဒေသ၌ အလုပ်လုပ်ကိုင်သော ဘော့ရှ်သည် ကုလသမဂ္ဂ၏အကူအညီများကို ဟားမားစ်အဖွဲ့၏ စစ်ရေးလှုပ်ရှားမှုများအတွက် အထောက်အကူပေးနိုင်ရန် တရားမဝင်လှုပ်ရှားခဲ့သည်ဟု အစ္စရေးလုံခြုံရေးအေဂျင်စီက ထုတ်ပြန်ကြေညာသည်။

ယူအင်န်ဒီပီသည် ဂါဇာကမ်းမြောင်ဒေသရှိ ပါလက်စတိုင်းပြည်သူများအား အကူအညီပေးနိုင်ရန် စီမံကိန်းများကို ဆောင်ရွက်လျက်ရှိသည်။ ကုလသမဂ္ဂ၏အကူအညီပေးရေး စီမံကိန်းများအနက် စီမံကိန်းတစ်ရပ်မှာ စစ်ဒဏ်ခံခဲ့ရသောလူနေဒေသများ၌ နေအိမ်များပြန်လည်တည်ဆောက်ရေးအတွက် အကူအညီပေးရန် ရည်ရွယ်သည်။ **ရိုက်တာ။**

## အီရန်သို့ S-300 မြေပြင် ဝေဟင်ခွင်းဒုံးကျည်စနစ်များ၏ထက်ဝက် ရုရှားပေးပို့

**မော်စကို ဩဂုတ် ၉**

၂၀၀၇ ခုနှစ်တွင် နှစ်နိုင်ငံကြား လက်မှတ်ရေးထိုးထားခဲ့သော လက်နက်ရောင်းချရေး သဘောတူစာချုပ်တစ်ရပ်နှင့်အညီ ရုရှားနိုင်ငံက အီရန်နိုင်ငံသို့ S-300 မြေပြင် ဝေဟင်ခွင်းဒုံးကျည်စနစ်များ၏ ထက်ဝက်ပေးပို့လိုက်ကြောင်း ဒုတိယဝန်ကြီးချုပ် ဒီမီထရီရိုဂိုဇင်က ပြောကြားသည်။ ရိုဂိုဇင်က အဆိုပါ ကြေညာချက်ကို ဩဂုတ် ၈ ရက်က အဇာဘိုင်ဂျန်နိုင်ငံ မြို့တော်ဘာကူး၌ကျင်းပသော ရုရှား-အီရန်-အဇာဘိုင်ဂျန် ထိပ်သီးအစည်းအဝေး၌ ပြောကြားခဲ့ခြင်းဖြစ်သည်။

ရုရှားနှင့်အီရန်နိုင်ငံတို့ကြား ၂၀၀၇ ခုနှစ် လက်နက်ရောင်းချရေးသဘောတူစာချုပ်မှာ အမေရိကန်ဒေါ်လာသန်း ၉၀၀ ခန့် တန်ကြေးရှိသည်။ ယခုနှစ်မကုန်မီ အီရန်နိုင်ငံသို့ S-300 လေကြောင်းရန်ကာကွယ်ရေးစနစ်ပေးပို့မှုများလက်စသတ်ရန် ရုရှားနိုင်ငံက စီစဉ်လျက်ရှိကြောင်း အရပ်ဘက်နှင့်ကာကွယ်ရေးကဏ္ဍများအတွက် အဆင့်မြင့်နည်းပညာသုံးစက်မှုထုတ်ကုန်များ တီထွင်မှု၊ ထုတ်လုပ်မှုနှင့် တင်ပို့မှုမြှင့်တင်ရန်တည်ထောင်ခဲ့သည့် ရုရှားနိုင်ငံနည်းပညာများကော်ပိုရေးရှင်း Rostec အကြီးအကဲ ဆာဂျီချီမီဇော့ဗ်က ပြောကြားသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အီရန်အပေါ် ချမှတ်ထားသော လက်နက်ကုန်သွယ်ခြင်း ပိတ်ဆို့မှုဆုံးဖြတ်ချက်ကို ကိုးကား၍ ရုရှားနိုင်ငံက ၂၀၁၀ ပြည့်နှစ်တွင် အီရန်နိုင်ငံနှင့် လက်မှတ်ရေးထိုးထားသည့် အဆိုပါသဘောတူစာချုပ်ကို ဆိုင်းငံ့ခဲ့သည်။

အီရန်နိုင်ငံနှင့် ကမ္ဘာ့အင်အားကြီးနိုင်ငံများကြား စီးပွားရေးပိတ်ဆို့မှုများအားလုံးကို ဖယ်ရှားပေးမည့် နျူကလီးယားမူဘောင် သဘောတူညီချက်တစ်ရပ်ရရှိပြီးနောက် ၂၀၁၅ ခုနှစ် ဧပြီလအတွင်း ရုရှားသမ္မတပူတင်က လက်နက်ပေးပို့မှုတားမြစ်မိန့်ကို ရုတ်သိမ်းခဲ့သည်။ S-300 လေကြောင်းရန်ကာကွယ်ရေးစနစ်မှာ ၁၉၇၉ ခုနှစ်က ယခင် ဆိုဗီယက်ပြည်ထောင်စု၌ ပထမဆုံးအကြိမ်ဖြန့်ကြက်ခဲ့သောစွမ်းဆောင်ရည်မြင့် တာဝေးပစ် မြေပြင်-ဝေဟင်ခွင်းဒုံးကျည်ဖြစ်ပြီးနောက်ပိုင်းတွင် ရုရှားလက်နက်ကိုင်တပ်ဖွဲ့များက ပြုပြင်မွမ်းမံခဲ့သည်။ **ဆင်ဟွာ။**





## အိုလံပစ်ပြိုင်ပွဲတွင် လိင်ပိုင်းဆိုင်ရာကျူးလွန်မှုပြုရန် ကြိုးစားသည့် နမီးဘီးယားလက်ဝှေ့သမား ဖမ်းဆီးခံရ

**ရီယိုဒီဂျနေးရိုး ဩဂုတ် ၉**

နမီးဘီးယားလက်ဝှေ့သမားတစ်ဦးသည် အိုလံပစ်ကျေးရွာတွင် အခန်းသန့်ရှင်းရေးတာဝန်ထမ်းဆောင်နေသည့် အသက်(၁၉)နှစ်အရွယ် မိန်းကလေးတစ်ဦးအား လိင်ပိုင်းဆိုင်ရာ စော်ကားကျူးလွန်မှုပြုရန် ကြိုးစားမှုကြောင့် ရီယိုဒီဂျနေးရိုးမြို့ရှိ ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သည်။

ဝယ်လ်တာဝိတ်တန်း (ကိုယ်အလေးချိန် ၆၁-၆၇ ကီလိုဂရမ်ရှိရသည့် ဝိတ်တန်း)တွင် ပါဝင်ယှဉ်ပြိုင်နေသူ အသက်(၂၂)နှစ်ရှိ ဂျိုနက်စ်ဂျူနီယက်စ်သည် အိုလံပစ်ကျေးရွာရှိ စင်္ကြံလမ်းတစ်နေရာတွင် ဘရာဇီးမိန်းမပျိုလေးကို အတင်းအဓမ္မ ဆွဲလားရမ်းလား ပြုလုပ်ခဲ့သည်ဟု သိရသည်။ ထို့ပြင် ဂျူနီယက်စ်သည် လိင်မှုကိစ္စပြုလုပ်ရန်အတွက် အဆိုပါ မိန်းမပျိုလေးကို ငွေကြေးပေးကမ်းလှမ်းခဲ့သည်ဟု သံသယရှိနေသည်။ မိန်းမပျိုလေးက ထွက်ပြေးပြီး ဘရာဇီးရဲတပ်ဖွဲ့ထံ အကြောင်းကြားတိုင်တန်းခဲ့သည်။

နမီးဘီးယားလက်ဝှေ့သမား ဂျူနီယက်စ်သည် လွန်ခဲ့သည့် သောကြာနေ့က ကျင်းပခဲ့သည့် ရီယိုအိုလံပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် နမီးဘီးယားအလံကိုင်ဆောင်သူအဖြစ် ပါဝင်ဆင်နွှဲခွင့်ရရှိသူဖြစ်သည်။**(အပေါ်ပုံ)** လိင်ပိုင်းဆိုင်ရာ ပြစ်မှုကျူးလွန်ရန် ကြိုးစားမှုကြောင့် ဖမ်းဆီးခံရသည့် အိုလံပစ်ပြိုင်ပွဲဝင် လက်ဝှေ့သမားများတွင် ဂျူနီယက်စ်သည် ဒုတိယမြောက် လက်ဝှေ့သမားဖြစ်သည်။

လွန်ခဲ့သည့် သီတင်းပတ်တွင်လည်း မော်ရိုကိုလက်ဝှေ့သမားတစ်ဦးသည် အိုလံပစ်ကျေးရွာရှိ သန့်ရှင်းရေးဝန်ထမ်းအမျိုးသမီးနှစ်ဦးကို လိင်ပိုင်းဆိုင်ရာ စော်ကားမှုများပြုလုပ်ရန် ကြိုးစားသည်ဟု သံသယရှိသဖြင့် ဖမ်းဆီးခဲ့သည်။ ရီယိုအိုလံပစ်ကော်မတီက ယင်းကဲ့သို့ အမှုအခင်းမျိုးသည် မည်သည့်အခါမျှမဖြစ်ပွားသင့်ကြောင်းနှင့် ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ **အင်န်အိတ်ချ်ကေ။**

# ယခုနှစ် ဒီဇင်ဘာလကုန်ခန့်တွင် ရခိုင်ပြည်နယ်တစ်ခုလုံးအတွက် မိုဘိုင်းဆက်သွယ်ရေးစခန်း စုစုပေါင်း ၆၅၉ ခုရှိလာမည်

**နေပြည်တော် ဩဂုတ် ၉**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရမ်းဗြဲမြို့နယ်၌ပါဝင်သော စကုကျွန်းနှင့် မကျေးကျွန်းတို့တွင် တယ်လီဖုန်းဆက်သွယ်ရေးတာဝါတိုင်တစ်ခုစီ တည်ဆောက်ပေးရန် အစီအစဉ် ရှိ မရှိ ရမ်းဗြဲမဲဆန္ဒနယ်မှ ဦးကျော်ရွှေက မေးမြန်းရာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ယခုနှစ်ဒီဇင်ဘာလကုန်ခန့်တွင် ရခိုင်ပြည်နယ်တစ်ခုလုံးအတွက် မိုဘိုင်းဆက်သွယ်ရေးစခန်း စုစုပေါင်း (၆၅၉)ခုရှိလာမည်ဖြစ်ပြီး နယ်မြေဧရိယာလွှမ်းခြုံနိုင်မှု ၇၀ ရာခိုင်နှုန်းနှင့် လူနေထိုင်မှုဧရိယာ လွှမ်းခြုံနိုင်မှု ၉၀ ရာခိုင်နှုန်းအထိရှိလာမည်ဖြစ်ပါကြောင်း၊ ရမ်းဗြဲမြို့နယ် ရမ်းဗြဲကျွန်းပေါ်တွင် မိုက်ခရိုဝေ့စခန်းအဖြစ် GSM စခန်း(၁)ခု၊ ကျောက်နီမော်ရွာတွင် GSM စခန်း(၁)ခု၊ လေးတောင်ရွာတွင် GSM စခန်း(၁)ခု၊ ကုန်းဘောင်ရွာတွင် GSM စခန်း(၂)ခု၊ သစ်ပုပ်တောင်ရွာအနီးတွင် GSM စခန်း(၁)ခုနှင့် ရပသင်ရွာတွင် GSM စခန်း(၁)ခု စုစုပေါင်း GSM စခန်း (၇)ခုကို ဖွင့်လှစ်ထားရှိပြီး မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မိုဘိုင်းစခန်းတည်ဆောက်ရာတွင် Feasibility Study ပြုလုပ်ရန်အချက်များဖြစ်သော တာဝါတိုင်တည်ဆောက်ခြင်း၊ အဝေးဆက်သွယ်ရေးဆက်ကြောင်းများ ချိတ်ဆက်ခြင်း၊ ရာသီဥတုအခြေအနေ၊ မြေပြင်အနေအထား၊ လျှပ်စစ်ဓာတ်အားရရှိနိုင်မှုအခြေအနေ စသည်တို့အပေါ် မူတည်၍ ကွင်းဆင်းစစ်ဆေးပြီးမှသာ ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ စကုကျွန်းနှင့် မကျေးကျွန်းတို့တွင် တယ်လီဖုန်းဆက်သွယ်ရေးတာဝါတိုင် တစ်တိုင်စီကိုတည်ဆောက်ပေးရန်မှာ ဦးစားပေးအစီအစဉ်အရ ၂၀၁၆-၁၇ နှင့် ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်တွင် ပါဝင်ခြင်းမရှိသော်လည်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ပြည်တွင်းပြည်ပ ဆက်သွယ်ရေးအော်ပရေတာတို့ကို ဆက်သွယ်ရေး အခြေခံအဆောက်အအုံများ မျှဝေဆောင်ရွက်စေခြင်း သို့မဟုတ် နိုင်ငံတော်မှ ထည့်ဝင်ရန်ပုံငွေဖြင့် အော်ပရေတာများမှထည့်ဝင်ရန်ပုံငွေ ရရှိမှုအခြေအနေပေါ်မူတည်၍ ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်ခန့်တွင် အဆိုပါကျွန်းနှစ်ကျွန်း၌ ဆက်သွယ်မှုရရှိစေရန် စကုကျွန်း သို့မဟုတ် မကျေးကျွန်းတစ်ခုခု၌ တာဝါတိုင်တစ်တိုင် တည်ဆောက်တပ်ဆင်ပေးနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။



ဦးကျော်ရွှေ



ဒုတိယဝန်ကြီး ဦးကျော်မျိုး

ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးသန်းဝင်း တင်သွင်းသည့် နိုင်ငံအဝန်း အဂတိလိုက်စားမှုများ ထင်ရှားသိသာစွာ ကျဆင်းလျော့ပါးရေးအတွက် ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးရေး ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဝိုင်းဝန်းဆွေးနွေးကြသည်။

မော်လိုက်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချိုဝင်းက မိမိတို့တိုင်းပြည်တွင် အဂတိလိုက်စားမှုများကို နေရာတိုင်း၊ ဌာနတိုင်း၊ ကဏ္ဍတိုင်းတွင် တွေ့မြင်နေရပါကြောင်း၊ အဂတိလိုက်စားမှု၏ နောက်ဆက်တွဲပြဿနာသည်လည်း အလွန်များပြားလှပါကြောင်း၊ နိုင်ငံ၏ကြီးလေးသည့်တာဝန်ကို ယူထားသူများနှင့် အစိုးရဌာနဆိုင်ရာ ရာထူးအဆင့်ဆင့်ကို ယူထားကြသော နိုင်ငံ့ဝန်ထမ်းအချို့၏ ဥပဒေကိုချိုးဖောက်၍ သော်လည်းကောင်း၊ ဥပဒေကို လက်တစ်လုံးခြားလှည့်၍ သော်လည်းကောင်း၊ နိုင်ငံတော် စီမံခန့်ခွဲရသည့်တာဝန်ကို အာဏာဟုမှတ်ယူကာ မလျော်ဩဇာသုံး၍သော်လည်းကောင်း၊ ကိုယ်ကျိုးစီးပွားရယူကျင့်သုံးခြင်းများသည် မြန်မာနိုင်ငံဆင်းရဲရခြင်း၏ အကြောင်းရင်းများဖြစ်ပါကြောင်း၊ တိုင်းပြည်၏ အဓိကအရေးကြီးဆုံး မဏ္ဍိုင်ကြီးသုံးရပ်ဖြစ်သော ဥပဒေပြုရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်သုံးရပ်စလုံးတွင်လည်း အဂတိလိုက်စားမှုများ သိသိသာသာ လျော့ပါးကျဆင်းသွားအောင် ပြုလုပ်ရန် တိုက်တွန်းလိုပါကြောင်း ဆွေးနွေးသည်။

မင်းဘူးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်းက အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ၂၀၁၃ ခုနှစ် ဩဂုတ်လတွင် ပြည်ထောင်စုလွှတ်တော်က ဥပဒေတစ်ရပ်ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၄ ခုနှစ် မတ်လတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို ဖွဲ့စည်းခဲ့သည်ကို သိရှိရပါကြောင်း၊ ထိုဥပဒေပါ အခန်း ၂၊ ပုဒ်မ ၄ မှ ရည်ရွယ်ချက်များသည် အလွန်ကောင်းမွန်သည်ကို တွေ့ရှိရကြောင်း၊ လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်ရန်၊ သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်ဖြစ်ထွန်းရန်၊ အများပြည်သူဆိုင်ရာ အုပ်ချုပ်ရေးတွင် ဂုဏ်သိက္ခာနှင့် တာဝန်ယူနိုင်မှု မြင့်မားတိုးတက်ရန်၊ လာဘ်ပေးလာဘ်ယူမှုများကြောင့် နိုင်ငံတော်ပိုင်ပစ္စည်းများ၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ထိခိုက်မှုမရှိစေရေးအတွက် အကာအကွယ်ပေးရန်၊ လာဘ်ပေးလာဘ်ယူမှုကျူးလွန်သူများအား ထိရောက်စွာအရေးယူရန်၊ တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများ၌ ပိုမိုပွင့်လင်းမြင်သာမှုရှိပြီး ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် စသည့်အပိုဒ်ခွဲ (က)မှ (စ) အထိပါ အချက်များသည် အလွန်ကောင်းမွန်ပါကြောင်း။

ကော်မရှင်အနေဖြင့် ရည်ရွယ်ချက်ပါလုပ်ငန်းများကို မည်သည့်အတိုင်းအတာအထိ ဆောင်ရွက်ပေးနိုင်ခဲ့သည်ကို တွေးတောစရာဖြစ်သကဲ့သို့ ယင်းသို့သော ရည်ရွယ်ချက်ကောင်းများအတိုင်းဖြစ်လာစေရန် ကြိုးစားလုပ်ဆောင်ကြရန်လည်း လိုအပ်ပါကြောင်း အမှန်တကယ် လာဘ်ပေးလာဘ်ယူမှု ကျူးလွန်သူများကိုလည်း အခန်း(၁၀)ပါ ပြစ်မှုနှင့်ပြစ်ဒဏ်များအတိုင်း ကျူးလွန်ရာပြစ်မှုများအလိုက် ထိရောက်စွာအရေးယူအပြစ်ပေးရန်လည်း လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ယနေ့ကျင်းပသည့်အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံတွင် ဖြစ်ပွားလျက်ရှိသည့် ရေဘေးအန္တရာယ်ကျရောက်နေသော ဒေသများရှိ ပြည်သူများကိုကူညီရန်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ နေ့တွက်စရိတ် တစ်ရက်စာကိုပေးလှူရန် လွှတ်တော်၏သဘောတူညီမှုကို ကြေညာခဲ့သည်။

**(သတင်းစဉ်)**

# မြို့နယ်ပေါင်း ၂၉၈ မြို့နယ်တွင် ရေရရှိရေးလုပ်ငန်းပေါင်း ၂၀၉၇ ခု လျာထားဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၉**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ် ရှစ်ခုရှိ သောက်သုံးရေကန် ၉၄ ကန်ကို တူးဖော်ပြုပြင်သွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတစ်ဝန်းရှိ မြို့နယ်ပေါင်း ၂၉၈ မြို့နယ်တွင် ရေရရှိရေးလုပ်ငန်းပေါင်း ၂၀၉၇ ခုကို လျာထားဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက ပြောကြားသည်။



ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်း

မြစ်ဝကျွန်းပေါ် ဒေသများတွင် မြစ်ချောင်းများ တိမ်ကောလာမှုကြောင့် ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်ခြင်းမှ လျော့ပါး သက်သာစေရေးအတွက် သဘာဝမြစ်၊ ချောင်းများနှင့် ရေနုတ်မြောင်းများ တူးဖော်ခြင်းလုပ်ငန်းကို နှစ်စဉ်ရန်ပုံငွေရရှိနိုင်မှု အခြေအနေအပေါ် မူတည်၍ ဦးစားပေးလုပ်ငန်းများ ပိုင်းခြားသတ်မှတ်လျာထား ဆောင်ရွက်လျက်ရှိကြောင်း ယနေ့ကျင်းပသည့် ဒုတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့တွင် ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)မှ ဦးကျော်ထွေး တင်သွင်းထားသည့် အဆိုနှင့် ပတ်သက်၍ အထက်ပါအတိုင်း ထည့်သွင်းဖြေကြားခဲ့သည်။

ဒုတိယဝန်ကြီးက မြစ်ဝကျွန်းပေါ် ဒေသများ၊ ပင်လယ်ကမ်းခြေနှင့် ဆက်စပ်တည်ရှိသော ဒေသများတွင် ရေကြီးရေလျှံမှု လျော့ပါးသက်သာစေရေး ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်သည် များစွာကြီးမားကျယ်ပြန့်ပြီး ဒေသအလိုက် မိုးရွာသွန်းမှုအခြေအနေ၊ ရှိရင်းစွဲရေအရင်းအမြစ်၊ မြစ်ချောင်းများ ဖွဲ့စည်းဆက်စပ်မှု အခြေအနေနှင့် မြေပြင်အနိမ့်အမြင့် အနေအထားများအရ ရေတိုရေရှည် ဆောင်ရွက်ရမည့် လုပ်ငန်းအစီအမံများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းချိတ်ဆက်ပြီး အကောင်အထည်ဖော်သွားမည် ဖြစ်ပါကြောင်း။

ရေရှားပါးလာမှု အခက်အခဲများကို ဖြေရှင်းနိုင်ရေးအတွက် ဒေသလိုအပ်ချက်အပေါ်မူတည်၍ ရနိုင်သည့် ရေအရင်းအမြစ်များကို ဖော်ထုတ်အသုံးချကာ ရေလှောင်တမံများတည်ဆောက်ခြင်း၊ မိုးနည်းရေရှားပြီး ပူပြင်းခြောက်သွေ့သောဒေသများနှင့် မိုးများသော်လည်း ပင်လယ်ရေငန်နှင့် ထိစပ်နေသောဒေသများတွင် ဆည်ငယ်၊ ကန်ငယ်များ ပြုပြင်တူးဖော်ခြင်း၊ မြေအောက်ရေ အလားအလာကောင်းသော ဒေသများတွင် စက်ရေတွင်းများ တူးဖော်ပေးခြင်း စသည့်လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် စီမံဆောင်ရွက်ပေးခဲ့ပါကြောင်း ဖြေကြားသည်။

ထို့ပြင် မြစ်ဝကျွန်းပေါ်ဒေသများနှင့် ပင်လယ်ကမ်းရိုးတန်းဒေသများတွင် တိမ်ကောနေသော မြစ်ချောင်းများကို ဦးစားပေးအလိုက် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးခြင်း၊ နွေရာသီတွင် သောက်သုံးရေအခက်အခဲဖြစ်ပေါ်လျက်ရှိသော ဒေသများတွင် ဆည်ငယ်၊ ကန်ငယ်များ တူးဖော်ပြုပြင်ခြင်း၊ စက်ရေတွင်းများတူးဖော်ခြင်း၊ မြေအောက်ရေများ ထပ်မံဖော်ထုတ်အသုံးချနိုင်ရေးအတွက် လိုအပ်သလို စူးစမ်းလေ့လာခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် ကာလတို၊ ကာလရှည် စီမံချက်များချမှတ်၍ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသောကြောင့် အဆိုကို မှတ်တမ်းတင်ထားသင့်ပါကြောင်း ဒုတိယဝန်ကြီးက ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေး၏ "ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် မြစ်ဝကျွန်းပေါ်ဒေသများ၊ ကမ်းခြေဒေသများတွင် နှစ်စဉ်ဖြစ်ပွားလျက်ရှိသည့် ရေကြီးရေလျှံမှုများနှင့် ခြောက်သွေ့ရာသီတွင် နိုင်ငံတစ်ဝန်း သောက်သုံးရေ ရှားပါးပြတ်လပ်မှုများအတွက် ခြုံငုံလေ့လာသုံးသပ်၍ စီမံကိန်းတစ်ရပ်ချမှတ်ပြီး စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန်နှင့် ပြည်သူလူထုကို အကျိုးပြုခဲ့သော တိမ်ကောမြစ်ချောင်းများအား ပြန်လည်တူးဖော်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို"ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။



ဦးကျော်ထွေး

ယင်းအဆိုနှင့်စပ်လျဉ်း၍ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဂျေယောဝူက ဧရာဝတီမြစ်ကို မြစ်ယဉ်တစ်စင်းဖြစ်အောင် အထူးစီမံကိန်းတစ်ရပ် ချမှတ်ဖော်ဆောင်ပြီး ထိန်းသိမ်းရန်လိုအပ်သကဲ့သို့ သံလွင်မြစ်၊ ချင်းတွင်းမြစ်နှင့် စစ်တောင်းမြစ်တို့ကိုလည်း ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ထို့ပြင် တရားမဝင် သစ်မှောင်ခိုလုပ်ငန်းများကို ချက်ချင်းအရေးယူ၍ ရပ်တန့်သွားအောင် ဆောင်ရွက်ရန်နှင့် ဆူနာမီ၊ နာဂစ်ကဲ့သို့သော လှိုင်းလုံးကြီးများအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရန် ကမ်းရိုးတန်းတစ်လျှောက် သဲ၊ နုန်းစုပ်ယူရောင်းချခြင်းကို လုံးဝရပ်ဆိုင်းရေးဆောင်ရွက်ရန် အထူးလိုအပ်ပါကြောင်း ဆွေးနွေးသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်က ယခုအဆိုကို ငွေကုန်ကြေးကျများ၍ မဆောင်ရွက်နိုင်သောကြောင့် မှတ်တမ်းအဖြစ်သာ ထားရှိခြင်းထက် အဆိုတွင်ပါရှိသည့် အပိုင်းသုံးပိုင်းလုံးသည် အရေးကြီးပါသဖြင့် နှစ်အပိုင်းအခြားအလိုက် အကောင်အထည်ဖော်နိုင်သလောက် ဆောင်ရွက်သွားရန်နှင့် တည်ဆောက်ပြုပြင်မှုများကို ငွေကုန်ကြေးကျရှိသည်ဟုဆိုပါလျှင် သဘာဝဂေဟစနစ်ပျက်စီးစေသော သစ်အလွန်အကျွံခိုးထုတ်မှု၊ သယံဇာတအလွန်အကျွံတူးဖော်မှုများကို လုံးဝရပ်ဆိုင်းရန် တိုက်တွန်းခြင်းသည် ငွေကုန်ကြေးကျမရှိသော အကျိုးပြုတိုက်တွန်းချက်ဖြစ်သည်ဟု ယုံကြည်သောကြောင့် အဆိုအား မှတ်တမ်းအဖြစ်မထားရှိဘဲ ဆောင်ရွက်ပေးပါရန် အလေးအနက်တိုက်တွန်းပါကြောင်း ဆွေးနွေးသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၅)မှ ဦးမြင့်နိုင်က ရခိုင်ကမ်းရိုးတန်းဒေသသည် မြန်မာနိုင်ငံတွင် သဘာဝဘေးအန္တရာယ် အဖြစ်အများဆုံး ဒေသတစ်ခုဖြစ်ပါကြောင်း၊ နှစ်ပေါင်း ၅၀ အတွင်း ရခိုင်ကမ်းရိုးတန်းဒေသသို့ မုန်တိုင်းဝင်ရောက်မှု ၁၅ ကြိမ်ခန့်ရှိပြီး သေဆုံးသူဦးရေ ၃၀၀၀ခန့် ရှိခဲ့ပါကြောင်း၊ ပျက်စီးဆုံးရှုံးမှု စုစုပေါင်း တန်ဖိုး ထရီလီယံကျော်ရှိမည်ဟု ခန့်မှန်းပါကြောင်း၊ အဆိုးရွားဆုံးက ရေကြီးပြီဆိုပါက သောက်သုံးရေကန်များပါ ရေနစ်မြုပ်သွားသည့်အတွက် သောက်သုံးရေ ပြတ်လပ်မှုကိုပါ တစ်ပါတည်း ခံစားခဲ့ရပါကြောင်း၊ ရခိုင်ဒေသသည် မိုးကြီးလာပြီဆိုလျှင် ကြောက်နေရသည့်အဆင့်ကို ရောက်ရှိနေပါကြောင်း၊ ထို့ကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ရသည့် အကြောင်းရင်းကို ပညာရှင်များ အကူအညီဖြင့် လေ့လာဆန်းစစ်ရန် လိုအပ်နေပြီ ဖြစ်ပါကြောင်း။

ကျောက်တော်မြို့ပေါ်တွင် တူးဖော်ရမည့် ကုလားတန်မြစ်ရှိ ချောင်းလက်တက် ၁၀ခုကျော်ရှိပါကြောင်း၊ အခြားမြို့နယ်များတွင်လည်း တူးဖော်ပေးရမည့် မြစ်ချောင်းများ များစွာရှိပါကြောင်း၊ အဆိုပါ မြစ်ချောင်းများကို တူးဖော်ပေးမှသာ ရေကြီးရေလျှံမှုဒဏ်မှ ကင်းဝေးနိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး(ခ)သန်းစိုး(ဘောဂဗေဒ)က ယခုအဆိုတွင်ပါဝင်သည့် အချက်သုံးချက်သည် ကြီးမားကျယ်ပြန့်သော အကြောင်းအရာများ ဖြစ်သော်လည်း ယေဘုယျကျသည့် အချက်အလက်များ မပါရှိခြင်း၊ ရေကြီးခြင်း၊ ရေပြတ်လပ်ခြင်း၊ ချောင်းကောမြောင်းကောဖြစ်ခြင်း သုံးခုအနက် လက်တွေ့ဖြစ်နိုင်သည့် ကိစ္စကိုသာ အဆိုပြုခြင်း၊ နိုင်ငံလုံးဆိုင်ရာမူဝါဒဖြစ်သည့်အတွက် သက်ဆိုင်ရာ stakeholder များပါဝင်ပြီး အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ ညီလာခံကျင်းပပြီး အဖြေရှာရန် လိုအပ်ခြင်းတို့ကြောင့် အဆိုကို မှတ်တမ်းအဖြစ်သာ ထားရှိသင့်ပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုကို အဆိုရှင်၏ဆန္ဒအရ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်ခဲ့သည်။

**(သတင်းစဉ်)**

# ပီတိကိုစား၍ ဆောင်ရွက်ရမည်ဆိုသည်မှာလည်း

## ခင်မောင်ဌေး

**တပည့်မရှား**
**တစ်ပြားမရှိ**
**ပီတိကိုစား**
**အားရှိပါ၏။**

ဤစကားလေးဖြင့် ပညာရေးလောကတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသော ဆရာ ဆရာမ အများစုမှာ စိတ်ဖြေရာတစ်ခု ဖြစ်ခဲ့လေသည်။ စင်စစ် ပညာရေးဝန်ထမ်း ဆရာ ဆရာမအများစုတို့၏ ဘဝမှာ ဝမ်းမဝ၊ ခါးမလှ၊ ခါးကိုင်း၊ နားထိုင်းသည့်အရွယ်ထိ ကံ့ကူလက်လှည့်ဆရာအဖြစ် အမှုထမ်းကာ လူလုံးမလှသည့် အခြေအနေများဖြင့် ဘဝနိဂုံးချုပ်ခဲ့ကြသည်က များလေသည်။

ယခုအခါ ပညာရေးပြုပြင်ပြောင်းလဲမှုများနှင့်အတူ ဆရာ ဆရာမတို့၏ အရည်အသွေးများပါ တိုးတက်လာရေးအတွက် စီမံလာကြသည်ကို တွေ့ရ၏။ ဆိုလိုသည်မှာ အနာဂတ်မျိုးဆက်သစ်ကလေးများကို ပြုစုပျိုးထောင်ရာတွင် သင်ကြားပြသပေးမည့် ဆရာ ဆရာမများ၏ ကိုယ်ရည်ကိုယ်သွေးများမှစ၍ သင်ကြားမှုစွမ်းရည်များ ပြည့်ဝနေဖို့ လိုအပ်နေခြင်းပင်ဖြစ်သည်။

မကြာမီက ကျင်းပခဲ့သည့် ပညာရေးဝန်ကြီးဌာန ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ (ဆရာအတတ်ပညာကဏ္ဍ) ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အနာဂတ်မြန်မာ့ပညာရေးကောင်းမွန်ရေးနှင့် ပတ်သက်၍ ပြောကြားရာတွင် "ဆရာ ဆရာမများ၏ အခက်အခဲများကို သိရှိပါကြောင်း၊ ပီတိစား၍ ဆောင်ရွက်ရမည်ဆိုသည်မှာလည်း လက်တွေ့မကျသဖြင့် ဆရာ ဆရာမများ၏ လူမှုဘဝပြည့်စုံရေးကိုလည်း ထည့်သွင်းစဉ်းစားရ မည်ဖြစ်ကြောင်း" ထည့်သွင်းပြောကြားသွားသည်။

စင်စစ် ပညာရေးလောကတွင် ဆရာ ဆရာမများ၏ ဘဝကို စာနာကာ ဆရာ ဆရာမတို့၏ လူမှုရေးဘဝကို ပြည့်စုံအောင် ထည့်သွင်းစဉ်းစားပေးမည့်အကြောင်းနှင့် စာမေးပွဲစနစ်များ၊ သင်ယူမှုစနစ်များ၊ လိုအပ်နေသော ပညာရေးအသုံးစရိတ်များတိုးမြှင့်ပေးရမည့် အကြောင်းများသည် ကြားဖူးခြင်းမရှိခဲ့သည့် စကားများဖြစ်ရာ ပြည်သူ့အစိုးရလက်ထက်တွင် ပထမဆုံးကြားရဖူးခြင်းပင်ဖြစ်ပါသည်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်နေသည်မှာ ယင်းနိုင်ငံက ကျင့်သုံးနေသည့် ပညာရေးစနစ်ပေါ်တွင် မူတည်လေရာ ယင်းပညာရေးစနစ်ကို ကောင်းမွန်စွာ အကောင်အထည်ဖော်ရမည့်သူများမှာလည်း ဆရာ ဆရာမများပင်ဖြစ်ပါသည်။ ခေတ်အဆက်ဆက် မည်သို့ပင် ဖော်ကျူးခဲ့သော်လည်း အရာမထင်ခဲ့ပေ။ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်က "အနာဂတ်ကာလ ကောင်းမွန်ရေးသည် ပညာရေးအပေါ်တွင် မူတည်နေပြီး ပညာရေးကောင်းမွန်ရေးသည် ဆရာ ဆရာမများအပေါ်တွင် မူတည်နေကြောင်း" အသိအမှတ်ပြုပြောကြားလိုက်သည်မှာလည်း ပထမဦးဆုံး ကြားရဖူးခြင်းပင်ဖြစ်ပါသည်။

ဆရာ ဆရာမတို့၏ လူနေမှုဘဝပြည့်စုံရေး ထည့်သွင်းစဉ်းစားမည်ဆိုသည့်သတင်းကြားရသည်မှာ ဝမ်းမြောက်ဖွယ်ပင်ဖြစ်သည်။ ဆရာ ဆရာမတို့၏ လူနေမှုဘဝမြှင့်တင်ဖို့ပါဆိုလျှင် ဖျတ်ခနဲ တွေးမိသည်မှာ လစာကိစ္စပင်ဖြစ်သည်။ နိုင်ငံတကာရှိ ဆရာများ၏ လစာပေးနှုန်းများနှင့်နှိုင်းစာလျှင် မြန်မာနိုင်ငံမှ ပညာရေးဝန်ထမ်းများ၏ လစာမှာ အလွန်ပင်နည်းပါးလွန်းလှပါသည်။ ထိုနည်းတူပင် ပင်စင်လစာများမှာလည်း အကြိမ်ကြိမ်အခါခါပင် တိုးနေသော်လည်း အသက်အရွယ်ကြီးရင့်လေ ပင်စင်လစာနည်းလေဖြစ်နေသည်ကို တွေ့ရလေသည်။

လက်ရှိတာဝန်ထမ်းဆောင်နေသူ အများစုတို့မှာလည်း လစာနှင့်မလောက်ငံ၊ မပြေလည်မှုများစွာ ကြုံတွေ့နေရလေသည်။ သို့ဖြစ်၍လည်း မိမိတို့တတ်စွမ်းရာ ပညာဖြင့် တစ်ပိုင်တစ်နိုင် ကျူရှင်သင်ခြင်း တစ်စတစ်စ ကြီးထွားလာခြင်းပင်ဖြစ်သည်။ ကျူရှင်သင်ခြင်းကြီးထွားမှုမှစ၍ အတန်းတွင် စာသင်ကြားမှုနည်းခြင်း၊ ခွဲခြားဆက်ဆံခံရခြင်းများ ဆင့်ပွားလာခဲ့ရခြင်းလည်းဖြစ်သည်။

> **လက်ရှိတာဝန်ထမ်းဆောင်နေသူ အများစုတို့မှာလည်း လစာနှင့်မလောက်ငံ၊ မပြေလည်မှုများစွာ ကြုံတွေ့နေရလေသည်။ သို့ဖြစ်၍လည်း မိမိတို့တတ်စွမ်းရာ ပညာဖြင့် တစ်ပိုင်တစ်နိုင် ကျူရှင်သင်ခြင်း တစ်စတစ်စ ကြီးထွားလာခြင်းပင်ဖြစ်သည်။ ကျူရှင်သင်ခြင်းကြီးထွားမှုမှစ၍ အတန်းတွင် စာသင်ကြားမှုနည်းခြင်း၊ ခွဲခြားဆက်ဆံခံရခြင်းများ ဆင့်ပွားလာခဲ့ရခြင်းလည်းဖြစ်. . . .**

ဆရာ ဆရာမတို့၏ လူမှုဘဝပြည့်စုံရေးအတွက် လစာတိုးခြင်းသည် ပြေလည်မှုမရှိသည်ကို တွေ့ရ၏။ အကြောင်းမှာ လစာနှုန်းနှင့်အတူ ကြိုတင်၍ တက်နေသော ကုန်ဈေးနှုန်းကြောင့်ပင်ဖြစ်၏။ သို့ဖြစ်၍ လစာနှုန်းတိုးမြှင့်ပေးမှုတစ်ခုတည်းဖြင့်တော့ မရနိုင်တော့ပေ။ ပညာရေးဝန်ထမ်းများ တာဝန်ထမ်းဆောင်ရသည့် နေရာဒေသအလျောက် အကျိုးခံစားခွင့်ပြုနိုင်ရေးပင်ဖြစ်သည်။ မြို့ပေါ်တွင် အမှုထမ်းခွင့်ရသူများထက် နယ်ဝေးနှင့်သွားလာရေးခက်ခဲသောဒေသများတွင် အမှုထမ်းဆောင်သူများအတွက် အထူးသီးသန့်ခံစားခွင့်ပြုသင့်လေသည်။ သို့မှသာ နယ်ဝေးသွားရသူများအတွက်သာမက နယ်ဝေးသွားရန်ငြင်းဆန်မှုများ လျော့နည်းသွားမည်သာဖြစ်သည်။

ထို့ပြင် နယ်ဝေးဒေသနှင့် အခေါင်အဖျားဒေသများသို့ သွားရောက်အမှုထမ်းသူများအတွက် နေထိုင်ရေးနှင့် လုံခြုံရေးကိစ္စသည်လည်း အရေးကြီးသောအချက်တစ်ချက်ဖြစ်သည်။ အခြေခံပညာမူလတန်း ဆရာ ဆရာမများ၏ နေထိုင်ရေးနှင့် လုံခြုံရေးကို မစီမံပေးနိုင်လျှင် ယင်းဆရာ ဆရာမများအား မှီခိုအားထားနေရသည့် ကျေးလက်ဒေသရှိ ကလေးများ၏ ပညာရေးမှာလည်း တွေးဆကြည့်၍ မရနိုင်တော့ပေ။

ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ(ဆရာအတတ်ပညာကဏ္ဍ)တွင် ဆရာ ဆရာမများနှင့် ပတ်သက်၍ "ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများကို မှတ်ဉာဏ်ကောင်းအောင်သာမက တွေးခေါ်မြော်မြင်ဆင်ခြင်သုံးသပ်သည့် ဉာဏ်ပညာရရှိအောင် သင်ကြားပေးပြီး သင်ယူသူများက နိုင်ငံကောင်းအောင်၊ ကမ္ဘာကြီးကောင်းအောင် ဆောင်ရွက်နိုင်မှုကသာ ဆရာ ဆရာမများ၏ အောင်မြင်မှုကို တိုင်းတာနိုင်သည့် စံများဖြစ်ကြောင်း၊ ဆရာ ဆရာမများကိုယ်တိုင်က သင်ယူလိုစိတ်ရှိနေမှသာ တပည့်များကို သင်ယူလိုစိတ်များ မွေးဖွားပေးနိုင်မည်ဖြစ်ကြောင်း၊ ကလေးများကို ကျောင်းနေစအရွယ်မှစ၍ သင်ယူလိုသည့်စိတ်၊ ပညာကို လေးစားတန်ဖိုးထားသည့် စိတ်များကို လေ့ကျင့်ပျိုးထောင်ပေးရမည်ဖြစ်ကြောင်း" ထည့်သွင်းပြောကြားသွားလေသည်။

စင်စစ် ဆရာ ဆရာမများသည် ကလေးများ၏ အားကျအတုယူဖွယ်ရာ အနီးဆုံးပုဂ္ဂိုလ်များပင်ဖြစ်သည်။ သို့ဖြစ်၍ ဆရာ ဆရာမများသည် ကျောင်းသား ကျောင်းသူများ အားကျအတုယူထိုက်သည့် ပညာဉာဏ်ထက်မြက်မှု၊ ဗဟုသုတပြည့်စုံကြွယ်ဝမှု၊ စာပေလေ့လာလိုက်စားမှုများကို စဉ်ဆက်မပြတ် တိုးတက်နေရန် ကြိုးပမ်းရမည်ဖြစ်သကဲ့သို့ မိမိ၏သင်ကြားမှု စွမ်းရည်များ၊ မိမိသင်ကြားရမည့် အတန်းနှင့် သင်ရိုးညွှန်းတမ်းများ၊ သင်ရိုးမာတိကာများကို ကျွမ်းကျင်ပိုင်နိုင်ဖို့လိုသည်။ ခေတ်မီနည်းပညာများသုံး၍ အချက်အလက်ရှာဖွေခြင်း၊ ပရိုဂျက်တာကဲ့သို့သော အဆင့်မြင့်သင်ကြားမှုအထောက်အကူများ အသုံးပြုခြင်းစသည်တို့ကို သုံးစွဲနိုင်ဖို့လည်း လိုပေသည်။

ဆိုလိုသည်မှာ ကျောင်းသုံးဖတ်စာအုပ်၊ ကျောက်သင်ပုန်း(ပိုက်ဘုတ်)အသုံးပြုသင်ကြားနည်းသည် ၂၁ ရာစုတွင် အလွန်ပင် ခေတ်နောက်ကျနေပြီး သင်ကြားမှုနည်းစနစ်တွင်လည်း ပြောင်းလဲဖို့လိုနေပြီး သင်ကြားမှုနှင့်ပတ်သက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားရာတွင် "ဆရာဗဟိုပြုသင်ကြားနည်း၊ ကျောင်းသား ကျောင်းသူ ဗဟိုပြုသင်ကြားနည်း၊ ဗဟုသုတဗဟိုပြုသင်ကြားနည်းတွင် သင်ယူခြင်းကို ဗဟိုပြုသင်ကြားနည်းက ပိုမိုအရေးပါ ကျယ်ပြန့်မည်ဖြစ်ကြောင်း" ပြောကြားသွားသည်။

နည်းပညာတိုးတက်လာမှုကြောင့် နည်းပညာ၏ အကူအညီများစွာယူ၍ ရရှိနေပါသည်။ ကမ္ဘာပေါ်တွင် Online မှတစ်ဆင့် ပညာသင်ယူမှုများ၊ လေ့လာမှုများကို ကျောင်းသား ကျောင်းသူများကိုယ်တိုင် ကျွမ်းကျင်စွာ လုပ်ကိုင်နိုင်ပြီဖြစ်ရာ သင်ကြားပြသပေးမည့် ဆရာ ဆရာမများကိုယ်တိုင် ကျွမ်းကျင်စွာ အသုံးချနိုင်ဖို့ လိုနေခြင်းပင်ဖြစ်သည်။

သို့ဖြစ်၍ ဆရာ အတတ်ပညာကဏ္ဍတွင် ဆရာ ဆရာမများ နည်းပညာအသုံးပြုသင်ကြားမှုတွင် များစွာ အားဖြည့်ပေးရမည်ဖြစ်၏။ အခြေခံပညာကျောင်းများတွင် Multi-media Class Room များကို လက်တွေ့ကျကျ အသုံးချတတ်စေရန်နှင့် လေ့ကျင့်သင်ကြားနိုင်ရန် အချိန်ပေးဖို့လိုလာပြီဖြစ်သည်။ ဘာသာရပ်ကျွမ်းကျင်ပိုင်နိုင်ဖို့ ဘာသာရပ်ဆိုင်ရာမွမ်းမံသင်တန်းများ သာမက ယှဉ်ပြိုင်မှုများနှင့်အတူ မိမိတို့ကိုယ်တိုင်လည်း စဉ်ဆက်မပြတ် လေ့လာသင်ယူလိုစိတ်ရှိနေဖို့ လိုအပ်နေသည်။ အထူးသဖြင့် နည်းပညာသုံးစွဲတတ်မှု၊ ခေတ်အမြင် ခေတ်အသိစာပေ ဗဟုသုတတွင် ဆရာ ဆရာမအများစုတို့မှာ ခေတ်လူငယ်ကလေးများ၏ နောက်တွင် များစွာကျန်ရစ်ခဲ့သည်မှာ ယနေ့လက်တွေ့ဖြစ်စဉ်ပင်ဖြစ်သည်။

သို့ဖြစ်၍ အထက်ပါပညာရေးနှီးနှောဖလှယ်ပွဲမှ ဆရာအတတ်ပညာကဏ္ဍနှင့်ပတ်သက်၍ ပညာရှင်များက စာတမ်းအသီးသီးဖတ်ကြားကြမည်ဖြစ်သည်။ ပညာရေးဌာနတွင် အတွေ့အကြုံရှိ သမ္မာရှိပညာရှင်၏ တွေ့ဆုံဆွေးနွေးမှုများနှင့်အညီ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ပြောကြားသွားသည့် ပညာရေးကဏ္ဍ ဖွံ့ဖြိုးအောင် ဆောင်ရွက်ရာတွင် လိုအပ်ချက်များ၊ ပြုပြင်ပြောင်းလဲ ဖွယ်ရာများ ပေါ်ထွက်လာပြီဖြစ်၏။ ယင်းလုပ်ငန်းလိုအပ်ချက်များကို အကောင်အထည်ဖော်ရမည့်သူများမှာ သက်ဆိုင်ရာဝန်ကြီးဌာန အဆင့်ဆင့်သော အရာထမ်း၊ အမှုထမ်းများက ဖော်ဆောင်ရတော့မည်ဖြစ်၏။ အမှန်တကယ်ပြုပြင်ပြောင်းလဲနိုင်မှုအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ကြပါစေဟူ၍သာ. . ။ ။




**ရန်ကုန် ဩဂုတ် ၉**

# နှစ်ပတ်လည်အထွေထွေအစည်းအဝေး ကျင်းပ



ကမ္ဘာ့ရတနာဘဏ် (အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်) (၂၁)ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ဩဂုတ် ၇ ရက် နံနက် ၉ နာရီက တာမွေမြို့နယ် Sky Star Hotel (Ball Room)ခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာနာယက ဒုတိယဗိုလ်ချုပ်ကြီး ထွန်းကြည်(ငြိမ်း)က မုဒိတာစကားပြောကြားပြီး သဘာပတိ ကမ္ဘာ့ရတနာဘဏ်နာယက ဦးမောင်မောင်သိမ်းက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ အလှူငွေများ ပေးအပ်ရာ ကရုဏာဘိုးဘွားရိပ်သာအတွက် ငွေကျပ်သိန်း ၁၀၀၊ ဦးလှထွန်းမေတ္တာရိပ်မွန်ကင်ဆာ ဖောင်ဒေးရှင်းအတွက် ငွေကျပ်သိန်း ၅၀၊ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းအတွက် ငွေကျပ်သိန်း ၅၀၊ ဒသမညီနောင်ဓမ္မာရုံအတွက် ငွေကျပ်သိန်း ၁၀၀၊ သံတွဲဓမ္မဗိမာန်တော်ကြီးအတွက် ငွေကျပ်သိန်း ၅၀၊ မအူပင်ဘိုးဘွားရိပ်သာအတွက် ငွေကျပ်သိန်း ၃၀၊ လူအိုရုံ(ကန်တော်လေး)အတွက် ငွေကျပ်သိန်း ၅၀၊ မေရီချက်(ပ)မင်း ဆွံ့အနားမကြားသော ကလေးများကျောင်းအတွက် ငွေကျပ်သိန်း ၅၀၊ နှင်းဆီကုန်း ဘိုးဘွားရိပ်သာအတွက် ငွေကျပ်သိန်း ၅၀၊ သက်ဝမ်းရေကုသိုလ်ဖြစ် အခမဲ့ဆေးခန်းအတွက် ငွေကျပ်သိန်း ၃၀၊ တိုင်းရင်းသားလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ(ကမာတွဲ၊ ကမာလုတ်စံပြကျေးရွာ) ကျောက်တန်းအတွက် ငွေကျပ် ၁၅သိန်းနှင့် ဓမ္မပါလပရဟိတဘုန်းတော်ကြီးသင် ပညာရေးကျောင်း(ရက်ကန်းစင်တောင်တော်)အတွက် ငွေကျပ် ၁၅ သိန်း စုစုပေါင်း အလှူငွေကျပ်သိန်း ၅၉၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

**အေးသန်း(စိန်တုံးကြီး)**

# ငမိုးရိပ်ရေလှောင်တမံ ကျိုးပေါက်နိုင်သတင်း ကောလာဟလသာဖြစ်

**ရန်ကုန် ဩဂုတ် ၉**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဖောင်ကြီးကျေးရွာအနီးရှိ ငမိုးရိပ်ရေလှောင်တမံသည် ဧရာဝတီမြစ်ရေမြင့်တက်မှုနှင့် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တမံကျိုးပေါက်မှုဖြစ်ပေါ်နိုင်ကာ ရန်ကုန်တိုင်းဒေသကြီး မြို့နယ်တချို့တွင် ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်နိုင်ကြောင်း လူမှုကွန်ရက်စာမျက်နှာများတွင် သတင်းများ ပျံ့နှံ့နေမှုနှင့်စပ်လျဉ်းပြီး ကောလာဟလ သတင်းအမှားများသာဖြစ်ကြောင်း ဆည်မြောင်းဦးစီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးကံချွန်က ယနေ့ မြန်မာ့သတင်းစဉ်သို့ ပြောကြားသည်။

> “ငမိုးရိပ်ရေလှောင်တမံနဲ့ပတ်သက်ပြီး စိုးရိမ်စရာမရှိပါဘူး။ လူမှုကွန်ရက်စာမျက်နှာမှာ ပျံ့နေတဲ့သတင်းတွေက သတင်းအမှားတွေပါ။



ဦးခင်မောင်ဌေး



ဦးကံချွန်

“ငမိုးရိပ်ရေလှောင်တမံနဲ့ပတ်သက်ပြီး စိုးရိမ်စရာမရှိပါဘူး။ လူမှုကွန်ရက်စာမျက်နှာမှာ ပျံ့နေတဲ့သတင်းတွေက သတင်းအမှားတွေပါ။ မနှစ်ကလည်း ဒီလိုအချိန် လူမှုကွန်ရက်စာမျက်နှာမှာ သတင်းအမှားတွေတက်လာလို့ ရှင်းရသေးတယ်။ ဆည်က ရေပြည့်ဖို့ ခုနစ်ပေတောင် လိုသေးတယ်။ ရေပြည့်ရင်တောင် ဒီလကုန်မှ ပြည့်မှာပါ” ဟု လက်ထောက်ညွှန်ကြားရေးမှူး ဦးကံချွန်က ပြောသည်။

ငမိုးရိပ်ရေလှောင်တမံနှင့်စပ်လျဉ်းပြီး သတင်းအမှားများပျံ့နှံ့နေမှုအပေါ် ဦးစီးအရာရှိ ဦးခင်မောင်ဌေးက “အခုဖြစ်တာက မနှစ်ကဟာကိုပုံတူကူးချတာပါ။ လူတွေကိုအထိတ်တလန့် ဖြစ်အောင်လုပ်တာပါ။ သတင်းအမှန်သိဖို့ ဖုန်း-၀၉၇၉၆၂၁၇၃၉၅ ကိုအချိန်မရွေး ဖုန်းဆက်မေးနိုင်ပါတယ်။ တာဝန်ရှိတဲ့သူကို မေးတော့ပိုကောင်းတာပေါ့”ဟုပြောသည်။

ငမိုးရိပ်ရေလှောင်တမံသည် မြေသားတမံအမျိုးအစားဖြစ်ပြီး ၁၉၉၂ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ကြောင်း၊ တမံမှရေကို ရန်ကုန်မြို့နေလူထုသောက်သုံးရေအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ နေ့စဉ်ရေဂါလန် သန်း ၉၀ ဖြန့်ဝေပေးလျက်ရှိသည့်အပြင် နွေရာသီတွင် စပါးစိုက်ပျိုးရန်အတွက်လည်း ရေဖြန့်ဝေပေးလျက်ရှိကြောင်း ဆည်မြောင်းဦးစီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ဆည်မြောင်းဦးစီးဌာနအနေဖြင့် ငမိုးရိပ်တမံကြံ့ခိုင်မှုရှိစေရန် မိုးရာသီကာလများတွင် လိုအပ်သည့် တိုင်းတာမှုများစစ်ဆေးခြင်း၊ ရေမှတ်များ အမြဲမပြတ်စောင့်ကြည့်ခြင်း၊ ရေစိမ့်ပေါက်များအား တိုင်းတာစစ်ဆေးခြင်း၊ တမံအမြင့် မှန်၊ မမှန်စောင့်ကြည့်စစ်ဆေးခြင်းများကို သက်ဆိုင်ရာဝန်ထမ်းများအနေဖြင့် အချိန်ပြည့်စောင့်ကြည့်စစ်ဆေးလျက်ရှိကြောင်းသိရသည်။

**သတင်း - မင်းသစ်(သတင်းစဉ်)**

**ဓာတ်ပုံ- ဇော်မင်းလတ်**

## ဝေါန်မြစ်စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ဝေါန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် သုံးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ပေဝက်ခန့်ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

## လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ၂၀၁၆-၂၀၁၇ ခုနှစ် စိုက်ပျိုးရာသီအတွင်း ထူးကဲစွာ မိုးရွာသွန်းမှုကြောင့် သီးနှံအမျိုးအစားအလိုက် ရေကြီးနစ်မြုပ်မှု၊ ထိခိုက်၊ ပျက်စီး၊ ပြန်စိုက်မှုကော အခြေအနေ

**နေပြည်တော် ဩဂုတ် ၉**

| စဉ် | သီးနှံအမည် | ရေမြုပ် | ထိခိုက် | ပျက်စီး | ပြန်စိုက် |
|---|---|---|---|---|---|
| ၁။ | မိုးစပါး | ၃၄၆၈၆၁ | ၂၆၈၉၃ | ၅၃၃၀ | ၂၆၁၀ |
| ၂။ | မိုးစပါး(ပျိုးခင်း) | ၄၂၆၃ | ၈၈၂ | ၃၃၂ | - |
| ၃။ | နွေစပါး(၂၀၁၅-၂၀၁၆) | ၂၄၁၁ | ၁၉၇ | ၁၀၂ | - |
| ၄။ | နွေနှမ်း(၂၀၁၅-၂၀၁၆) | ၁၁၂၉၅ | ၁၁၂၉၅ | ၆၉၀၂ | - |
| ၅။ | အစေ့ထုတ်ပြောင်း | ၇၁၃၆ | ၃၀၅၆ | ၁၆၀၀ | ၅၀ |
| ၆။ | ဖူးစားပြောင်း | ၁၁၂၆ | ၆၅၇ | ၁၃ | - |
| ၇။ | မိုးမြေပဲ | ၅၉၆ | ၂၇၇ | ၆၈ | - |
| ၈။ | မိုးနှမ်း | ၂၅၇၅၀ | ၅၉၉၆ | ၁၄၈၀ | - |
| ၉။ | မိုးနေကြာ | ၄၄၃ | ၅ | ၅ | - |
| ၁၀။ | ချည်မျှင်ရှည်ဝါ | ၁၁၈ | ၁၁ | - | - |
| ၁၁။ | ပဲတီစိမ်း | ၆၀၇၀ | ၃၁၁၆ | ၆၉၁ | - |
| ၁၂။ | ပဲစင်းငုံ | ၆၄၇ | ၄၀၅ | ၂၉ | - |
| ၁၃။ | အခြားပဲ | ၆ | - | - | - |
| ၁၄။ | အခြားရာသီသီးနှံ | ၉၂၇၈ | ၂၈၇ | ၇၄ | - |
| ၁၅။ | အခြားနှစ်ရှည်သီးနှံ | ၁၃၅ | ၈၈ | ၈၈ | - |
| | ပြည်ထောင်စုချုပ် | ၄၁၆၁၃၅ | ၅၁၁၆၅ | ၁၆၇၁၄ | ၂၆၆၀ |

(သတင်းစဉ်)

## သီးနှံအမျိုးအစားအလိုက် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ရေကြီးနစ်မြုပ်မှု၊ ထိခိုက်၊ ပျက်စီး၊ ပြန်စိုက်မှုကောအခြေအနေ

**နေပြည်တော် ဩဂုတ် ၉**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ရေမြုပ် | ထိခိုက် | ပျက်စီး | ပြန်စိုက် |
|---|---|---|---|---|---|
| ၁။ | နေပြည်တော် | ၁၄၈ | ၁၄၈ | ၇၆ | - |
| ၂။ | ကချင်ပြည်နယ် | ၁၁၆၄၃ | ၂၁၁၇ | ၁၁၇၉ | ၇၅ |
| ၃။ | ချင်းပြည်နယ် | ၇၁ | ၇၁ | ၂၈ | - |
| ၄။ | စစ်ကိုင်းတိုင်းဒေသကြီး | ၂၃၈၉၇ | ၇၉၇၀ | ၁၈၃၀ | ၅ |
| ၅။ | ပဲခူးတိုင်းဒေသကြီး | ၁၄၀၆၁၄ | ၆၁၉၈ | ၂၈၄၉ | ၁၇၉၈ |
| ၆။ | မကွေးတိုင်းဒေသကြီး | ၆၁၃၄၈ | ၂၀၁၃၈ | ၈၂၉၈ | - |
| ၇။ | မန္တလေးတိုင်းဒေသကြီး | ၆၁၁၆ | ၉၀ | - | - |
| ၈။ | မွန်ပြည်နယ် | ၄၅၀၀ | - | - | - |
| ၉။ | ရခိုင်ပြည်နယ် | ၄၈၇၂ | ၅၂၀ | - | - |
| ၁၀။ | ရန်ကုန်တိုင်းဒေသကြီး | ၂၅၆၇၃ | ၁၇၄၉ | ၈၉၈ | ၇၃၂ |
| ၁၁။ | ရှမ်းပြည်နယ် | ၆၅၄၃ | ၄၀၅၁ | ၁၄၆၈ | ၅၀ |
| ၁၂။ | ဧရာဝတီတိုင်းဒေသကြီး | ၁၁၀၇၁၀ | ၉၇၁၃ | ၈၈ | - |
| | ပြည်ထောင်စုချုပ် | ၄၁၆၁၃၅ | ၅၁၁၆၅ | ၁၆၇၁၄ | ၂၆၆၀ |

(သတင်းစဉ်)

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

**နေပြည်တော် ဩဂုတ် ၉**

မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၉ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၂၂ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေကျော်ကျလျက်ရှိပြီး တာတမံများ ကျိုးပေါက်မှုမရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

## သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | နေရာ/ဒေသ | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|---|
| ၁။ | ရေဘုတ်ရေလှောင်တမံ | ကရင်- လှိုင်းဘွဲ့မြို့ | ၂၈၄၇၄ | ၁. ၃၀' |
| ၂။ | လိုင်ဗားရေလှောင်တမံ | ချင်း- ဖလမ်းမြို့ | ၁၉၅၄ | ၀. ၆၀' |
| ၃။ | ရာဇဂြိုဟ်ရေလှောင်တမံ | စစ်ကိုင်း- ကလေးမြို့ | ၅၂၀၀၀ | ၂. ၂၀' |
| ၄။ | မင်းရဲရေလှောင်တမံ | ပဲခူး-အုတ်တွင်းမြို့ | ၂၃၅၀ | ၀. ၅၀' |
| ၅။ | ဘောနီရေလှောင်တမံ | ပဲခူး- ဒိုက်ဦးမြို့ | ၃၅၂၀၀ | ၀. ၂၀' |
| ၆။ | ပျဉ်ပုံကြီးရေလှောင်တမံ | ပဲခူး- ဒိုက်ဦးမြို့ | ၁၁၁၃၀ | ၀. ၈၀' |
| ၇။ | မဇင်းရေလှောင်တမံ | ပဲခူး- ပဲခူးမြို့ | ၂၆၁၈၆ | ၁. ၁၀' |
| ၈။ | ဇလက်ထော်ရေလှောင်တမံ | ပဲခူး- ပဲခူးမြို့ | ၁၈၉၁၂ | ၁. ၁၀' |
| ၉။ | တောင်နဝင်းရေထိန်းတမံ | ပဲခူး- ပေါက်ခေါင်းမြို့ | ၂၁၁၉၆ | ၀. ၈၂' |
| ၁၀။ | ဝဲကြီးရေလှောင်တမံ | ပဲခူး- ပေါင်းတည်မြို့ | ၂၅၂၀၀၀ | ၀. ၇၀' |
| ၁၁။ | သဲကောရေလှောင်တမံ | ပဲခူး- လက်ပံတန်းမြို့ | ၅၂၅၀၀ | ၁. ၅၀' |
| ၁၂။ | မုန်းချောင်းရေလှောင်တမံ | မကွေး- စေတုတ္တရာမြို့ | ၆၇၄၄၀၇ | ၄. ၉၀' |
| ၁၃။ | မန်းချောင်းရေလှောင်တမံ | မကွေး- ငဖဲမြို့ | ၁၂၀၀၀၀ | ၀. ၉၀' |
| ၁၄။ | ရင်းရှည်ရေလှောင်တမံ | မကွေး- ငဖဲမြို့ | ၂၆၀၀ | ၀. ၃၀' |
| ၁၅။ | ကြီးအုံကြီးဝရေလှောင်တမံ | မကွေး- ပွင့်ဖြူမြို့ | ၃၁၉၇၀၀ | ၇. ၀၀' |
| ၁၆။ | မြစ်သာရေလှောင်တမံ | မကွေး- ဂန့်ဂေါမြို့ | ၃၇၇၆၀၀ | ၁. ၃၀' |
| ၁၇။ | တောင်ခရမ်းရေလှောင်တမံ | မကွေး-ဂန့်ဂေါမြို့ | ၁၁၇၂၆ | ၀. ၈၀' |
| ၁၈။ | ချောက်ချောင်းရေလှောင်တမံ | ရခိုင်- ကျောက်တော်မြို့ | ၁၁၄၀ | ၀. ၄၀' |
| ၁၉။ | မုံးရင်ရေလှောင်တမံ | ရှမ်းမြောက်- နမ္မတူမြို့ | ၂၅၉၀၀ | ၁. ၃၅' |
| ၂၀။ | ကွန်ချောင်းရေလှောင်တမံ | ဧရာဝတီ-ကြံခင်းမြို့ | ၉၈၄၀၀ | ၀. ၂၀' |
| ၂၁။ | နန်ကသူရေလှောင်တမံ | ဧရာဝတီ- အင်္ဂပူမြို့ | ၄၀၄၈၇ | ၀. ၈၀' |
| ၂၂။ | ကညင်ရေလှောင်တမံ | ဧရာဝတီ- အင်္ဂပူမြို့ | ၁၄၅၀၀၀ | ၁. ၂၀' |

(သတင်းစဉ်)

# လွှဲပြောင်းပေးအပ်သည့်ဆေးဘက်ဆိုင်ရာ မော်တော်ယာဉ်များ၊ စက်ပစ္စည်းများသည် မြန်မာ့တပ်မတော်အတွက်သာမက ပြည်သူလူထု၏ ကျန်းမာရေးအတွက်ပါ တိုက်ရိုက်အကျိုးရှိစွာ အသုံးပြုနိုင်

နေပြည်တော် ဩဂုတ် ၉

**တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ မြန်မာ့တပ်မတော်သို့ ဆေးဘက်ဆိုင်ရာ မော်တော်ယာဉ်နှင့် စက်ပစ္စည်းများလွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာခန်းမ၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။**



ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်တို့သည် ဧည့်ခန်းမဆောင်၌ တွေ့ဆုံ၍ မြန်မာ-တရုတ် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုအခြေအနေ၊ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်လုပ်ဆောင်မှု အခြေအနေများနှင့် တပ်မတော် ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်သွားရောက်ရေး ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့နောက် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ မြန်မာ့တပ်မတော်သို့ ဆေးဘက်ဆိုင်ရာ မော်တော်ယာဉ်နှင့် စက်ပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြန်မာ့တပ်မတော်အနေဖြင့် ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေရန် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေး တပ်မတော် ဆေးဝန်ထမ်းတပ်ဖွဲ့က အားကြိုးမာန်တက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တစ်တိုင်းပြည်လုံး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လွှမ်းခြုံသက်ရောက်စေရန် လမ်းပန်းဆက်သွယ်ရေး ခက်ခဲပြီး ဝေးလံခေါင်းပါးသည့် ဒေသများသို့ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များ၊ တပ်မတော်သား ပါရဂူ၊ ဆရာဝန်များ စေလွှတ်၍ စဉ်ဆက်မပြတ် ကူညီဆောင်ရွက်လျက်ရှိကြောင်း။

သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းများတွင်လည်း တပ်မတော်အနေဖြင့် လူအင်အား၊ ငွေအင်အား၊ ပစ္စည်းအင်အား၊ စိတ်ဓာတ်အင်အားများဖြင့် ပူးပေါင်းကူညီလုပ်ဆောင်ပေးလျက်ရှိသကဲ့သို့ HADR လုပ်ငန်းစဉ်အဆင့်တိုင်းတွင်လည်း တပ်မတော် ဆေးဝန်ထမ်းတပ်ဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ လုပ်ဆောင်ပေးလျက်ရှိကြောင်း၊ ယခုကဲ့သို့ ဆေးဘက်ဆိုင်ရာ မော်တော်ယာဉ်နှင့် စက်ပစ္စည်းများ လွှဲပြောင်းပေးအပ်ခြင်းသည် နှစ်နိုင်ငံတပ်မတော် နှစ်ရပ်ကြား ပူးပေါင်းဆောင်ရွက်မှု အသီးအပွင့်ရလဒ်များဖြစ်ပြီး ယင်းရလဒ်များကို မြန်မာ့တပ်မတော်နှင့်အတူ မြန်မာပြည်သူလူထုတစ်ရပ်လုံးကပါ မျှဝေခံစားရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက ယခုလွှဲပြောင်းပေးအပ်သည့် ဆေးဘက်ဆိုင်ရာ မော်တော်ယာဉ်များနှင့် စက်ပစ္စည်းများသည် မြန်မာ့တပ်မတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထု ကျန်းမာရေးတို့အတွက် ထိရောက်သည့် အထောက်အကူရရှိနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

အဆိုပါ အခမ်းအနားတွင် တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော်မှ မြန်မာ့တပ်မတော်အတွက် ဆေးဘက်ဆိုင်ရာ မော်တော်ယာဉ်များဖြစ်သည့် Ford Transit လူနာတင်ယာဉ် အစီး ၃၀၊ Mercedes Benz Dental Clinic မော်တော်ယာဉ် သုံးစီးနှင့် Digital X-ray Machine စက်ပစ္စည်း ၁၅ ခုတို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တိုင်းဒေသကြီးနှင့်ပြည်နယ် ဂျူဒိုပြိုင်ပွဲကျင်းပ




**နေပြည်တော် ဩဂုတ် ၉**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့်မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်တို့ ပူးပေါင်း၍ မျိုးဆက်သစ် လက်ရွေးစင်ဂျူဒိုကစားသမားများ ပေါ်ထွက်လာရန်ရည်ရွယ်ပြီး ကျင်းပသည့် တိုင်းဒေသကြီးနှင့်ပြည်နယ် ဂျူဒိုပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ဝဏ္ဏသိဒ္ဓိ အားကစားရုံ(C)၌ ကျင်းပခဲ့သည်။

ယနေ့ ဂျူဒိုပြိုင်ပွဲ ပွဲစဉ်အဖြစ် အမျိုးသား(-၅၀)ကီလို၊ (-၅၅)ကီလို၊ (-၇၃)ကီလို၊ (-၄၀)ကီလို၊ (-၄၅)ကီလို၊ (-၃၅) ကီလိုနှင့် အမျိုးသမီး(-၅၇)ကီလို၊ (+၇၈)ကီလို ရှုံးထွက်ပွဲစဉ်များကို ယှဉ်ပြိုင်ကစားကြသည်။ အဆိုပါ ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲဟူ၍ နှစ်မျိုးခွဲခြားထားပြီး အမျိုးသားပြိုင်ပွဲတွင် ကီလိုတန်း(၁၂)တန်းပါဝင်ပြီး အမျိုးသမီးပြိုင်ပွဲတွင် ကီလိုတန်း(၁၀)တန်း ပါဝင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

တိုင်းဒေသကြီးနှင့်ပြည်နယ် ဂျူဒိုပြိုင်ပွဲကို ဩဂုတ် ၉ ရက်မှ ၁၁ရက်အထိ နံနက် ၉ နာရီမှစ၍ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**(မောင်မောင်ဇော်)**

# တိုင်းဒေသကြီးနှင့် ပြည်နယ် ဘောလုံး (အမျိုးသား) ပြိုင်ပွဲ အုပ်စုအဆင့်ပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် ဩဂုတ် ၉**

တိုင်းဒေသကြီးနှင့်ပြည်နယ် ဘောလုံးအမျိုးသား အလွတ်တန်းပြိုင်ပွဲ အုပ်စုပွဲစဉ်များကို နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားလေ့ကျင့်ရေးကွင်းများ၌ ကျင်းပလျက်ရှိသည်။

ယနေ့ညနေ ၃နာရီခွဲတွင် လေ့ကျင့်ရေးကွင်း အမှတ်(၃)၌ အုပ်စု(က)မှ ကချင်ပြည်နယ် ဘောလုံး အသင်းနှင့် နေပြည်တော်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကချင်ပြည်နယ်ဘောလုံး အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ လေ့ကျင့်ရေးကွင်း အမှတ်(၁)၌အုပ်စု(ဂ)မှ တနင်္သာရီတိုင်းဒေသကြီးဘောလုံးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန္တလေးတိုင်းဒေသကြီး ဘောလုံးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း အနိုင်ရရှိသွားခဲ့သည်။

ဩဂုတ် ၁၀ ရက် ပွဲစဉ်များအဖြစ် ညနေ (၃) နာရီခွဲတွင် လေ့ကျင့်ရေးကွင်း အမှတ်(၃)၌ အုပ်စု (ဃ)မှ ချင်းပြည်နယ်ဘောလုံးအသင်းနှင့် ဧရာဝတီတိုင်းဒေသကြီး ဘောလုံးအသင်းတို့သည် လည်းကောင်း၊ လေ့ကျင့်ရေးကွင်းအမှတ်(၄)၌ အုပ်စု (ခ)မှ ကယားပြည်နယ်ဘောလုံးအသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးဘောလုံးအသင်းတို့သည် လည်းကောင်း အသီးသီးယှဉ်ပြိုင် ကစားကြမည်ဖြစ်ကြောင်း သိရသည်။ **(မောင်မောင်ဇော်)**

## စာပေဗိမာန်စာမူဆု (၂၀၁၅) ပြိုင်ပွဲ၊ ဘာသာပြန်စာမူအတွက် ပြိုင်ပွဲဝင်စာမူများ ပေးပို့ကြရန်နှိုးဆော်

**ရန်ကုန် ဩဂုတ် ၉**

၂၀၁၅ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် ဘာသာပြန်စာမူဆုအတွက် Editor Tapan Biswal တည်းဖြတ်သည့် "GOVERNANCE & CITIZENSHIP" စာအုပ်မှ "Governance" "Citizenship" "The Concept of Good Governance"နှင့် "Rights and Obligations of Citizens and Civic Culture" အခန်းလေးခန်းကို ထုတ်နုတ်ပြဋ္ဌာန်းကြောင်း၊ ယင်းစာအုပ်ကို ရန်ကုန်မြို့ ကုန်သည်လမ်း အမှတ် (၅၂၉-၅၃၁) စာပေဗိမာန်အရောင်းဆိုင်တွင် တန်ဖိုးငွေကျပ် ၅၅၀ ဖြင့် ဝယ်ယူပြန်ဆို၍ ပြိုင်ပွဲဝင်နိုင်ကြောင်း၊ ပြိုင်ပွဲဝင်ရာတွင် သတ်မှတ်ထားသည့် ပြိုင်ပွဲဝင်ပုံစံဖြင့် တင်သွင်းခြင်းကိုသာ လက်ခံမည်ဖြစ်ပြီး ပုံစံနှင့်စည်းကမ်းချက်များကို စာပေဗိမာန်တွင် ကျပ် ၁၀၀ ဖြင့် ဝယ်ယူနိုင်ကြောင်း၊ နယ်မှပြိုင်ပွဲဝင်လိုသူများသည် စာအုပ်တန်ဖိုးနှင့် စာအုပ်ပို့ခအပါအဝင် စုစုပေါင်းငွေကျပ် ၁၇၀၀ ကို ငွေပို့လွှာဖြင့် ဥက္ကဋ္ဌ၊ စာပေဆုများအုပ်ချုပ်ထောက်ပံ့မှုကော်မတီ စာပေဗိမာန်ရုံး အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၃၇၆၅၆၉၊ ၀၁-၃၈၁၄၄၉ တို့သို့ လိပ်မူ၍မှာယူနိုင်ကြောင်း ဘာသာပြန်စာမူကို ဩဂုတ် ၃၁ ရက်နောက်ဆုံးထား၍ ဦးစီးအရာရှိ(စီမံ)၊ စီမံရေးရာဌာနစု၊ စာပေဗိမာန်၊ အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့သို့ ပေးပို့ယှဉ်ပြိုင်နိုင်ကြောင်း၊ နိုင်ငံပိုင်သတင်းစာများတွင် ဖေဖော်ဝါရီ ၂၅ ရက်နှင့် ဇူလိုင် ၆ ရက်တို့၌ နှိုးဆော်ကြေညာပြီးဖြစ်သည်။

သို့ပါ၍ စာပေဗိမာန်စာမူဆု (၂၀၁၅) ပြိုင်ပွဲ ဘာသာပြန်စာမူဆုအတွက် ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် ပြိုင်ပွဲဝင်စာမူများကို ဩဂုတ် ၃၁ ရက်နောက်ဆုံးထား၍ ဦးစီးအရာရှိ(စီမံ)၊ စီမံရေးရာဌာနစု စာပေဗိမာန် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့သို့ ပေးပို့ကြရန် စာပေဗိမာန်က ထပ်မံနှိုးဆော်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

## လဟယ်မြို့၌ ကူးစက်ရောဂါ ထိန်းချုပ်ရေးအစည်းအဝေးကျင်းပ

**ခန္တီး ဩဂုတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်တွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးတက်ရေးနှင့်ကူးစက်ရောဂါထိန်းချုပ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆက်လက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးလွင်ငြိမ်းက ရောဂါဖြစ်ပွားရခြင်းအကြောင်းအရင်းကို Power Point ဖြင့် အသေးစိတ်ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသူများက ကျန်းမာရေးစောင့်ရှောက်မှုအတွက် လိုအပ်ချက်များကို အကြံပြုဆွေးနွေးခြင်း၊ သိရှိလိုသည်များကို မေးမြန်းခြင်းများဆောင်ရွက်ကြရာ ညွှန်ကြားရေးမှူးချုပ်က ပြန်လည်ရှင်းလင်းပြီး တစ်ဆက်တည်းမှာပင် နန်းယွန်းမြို့နယ်၌ ဝက်သက်ရောဂါနှင့် ကူးစက်ရောဂါများတွေ့ရှိမှုမရှိကြောင်း ပြောကြားခဲ့သည်။ **(ခရိုင်ပြန်/ဆက်)**

## ရေဘေးသင့်ပြည်သူများအား လူသုံးကုန်နှင့်ထောက်ပံ့ငွေများပေးအပ်

**မြင်းမူ ဩဂုတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်အတွင်း ဇူလိုင်လနောက်ဆုံးပတ်နှင့် ဩဂုတ်လဆန်းပိုင်းတို့တွင် ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် မြို့နယ်အတွင်းရှိကျေးရွာရှစ်ရွာနှင့် ရပ်ကွက်သုံးခုတို့တွင် ရေနစ်မြုပ်မှုများ ဖြစ်ပွားခဲ့သည်။

ယင်းကျေးရွာနှင့်ရပ်ကွက်များတွင် ရေများပြန်လည်ကျဆင်းသွားပြီး ပြန်လည်ထူထောင်ရေးကာလအတွင်း အသုံးပြုရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရဖွဲ့၏စီစဉ်မှု၊ တိုင်းဒေသကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ထောက်ပံ့မှုဖြင့် မြစ်ရေဝင်ရောက်သည့် အိမ်ထောင်စုများထဲမှ ပြောင်းရွှေ့နေထိုင်ကြသော အိမ်ထောင်စုပေါင်း ၆၃၀ အတွက် တစ်အိမ်ထောင်လျှင် တဘက်တစ်ထည်၊ ပုဆိုးတစ်ထည်၊ ထဘီတစ်ထည်နှင့် ဆပ်ပြာတစ်ခဲစီကို လည်းကောင်း၊ ပြောင်းရွှေ့နေထိုင်သူပေါင်း ၂၇၂၂ ဦး အတွက် ငွေကျပ် ၂၄၄၉၈၀၀ကို အသီးသီး ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်သည်။ **အောင်စိုးဇေ(IPRD)**

## ရေဘေးရှောင်ပြည်သူများထံသို့ ကယ်ဆယ်ရေးပစ္စည်းများ လှူဒါန်း

**ဟင်္သာတ ဩဂုတ် ၉**

ဧရာဝတီမြစ်ရေ မြင့်တက်မှုကြောင့် ရေကာတာအပြင်ဘက်ရှိ မြစ်ရေဝင်ရောက်ခဲ့သော ဟင်္သာတမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများထံ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် အနယ်နယ်အရပ်ရပ်မှ ပေးပို့လှူဒါန်းကြသော ဆန်၊ သောက်ရေသန့်၊ခေါက်ဆွဲခြောက်ထုပ်များ ၊ ဆီနှင့်အဝတ်အထည်များ၊ လူသုံးကုန်ပစ္စည်းများကို ဟင်္သာတမြို့ မြို့နယ်အဆင့်ရေဘေးကယ်ဆယ်ရေးပစ္စည်းများ အလှူခံဌာနနှင့် ပြန်လည်ထုတ်ပေးရေးဌာနများ ဖွင့်လှစ်ကာဆောင်ရွက်လျက်ရှိပြီး လှူဒါန်းပစ္စည်းများကို သက်ဆိုင်ရာ ရေဘေးသင့်ကျေးရွာများနှင့် ရေဘေးရှောင်စခန်းရှိ ပြည်သူများထံသို့စနစ်တကျပြန်လည်လွှဲပြောင်း လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေး ဂေဟာဝင်းအတွင်း ဆိုင်ခန်းဖွင့်လှစ်ထားသူများအနေဖြင့် သတ်မှတ်ရက်အတွင်း ရွှေ့ပြောင်းဖယ်ရှားခြင်းမရှိပါက အစိုးရ အိမ်ဥပစာ(နှင့်ထုတ်ခြင်း)အက်ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်

**ရန်ကုန် ဩဂုတ် ၉**

ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးလက်အောက်ရှိ မရမ်းကုန်းမြို့နယ် အမှတ် (၆၄) ကမ္ဘာအေးဘုရားလမ်းနှင့် ပါရမီလမ်းထောင့်ရှိ သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာဝင်းအတွင်း ဆိုင်ခန်းဖွင့်လှစ်ထားသူများအနေဖြင့် သတ်မှတ်ရက်အတွင်း ရွှေ့ပြောင်းဖယ်ရှားခြင်းမရှိပါက ၁၉၅၅ ခုနှစ် အစိုးရအိမ်ဥပစာ (နှင့်ထုတ်ခြင်း) အက်ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယနေ့ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မိုးက ပြောကြားသည်။

"၂၀၁၃ ခုနှစ်ကတည်းက နေပြည်တော်ကိုခေါ်ပြီး အကြောင်းကြားခဲ့တယ်။ နှစ်လအချိန်ပေးခဲ့တယ်။ ဒါပေမယ့် မဖယ်ရှားဘဲနဲ့ နေလာကြတာ။ အခုဆို လပေါင်း ၃၀ ကျော်သွားပြီ။ အဲဒီအတွက် လစာလည်းယူခဲ့တာ မရှိဘူး။ ဒီအတိုင်းပဲနေလာကြတာ။ နေတဲ့သူတွေက ဘယ်လိုမှ ဖယ်ရှားပေးမှာမဟုတ်တဲ့အတွက် ၁၉၅၅ ခုနှစ် အစိုးရအိမ်ဥပစာ(နှင့်ထုတ်ခြင်း) ဥပဒေအရ အရေးယူဆောင်ရွက်သွားတော့မှာဖြစ်ပါတယ်။ တကယ်တော့ အစိုးရမြေနဲ့ အဆောက်အအုံဆိုတာ သူ့သတ်မှတ်ကာလပဲ ငှားရမ်းလို့ရတယ်ဆိုတာ သူတို့နားလည်ပြီးသားပါ။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်နဲ့ ဥပဒေနဲ့ အညီ တစ်ပတ်အတွင်း ဖယ်ရှားသွားမှာ ဖြစ်ပါတယ်" ဟု ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ခန့်အပ်တာဝန်ပေးထားသည့် အခွင့်ရအာဏာပိုင် ညွှန်ကြားရေးမှူး ဦးအောင်ကျော်မိုးက ပြောသည်။



အဆိုပါဆိုင်ခန်းများသည် လူမှုဝန်ထမ်းဦးစီးဌာန၏ သက်သာရန်ပုံငွေမှ ဆောက်လုပ်ထားသည့် ဆိုင်ခန်းများနှင့် နောက်ဆက်တွဲဆိုင်ခန်းများဖြစ်ပြီး ၁၉၉၅ ခုနှစ်မှ စတင်ကာ စပေါ်ငွေ တစ်သိန်းကျပ်ဖြင့် ငှားရမ်းခဲ့ကြောင်းနှင့် ရွှေမိမွေ့ရာဆိုင်နှင့် အခြားဆိုင်တစ်ဆိုင်ကို ၂၀၀၁ ခုနှစ်မှစ၍ မြေကွက်ငှားရမ်းခဲ့ခြင်းဖြစ်ပြီး အဆိုပါဆိုင်ခန်း ငှားရမ်းခရရှိငွေအားလုံးကို နိုင်ငံတော်သို့ ပေးသွင်းခဲ့ကြောင်း သိရသည်။

၂၀၁၀ ခုနှစ် ဩဂုတ်လမှစ၍ ဆိုင်ခန်းအားလုံး၏ ငှားရမ်းခကို တပ်မြို့ စည်ပင်သာယာရေးအဖွဲ့ (ရန်ကုန်) မှ ကောက်ခံပြီး ကာကွယ်ရေးရငွေသို့ပေးသွင်းခဲ့ကြောင်း၊ ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်တွင် လူမှုဝန်ထမ်းဦးစီးဌာနမှ ဆိုင်ခန်း စပေါ်ငွေများကို ဆိုင်ခန်းငှားရမ်းသူများထံ ပြန်လည်ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ထောက်ချုပ်ရုံးမှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ ၂၀၁၃ ခုနှစ် မတ် ၄ ရက်တွင် ပြန်လည်လွှဲပြောင်း ပေးအပ်ခဲ့ကြောင်း၊ လွှဲပြောင်းပြီးနောက်ပိုင်းတွင်လည်း လူမှုဝန်ထမ်းဦးစီးဌာနမှ အဆိုပါဆိုင်ခန်းများ၏ ဆိုင်လခများအား ဆက်လက်ကောက်ခံခြင်းမရှိတော့ကြောင်း သိရသည်။

အဆိုပါ ဆိုင်ခန်းဖွင့်လှစ်နေထိုင်သူများအား ဝန်ကြီးရုံးမှဖွဲ့စည်းထားသည့် ဌာနပိုင်မြေဧရိယာအတွင်း ခေတ္တငှားရမ်းထားသော မြေနေရာ၊ အလုပ်ရုံ၊ ဂိုဒေါင်၊ ဆိုင်ခန်းများနှင့် ကျူးကျော်ဝင်ရောက်နေထိုင်သူများအား ဖယ်ရှားရှင်းလင်းရေးအဖွဲ့မှ ၂၀၁၃ ခုနှစ် ဧပြီ ၉ ရက်တွင် ဆိုင်/မြေ ၂၅ ခုရှိ ငှားရမ်းသူ ၂၁ ဦးနှင့်တွေ့ဆုံဆွေးနွေး၍ ၂၀၁၃ ခုနှစ် ဇွန် ၁၀ ရက်တွင် နောက်ဆုံးထား ဖယ်ရှားပေးရန် အကြောင်းကြားခဲ့ရာတွင် ဆိုင်/မြေ ၂၅ ခုအနက် ငါးခုမှာ ဖယ်ရှားပေးခဲ့သဖြင့် ကျန်ရှိသော ဆိုင်/မြေ ၂၀ ခန်းအား ဖယ်ရှားပေးရန် ကိုးကြိမ်တိုင်အောင် နှိုးဆော်စာထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ဘက်က တတ်နိုင်သလောက် အချိန်တွေပေးပြီးနေလာခဲ့ပါတယ်။ တိုင်းဒေသကြီး ဝန်ကြီးချုပ်ကလည်း တွေ့ဆုံပြောကြားခဲ့ပြီးလည်းဖြစ်ပါတယ်။ ဆိုင်ခန်းရှင်တွေကို မေတ္တာရပ်ခံလိုတာက ကိုယ့်ရဲ့ဂုဏ်သိက္ခာနဲ့ညီစွာ ပြောင်းရွှေ့ကြပါလို့ပြောချင်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးညွှန်ကြားရေးမှူး ဦးမျိုးဆက်အောင်က ပြောသည်။

သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာသည့် ဆိုင်ခန်းပိုင်ရှင်တစ်ဦးက "ဝါဝင်နေပြီဆိုတော့ ဆိုင်ခန်းနေရာအသစ်ရှာဖို့ အခက်အခဲရှိနေတယ်" ဟုပြောသည်။

ယခုနှစ် ဇွန် ၂၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆိုင်ခန်းငှားရမ်းသူများနှင့်တွေ့ဆုံ၍ ဥပဒေအရ ဆောင်ရွက်ရမည်ဖြစ်သဖြင့် ဆိုင်ခန်းများပြောင်းရွှေ့ရန်အတွက် ဇွန် ၂၇ ရက်မှ ဇူလိုင် ၂၆ ရက်တွင် ပြောင်းရွှေ့ရန်အတွက် ပြင်ဆင်ချိန် တစ်လသတ်မှတ်ကြောင်းနှင့် ဇူလိုင်၂၆ ရက်တွင် မပျက်မကွက် ဖယ်ရှားထွက်ခွာပေးရန် ဆိုင်ခန်းငှားရမ်းသူများထံသို့ အသိပေးအကြောင်းကြားခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**(သတင်းနှင့်ဓာတ်ပုံ - သီသီမင်း)**

---

**✻ ကျော်ဖုံးမှ**

ဖူးပြည့်ထွန်း၊ သုသုမြတ်နိုး၊ အင်ကြင်းထူး၊ ဆုရွှေရည်ထူး၊ ဂျာနွယ်ပန်၊ နိုးထက်ထက်နိုင်၊ အိပိုးပိုးထွန်း၊ သွန်းနန္ဒာသိမ့်တို့ဖြစ်သည်။

ရွေးချယ်ခံရသည့် ပြိုင်ပွဲဝင်များသည် အလှမယ်တစ်ယောက်တွင် ရှိသင့်သည့်အရည်အချင်းများဆိုင်ရာ သင်တန်းများ၊ ခရီးသွားလုပ်ငန်းနှင့်ပတ်သက်သည့် အချက်အလက်များ၊ မြန်မာနိုင်ငံ၏အထင်ကရ ခရီးသွားဒေသဖြစ်သည့် အင်လေးကန်နှင့် အနီးတစ်ဝိုက်ရှိ လူထုအခြေပြုခရီးသွားလုပ်ငန်းများ၊ ပံ့ပိုးကူညီပေးသောကုမ္ပဏီများသို့ သွားရောက်လေ့လာခြင်း အစရှိသည့် လှုပ်ရှားမှုများကို ပြုလုပ်သွားရမည်ဖြစ်သည်။

ယင်းနောက် နောက်ဆုံးပြိုင်ပွဲကြီးကို စက်တင်ဘာ ၄ ရက်တွင် ကျင်းပသွားမည်ဖြစ်ရာ ပြိုင်ပွဲတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်သည့် ဗဟုသုတကြွယ်ဝသော Miss Green၊ ပရိသတ်အကြိုက် အများဆုံးမဲပေးခံရသော Miss Popular၊ Talent Show တွင် အကောင်းဆုံးတင်ဆက်ပြသနိုင်သည့် Miss Talent များကိုလည်း ရွေးချယ်ဆုချီးမြှင့်သွားမည်ဟု သိရသည်။ ယင်းပြိုင်ပွဲမှ Miss Myanmar International 2016 သရဖူရရှိသူသည် အောက်တိုဘာ၂၇ ရက်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပမည့် Miss International Beauty Pageant ပြိုင်ပွဲကြီးသို့ မြန်မာနိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းသည် နိုင်ငံတော်၏စီးပွားရေးလုပ်ငန်းများတွင် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ယခုကဲ့သို့ အလှမယ်များကို ကမ္ဘာ့အဆင့်မီပြိုင်ပွဲများသို့ နိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်စေခြင်းဖြင့် မြန်မာနိုင်ငံအတွင်းမှ စိတ်ဝင်စားဖွယ်ရာဒေသများကို နိုင်ငံတကာမှ သိရှိနိုင်မည့်အပြင် မြန်မာ့ခရီးသွားလုပ်ငန်းမြှင့်တင်ရေးကဏ္ဍများတွင် အမျိုးသမီးများက တစ်တပ်တစ်အားပါဝင်လာခြင်းကို မြှင့်တင်နိုင်ရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

Miss Myanmar International 2016 ပြိုင်ပွဲဝင်များ၏ လှုပ်ရှားမှုပုံရိပ်များကို ကြည့်ရှုအားပေးလိုသည့် ပရိသတ်များအနေဖြင့် www.facebook.com/missmyanmarinternational တွင် follow လုပ်ထားခြင်းဖြင့် ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်း-ခင်ဇာလီ၊ ဓာတ်ပုံ-မီချီကိုဟန်**

---

**○ ဗိုလ်လုပွဲတက်ရောက်ရေးမှ**

ဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲအဖြစ် ဩဂုတ် ၁၀ ရက် ညနေ ၄ နာရီတွင် မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ရတနာပုံအသင်းနှင့် ရန်ကုန်အသင်း၊ ဩဂုတ် ၁၁ ရက် ညနေ ၄ နာရီတွင် အောင်ဆန်းကွင်း၌ ဖွဲ့ကပင်အသင်းနှင့် မကွေးအသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ MNL ထိပ်သီးနှစ်သင်းတွေ့ဆုံနေသည့် ရတနာပုံ- ရန်ကုန်ပွဲမှာ ပထမအကျော့က သရေကျထားသောကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာဖွယ်ရှိနေသည်။ သို့သော် ရတနာပုံအသင်းသည် အိမ်ကွင်းကစားရမည့်အပြင် အဝေးကွင်း၌ သရေရလဒ်နှင့် အဝေးဂိုးတစ်ဂိုးရထားသောကြောင့် ရန်ကုန်ထက် အခွင့်အရေးအနည်းငယ်ပိုသာနေသည်မှာ အမှန်ဖြစ်သည်။ ရတနာပုံအသင်းနှင့် ရန်ကုန်အသင်းသည် ယခုရာသီတွင် လေးကြိမ်မြောက်တွေ့ဆုံခြင်းဖြစ်ပြီး အမှတ်ပေးပြိုင်ပွဲတွင် ရတနာပုံအသင်းက နှစ်ကျော့စလုံးအနိုင်ရထားပြီး ရှုံးထွက်ပြိုင်ပွဲတွင် သရေကျထားသည်။ နှစ်သင်းစလုံးတွင် အမာခံကစားသမားအများစုပါဝင်မည်ဖြစ်ပြီး ရတနာပုံနောက်ခံလူ မွန်ကာလူးမှာ ပွဲပယ်ပြစ်ဒဏ်ကြောင့် ပါဝင်နိုင်မည်မဟုတ်ပေ။ ရှုံးထွက်ဗိုလ်လုပွဲကို ရတနာပုံအသင်း နှစ်ကြိမ်ဆက် တက်ရောက်နိုင်မလား၊ ၂၀၁၁ ခုနှစ်နောက်ပိုင်း ရန်ကုန်အသင်းဗိုလ်လုပွဲပြန်တက်နိုင်မလား ယနေ့အဖြေပေါ်မည်ဖြစ်သည်။

ဖွဲ့ကပင်နှင့် မကွေးပွဲမှာ ပထမအကျော့က နှစ်ဂိုးပြတ်အနိုင်ရထားသည့် မကွေးအသင်းသည် ဗိုလ်လုပွဲသို့ ပထမဆုံးအကြိမ် တက်ရောက်ခွင့်ရရန် အခြေအနေကောင်းနေပြီဖြစ်သည်။ ဖွဲ့ကပင်အနေဖြင့် ဂိုးပြတ်အနိုင်ရရှိမှသာ မျှော်လင့်ချက်ရှိမည်ဖြစ်သည်။ နှစ်သင်းစလုံးတွင် ပွဲပယ်နှင့် ဒဏ်ရာရကစားသမားမရှိဘဲ လူစုံပါဝင်နိုင်မည်ဖြစ်သည်။ မကွေးအသင်းသည် ယခုရာသီတွင် ဖွဲ့ကပင်နှင့်တွေ့ဆုံသည့်သုံးကြိမ်စလုံး အနိုင်ရထားသည့်အပြင် ပထမအကျော့က အနိုင်ရလဒ်ကြောင့် ဗိုလ်လုပွဲတက်ရန် အားသာနေခြင်းဖြစ်သည်။

**သတင်းနှင့်ဓာတ်ပုံ-ရှိုင်းထက်ဇော်**

---

# ကျောင်းကုန်းမြို့နယ်တွင် ဩဂုတ် ၁၀ ရက်မှစကာ ကျောင်းများအားလုံး ယာယီပိတ်ထားမည်

**ကျောင်းကုန်း ဩဂုတ် ၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်တွင် အထက်တန်းကျောင်း သုံးကျောင်း၊ အထက်တန်းကျောင်းခွဲနှစ်ကျောင်း၊ အလယ်တန်းကျောင်းခွဲ နှစ်ကျောင်းနှင့် မူလတန်းကျောင်း ၃၈ ကျောင်း စုစုပေါင်း ၄၅ ကျောင်း ယာယီပိတ်ထားရပြီ ဖြစ်သည်။

ဆက်လက်ပိတ်မည့် ကျောင်းများမှာလည်း မြို့နယ်ပညာရေးမှူးရုံးသို့ ဖုန်းဖြင့် အဆက်မပြတ်ဆက်သွယ်နေကြောင်း သိရသည်။ ပုသိမ်မြို့ တိုင်းဒေသကြီး ပညာရေးမှူးရုံးသို့ ဩဂုတ် ၁၀ ရက်တွင် ကျောင်းကုန်းတစ်မြို့နယ်လုံး ယာယီပိတ်ခွင့် တောင်းခံထားကြောင်းနှင့် ခွင့်ပြုချက်ရလျှင် မနက်ဖြန်မှစ၍ ကျောင်းများအားလုံး ယာယီပိတ်ထားမည် ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။



ကျောင်းကုန်းမြို့နယ်တွင် ယနေ့နံနက်ပိုင်းတွင် စိုးရိမ်ရေအမှတ်ကျော်လွန်သွားပြီဖြစ်ရာ ရေနစ်မြုပ်လယ်ဧက ၈၅၉၆ ဧက ရှိပြီဖြစ်ကြောင်း မြို့နယ်မြေစာရင်းမှ သိရသည်။ ကျောင်းကုန်းမြို့နယ် ရေအမှတ်မှာ ၁၈ ဒသမ ၁ သို့ ရောက်ရှိနေပြီး ရပ်ကွက်နှင့် ကျေးရွာ ၃၆ မှ အိမ်ခြေ ၂၀၇၃ အိမ် နစ်မြုပ်ပြီး လူဦးရေ ၈၀၃၃ ဦး ရေဘေးဒဏ်ခံစားနေကြရကြောင်း မြို့နယ်ထွေ/အုပ်ရုံးမှ သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

---

# အလှူငွေနှင့် ဆန်၊ ဆီများ ပေးအပ်လှူဒါန်း

**ပဲခူး ဩဂုတ် ၉**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ဩဂုတ် ၉ ရက် နံနက် ၉ နာရီက တိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလိုအပ်ချက်များ ဆောင်ရွက်နိုင်ရန် ဧရာဝတီဘဏ်က အလှူငွေနှင့် ဆန်ဆီများ ပေးအပ်လှူဒါန်းပွဲကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက ဂုဏ်ပြုအမှာစကားပြောကြားပြီး ဧရာဝတီဘဏ်မှ ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ ဦးကိုကိုဦးက အလှူငွေလှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဧရာဝတီဘဏ်တာဝန်ရှိသူများက တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများထံ အလှူငွေကျပ် သိန်း ၅၀၀၊ ဆန်အိတ် ၁၀၀၀ နှင့် ဆီပိဿာ ၂၀၀၀ တို့ကို ပေးအပ်လှူဒါန်းရာ အစိုးရအဖွဲ့က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။ **ရွှေဘုန်းအောင်(ပဲခူး)**

# ကြေးမုံ ဖတ်ကြည့်

**မြန်မာစာပေပြန့်ပွားရေး၊ တိုးတက်ထွန်းကားရေးနှင့် စာဖတ်ပရိသတ်များ စာအုပ်စာပေအပေါ်တွင် ပိုမိုစိတ်ဝင်စားမှု ရှိစေရေးအတွက် "ကြေးမုံဖတ်ကြည့်"ကဏ္ဍသစ်ကို ဖွင့်လှစ်လိုက်ပါသည်။ ကြေးမုံဖတ်ကြည့်ကဏ္ဍသည် စာအုပ်ထုတ်ဝေမှုသတင်းများကိုလည်း ပုံမှန်ဖော်ပြပေးခြင်းဖြင့် စာသမားများ၏ချင်ခြင်းကို တစ်ဖက်တစ်လမ်း ကူညီပေးလိုပါသည်။ ပုံနှိပ်ထုတ်ဝေမှုသတင်း၊ ကြေးမုံဖတ်ကြည့်ကဏ္ဍဟု ထင်ရှားစွာလိပ်မူ၍ အမှတ်(၇၇)၊ (၅၂)လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ကြေးမုံသတင်းစာတိုက်သို့ ပေးပို့နိုင်ကြပါသည်။**

## ကျော်စောမင်း

**၁။ ။ကဗျာအရသာ**

ကဗျာအလှပေါ်မှ ကဗျာအရသာပေါ်သည်။ ကဗျာအရသာကို အပြည့်ခံစားလိုသူများသည် မျက်စိတစ်ခုတည်း အားကိုးမနေဘဲ အသံထွက် ရွတ်ဆိုကြည့်ကြ၏။ အော်ဟစ်ဖတ်နေတာမျိုး၊ သီချင်းသံပေါက်အောင် (နည်းပညာစကားဖြင့်ပြောလျှင် ပလုတ = ပလုတ်သံပေါက်အောင်) ဖတ်ရန်ကားမဟုတ်။ ဗျဉ္စနဗုဒ္ဓိ ၁၀ ပါးကို အလျဉ်းသင့်သလို သုံးပြီး ခပ်တိုးတိုးရွတ်ဆိုရန်ဖြစ်သည်။ ဗျဉ္စနဗုဒ္ဓိဟု ဆိုလိုက်သဖြင့် ဂန္ထဝင်စော်နံသည်ဟု ထင်သွားတတ်ကြသည်။ အခြေခံမခိုင်လျှင် ဝိုက်လွယ်ညွတ်လွယ်သည်။ (Binary option ကို အတိုပြုထားသော) Boဟု ဆိုလိုက်လျှင် ကျေနပ်သွားတတ်ကြသူများသည် အလင်္ကာပရိယာယ်မှ ယမကဟူသော စကားလုံးကို တွေ့လျှင် နှာခေါင်းရှုံ့ချင်ကြသည်။ အမှန်တော့ အတူတူပင်ဖြစ်သည်။ သူတို့ Boက ယခုမှ ပေါ်ပြီး ကျွန်တော်တို့၏ ယမက က နှစ်ပေါင်း ထောင်နှင့်ချီခဲ့ပါပြီ။

ဗျဉ္စနဗုဒ္ဓိ ၁၀ ပါး ဆိုသည်မှာ စာတစ်ကြောင်း၏ ဂုဏ်သတ္တိကို အပြည့်အဝပေါ်ရန် အဖြတ်၊ အရပ်၊ အလေး၊ အပေ့၊ အလျော့အတင်းဖြင့် မှန်ကန်စွာ ဖတ်ခြင်းမျှသာ ဖြစ်သည်။ စာဆိုသည်မှာ အရသာပေါ်အောင် ဖတ်နည်းသိထားသူက စနစ်တကျ ဖတ်ပြလျှင် အရသာပွင့်ထွက်လာသလောက်၊ ဘာမသိညာမသိ စွတ်ဖတ်လျှင် နေလောင်ပန်းလို ညှိုးကျသွားတတ်သည်။ သတင်းမှာပင် ကြည့်ပါ။ ဝန်ကြီး ဒုတိယ/ဗိုလ်ချုပ်ကြီး ဗန္ဓုလသည်/ယနေ့/ နံနက်တွင် လက်ပံ/ခြေပေါ်သို့ ရောက်ရှိပြီး . . . တွင် အဖြတ်အတောက် မှား၍ ရယ်စရာဖြစ်နေရပုံကို တွေ့မည်။ ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဗန္ဓုလသည်/ ယနေ့ နံနက်တွင်/လက်ပံခြေပေါ်/ သို့/ ရောက်ရှိပြီး . . . ဟု ရွတ်ဆိုကြည့်လျှင် ခြားနားချက်ကို တွေ့မည်။

ကဗျာတစ်ပုဒ်ကို ဥပမာအဖြစ် ပြလိုပါသည်။ အကြောင်းတစ်ခုကြောင့် ရေးသူအမည်ကို ချန်လှပ်ခဲ့ပါသည်။

**အိပ်မက်များ**

ချမ်းသာ ------
--------ဆင်းရဲ၊
လေ------
-------လေးလံ၊
မှန်-------
------မှား၊
ထွက်ပြေးသွားတဲ့အိမ်
ငြိမ်သက်ဆဲလိပ်ပြာ
ဝါညိုမှိုင်းညစ်
**ကျောက်ခဲကျောက်တုံး စူးနင့်။** ။

ချမ်းသာနှင့် ဆင်းရဲကြား၊ လေနှင့် လေးလံကြား၊ မှန်နှင့် မှားကြားတို့တွင် အနားမရှိဘဲ ချမ်းသာဆင်းရဲ လေလေးလံ စသည်ဖြင့် တစ်ဆက်တည်း ဖတ်မိလျှင် မှားယွင်းနိုင်၍ တစ်ကြောင်းစီ ပေးထားသည်။ ဂီတအခေါ်ဖြင့် ပြောရလျှင် ချမ်းသာ/-/-/ ဆင်းရဲ/-/-/ လေ/-/-/လေးလံ/-/-/ မှန်-/-/-/ မှား၊ ဟူ၍ Bar ခြားရမည်ဖြစ်သည်။

ချမ်းသာဆင်းရဲဟု ဆက်တိုက်ဖတ်လျှင် သုခံ ဒုက္ခံ လောကဓံကိုပြောသော သာမန်စာကြောင်းပင်ဖြစ်မည်။ Bar ခြား၍ ဖတ်သွားသောအခါ ချမ်းသာဆိုတဲ့ စာလုံးလေးတောင် မပိုင်နိုင်အောင် ဆင်းရဲ/ပေ့ါပါတယ်ဆိုတဲ့ လေကတောင် လေးလံ/အမှန်ရုပ်သွင်ကို ထင်ဟပ်ပြရမယ့် မှန်တွေကမှား. . . ဆိုသော BO ခေါ် ယမကနှင့် အတိသယဝုတ္တိ metaphor ကို မြင်လာမည်။ ဤလို ဖတ်လိုက်သောအခါ ရုပ်တည်ခွင့် (အိမ်)က ထွက်ပြေး (personification) ကို တွေ့မည်။ လှုပ်ရှားပျံသန်းနေရမည့် လိပ်ပြာက ဝါရာမှ ညို၊ ညိုရာမှ မှိုင်း၊ မှိုင်းရာမှ ညစ်လာသည် (မျှော်လင့်ချက်တို့ လေးတွဲ့ ဆုတ်ဆိုင်းလာသည်)ဟု တွေ့မည်။ အိမ်နှင့် လိပ်ပြာတွင် အသံလွင်တက်သံများဖြင့် ပျံ့ဝဲ လွင့်ပါးလွတ်လပ်ပျော်ရွှင်မှုကို ညွှန်းရာက ဝါ/ညို/မှိုင်း/ညစ် စာလုံးများဖြင့် ထုံထိုင်းအားလျော့လာပုံကို ကိုယ်စားပြုသည်။ **မှိုင်း** သည် ကျသံခေါ် **အသံလေး** ဖြစ်၍ အောက်သို့ ရောက်လာဟန်နှင့် **ညစ်** ဟူသော အသံလတ် (တိုင်သံ)ဖြင့် ရှင်သန်မှု ကုန်ခန်းလာခြင်း inert သဘောကို ပြသည်။ ကျောက်ခဲတွင် **ခဲ** သည် မာကျောမှုကို ပြပြီး ကျောက်တုံးမှ **တုံး** သည် ငြိမ်သက်ခြင်း၊ ကြီးမားလေးလံခြင်း၊ နစ်ဝင်ခြင်းကို ပြသည်။ **စူး** သည် မြုပ်ရာတွင် ခရီးရောက်နေခြင်းကို ပြသည်။ **နင့်** သည် သိသိသာသာ နေရာယူ၍ အဟန့်အတားပြုနေခြင်းကို ပြသည်။

ဤသည်မှာ ခေတ်ပေါ် ကဗျာ၏ တည်ဆောက်မှု အနေအထား၊ အသံသုံးစွဲမှုပညာနှင့် စကားလုံး အတွဲအစပ် juxtapose ကို မြင်အောင် ကြည့်ခြင်းအတွက် ဥပမာဖြစ်ပါသည်။ ပို၍ ထင်ရှားလိုလျှင် တက်သံ၊ သက်သံ၊ ကျသံ၊ တိုင်သံ ဆိုသော အသံ လေးမျိုးနှင့် သင့်သလို အစားထိုး၍ ရွတ်ဆိုကြည့်ပြီး နှိုင်းယှဉ်ကြည့်ရန် ဖြစ်ပါ၏။

ယခု ဥပမာပြလိုက်သော **အိပ်မက်များ** ကဗျာသည် လူငယ်တစ်ယောက်၏ ပုဂ္ဂလိက ခံစားမှုမှ ဒိဋ္ဌဓမ္မလောက၏ ယေဘုယျသဘောအထိကို ကိုယ်စားပြုနိုင်သော အစွမ်းရှိသည်ဟု မြင်ပါ၏။ အသံရွေးချယ်မှုက ကဗျာဓာတ် poetic element ကို ပေးနေသည်ဟုလည်း ထင်ပါ၏။

**၂။ ။ စာရေးဆရာ၏ ခံယူချက်**

ဝတ္ထုတစ်ပုဒ်ကို ဖတ်ရသောအခါ စာရေးသူကို အမြင်နှစ်မျိုးဖြင့် ကြည့်ရပါသည်။ (က) စာရေးဆရာက ဘယ်နေရာမှာ နေသနည်း (ဝါ) စာရေးဆရာ၏ နေရာနှင့် (ခ) စာရေးဆရာ၏ ဘက်လိုက်မှု (ဝါ) အမြင်တို့ဖြစ်သည်။ စာရေးဆရာ၏ နေရာကို angle/point of view ဟု ခေါ်ပြီး စာရေးဆရာ၏ ဘက်လိုက်မှုကိုတော့ identification ဟု ခေါ်ပါသည်။

များသောအားဖြင့် စာရေးဆရာသည် အဓိကဇာတ်ကောင်နှင့် ပူးကပ်နေလေ့ရှိသည်။ မြင်ကွင်းကျယ်ခေါ် ဇာတ်ခုံမြင်ကွင်း panoramic/omnipresence ဖြင့် ရေးသည့်တိုင် စာရေးဆရာသည် ဇာတ်ဆောင်တစ်ဦး (များသောအားဖြင့် အဓိက ဇာတ်ဆောင်)နှင့် ပို၍ ပူးကပ်တတ်သည်။ **ဒဂုန်ခင်ခင်လေး**၏ **စာဆိုတော်**ဝတ္ထုကြီးတွင် ဇာတ်ခုံမြင်ကွင်းအစစ်ကို မြင်နိုင်သည်။ **သိန်းဖေမြင့်**၏ **အရှေ့က နေဝန်းထွက်သည့်ပမာ**တွင် ရေးဟန်က ဇာတ်ခုံမြင်ကွင်းဖြစ်နေသည့်တိုင် စာရေးဆရာက အဓိကဇာတ်ဆောင် **တင်ထွန်း**နှင့် ပူးကပ်နေသည်ကို တွေ့ရမည်။ ပထမနာမ်စားသုံးသော ဝတ္ထုများ (ဝါ) ကိုယ်တိုင်ပြန်ပြောဝတ္ထုများတွင်ကား အထူး ဆိုဖွယ်မရှိ။ အဓိကဇာတ်ဆောင်နေရာမှ ပြောပြနေခြင်းဖြစ်သည်။ ဤလိုဝတ္ထုမျိုးတွင် တင်ပြမှုက ကန့်သတ်ချက်ရှိသည်။ အရေး**တော်ပုံရှုခင်း** ဆိုပါစို့။ ဇာတ်ဆောင်က ရန်ကုန်မှာ ရှိနေလျှင် သူ မြင်သမျှ ကြားသမျှ ကြုံရသမျှကို တိုက်ရိုက်ရေးပြနိုင်သော်လည်း ထိုတစ်ချိန်တည်းမှာ ဖြစ်ပျက်နေသည့် အခြားမြို့မှ အဖြစ်အပျက်များကို တိုက်ရိုက်ရေးခွင့်မရှိတော့ပေ။ တစ်ဦးဦးက သူ့ကို လာပြောပုံ၊ လှမ်းပြောပုံ၊ သတင်းစာထဲတွင် ဖတ်ရပုံမျိုးဖြင့်သာ ရေးခွင့်ရှိတော့သည်။ ပို၍ လွယ်ကူသော ဥပမာအဖြစ် **ရှားလော့ဟုမ်း၏ စွန့်စားခန်းများ** အကြောင်းတွင် တွေ့မည်။ ထိုဝတ္ထုများတွင် အဓိကဇာတ်ဆောင်က ရှားလော့ဟုမ်း ဖြစ်သော်လည်း တင်ပြသူက **ဒေါက်တာဝတ်ဆင်** ဖြစ်သည်။ **ဝတ်ဆင်** ကိုယ်တိုင် လိုက်ပါမြင်တွေ့ရသည်များကို ပြောလျှင်ပြော၊ သို့တည်းမဟုတ် ရှားလော့ဟုမ်းက ပြန်ပြောပြခြင်းဖြင့်သာ ဇာတ်လမ်းကို သယ်ရသည်။ ဝတ်ဆင်ပါလည်း မပါ၊ ရှားလော့ဟုမ်းကလည်း ပြန်ပြောမပြသော ဇာတ်ကွက်ကို ရေးလျှင် ပျက်ပြီ။ ကလောင်သစ်များ၏ အစပိုင်း ဝတ္ထုမျိုးတွင် ဤအမှားမျိုး တွေ့ရပါသည်။

ဒုတိယအချက်မှာ ဘက်လိုက်မှုဖြစ်သည်။ ယှန်လိုက်ပွဲတွင် ယှန်ဘက်ကနေလျှင် ဘာအပြစ်မှ မရှိပါဘဲ အသက်လု ပြေးနေရသော ဘဝဟု သရုပ်ဖော်မည်။ ခွေးဘက်က ကြည့်လျှင် ပျော်စရာကောင်းသော ကစားပွဲတစ်ခုအဖြစ် မြင်မည်။ အနုပညာရှင်၌ လွတ်လပ်ခွင့်ရှိသည်။ သို့သော် အနုပညာရှင် အစစ်သည် လောက၏ **ပရမတ္ထ**သဘောကို ထွင်းဖောက်ပြနိုင်သည်အထိ ကြိုးစားကြသည် ဖြစ်ရာ ယုန်က မှန်သလား၊ ခွေးက မှန်သလား ဆိုသည့် ကိစ္စတွင် ခံယူချက် ရှင်းနေဖို့ လိုပါသည်။ ဤခံယူချက်သည် မိမိအမြဲ ကိုင်စွဲသော ဝါဒလည်း ဖြစ်ရန် လိုသည်။ သို့မှသာ အစစ်အမှန်ကို (တရားစစ်ကို) မွေးဖွားပေးနိုင်ပါမည်။ ဆိုရှယ်လစ်ခေတ်တွင် ဘာရေးရေး ဆိုရှယ်လစ်ပန်းတိုင်ဆိုက်အောင် ရေးခဲ့ကြသည်ကို စိတ်ပျက်စရာ ကောင်းလောက်အောင်ပင် တွေ့ခဲ့ရသည်။ ဆုရဖို့အတွက် ဤလိုရေးမှ ဖြစ်မည်ဟူသော နားလည်မှုဖြင့် ပြိုင်ပွဲဝင်ခဲ့ကြသော စာမူအချို့၌ ဤလို အတုအယောင် identification မျိုး တွေ့ခဲ့ကြရသည်။

အချို့ ဝတ္ထုများက အနုပညာအားကောင်းသဖြင့် စာရေးသူက ပြသည်ကို ခေါင်းညိတ်မိလျက်သား ရှိတတ်သည်။ ကျွန်တော် လွန်ခဲ့သော နှစ် ၂၀ လောက်က ရေးခဲ့သည့် ဝေဖန်စာတစ်ပုဒ်အကြောင်း ပြန်လည်တင်ပြလိုပါသည်။ ရေးသူအမည်ကော ဝတ္ထုတို အမည်ကိုပါ ချန်လှပ်ခဲ့ပါမည်။ စာရေးဆရာက ရန်ကုန်မြို့တွင်း လှည့်လည်သွားလာရင်းက သဘာဝကိစ္စ ဖြေရှင်းရန်အတွက် မြေအောက် အိမ်သာသို့ ဆင်းလာသည်။ အိမ်သာတွင် ရေပိုက်ပျက်၍ ရေလျှံနေ၏။ ပြင်ဆင်ထိန်းသိမ်းရေး လုပ်သားတို့က ရေပိုက်ပြင်နေကြ၏။ သူတို့မှာ အဝတ်အစားမပါ။ စာရေးဆရာက 'မရှက်တတ်တဲ့သူတွေ စုမိရင် မရှက်ကြတော့ဘူး' ဟု တရားကိုယ်ပေးသည်။

စာရေးဆရာက အမြင့်မှ ဆီးကြည့်ပုံ ပေါ်လွင်သဖြင့် စာရေးဆရာသည် လုပ်သားများနှင့် identify မလုပ်ဘဲ အမြင့်မှ ရှုကြည့်ဝေဖန်သူအဖြစ် identify လုပ်သည်။

တကယ်တော့ ထိုအလုပ်သမားများသည် ဆင်းရဲသော လစာနိမ့် ဝန်ထမ်းများသာဖြစ်သည်။ ညစ်ပတ်ပေရေသော အလုပ်ခွင်အတွက် လိုအပ်သည့် ရေလုံ ဘွတ်ဖိနပ်ရှည်၊ ရေလုံအဝတ်အစား စသည့် ကျန်းမာရေးနှင့် ညီညွတ်သော အဆောင်အယောင်များလည်း မရ။ ရုံးတက်ရုံးဆင်း ဝတ်စုံဖြင့်သာ အညစ်အကြေးများအကြား တာဝန်ထမ်းနေရသည်ဖြစ်ရာ အမျိုးသမီးတွေ ဝင်လာရန် မရှိသော ကျားအိမ်သာအတွင်း၌ ကိုယ်တုံးလုံးချွတ်၍ ရေပိုက်ပြင်နေဖို့သာ သူတို့ဘဝပေး အခြေအနေအရ သူတို့ ရွေးချယ်ရတော့မည်။ သူတို့၏ ပုံစံကို အရှက်မရှိဟု မေးငေ့ါမည်လား၊ သူတို့ဘဝ၏ ပြဋ္ဌာန်းချက်ကို စာနာမည်လား။ ဤသည်မှာ စာရေးဆရာ၏ ရွေးချယ်မှုဖြစ်သည်။ ဘယ်ဘက်ကို လိုက်မည်လဲ identify yourself with whom? ဆိုသည်က အရေးကြီးလာလေသည်။

လူကုန်ကူးခံရသူများ၊ ရွှေ့ပြောင်းလုပ်သားများ၊ ကိုယ်နှင့် အရင်းအနှီးပြု၍ ငွေရှာသူများအကြောင်း ရေးလျှင် အနုပညာရှင်သည် များစွာစဉ်းစားရပါသည်။ အနုပညာမှာ ဘာတာဝန်မှ မရှိဆိုသော အယူအဆမှာ ဟုတ်သလိုလို ထင်ရပါ၏။ သို့သော် လောက လူ့ရွာကို ကိုယ်စားပြုသောအခါ အကိုင်းကွေးကွေးတွေနှင့်ချည်း ကျေနပ်မနေဘဲ အမြစ်ရင်းအထိ တူးကြည့်ဖို့ လိုပါလိမ့်မည်။

**၃။ ။ လက်ရွေးစင် ဝတ္ထုတိုများ**

လွန်ခဲ့သော နှစ် ၃၀ လောက်က လက်ရွေးစင်ဝတ္ထုတိုပေါင်းချုပ်တစ်အုပ် ထွက်ဖူးသည်။ ထိုမတိုင်ခင်ကလည်း **'မြဝတီလက်ရွေးစင် ဝတ္ထုတိုပေါင်းချုပ်'** ဆိုသော တစ်အုပ်ထွက်ခဲ့ဖူးသည်။ မြဝတီစာပေတိုက်မှ မြဝတီမဂ္ဂဇင်းတွင် ပါခဲ့ဖူးသော ဝတ္ထုတိုများအနက် လက်ရွေးစင် ထုတ်နုတ်ပြီး ပုံနှိပ်သည်ဖြစ်ရာ ဘာမှ ဝေဖန်စရာ မရှိပါ။ ယခု ပြောသည့် စာအုပ်က **'အကောင်းဆုံး မြန်မာဝတ္ထုတိုများ'** ဟု အမည်ယူထား၍သာ ပြောစရာ ဖြစ်လာခြင်းပင်။ ထိုစာအုပ်ထဲတွင် မပါရသော စာရေးဆရာများခမျာ ဝတ္ထုကောင်း တစ်ပုဒ်တလေတောင် မရေးတတ်ရာကျသွားလေသည်။ အမှန်တော့ မြဝတီကိုပင် (ထုတ်ဝေသည့်တိုက်က ဣဿရမူလီ စာပေတိုက် ဆိုပါစို့) 'ဣဿရမူလီ လက်ရွေးစင် ဝတ္ထုတိုများ' ဟု အမည်တပ်လိုက်လျှင် ပြောချင်စရာ မဖြစ်နိုင်တော့။

ဤလို စာရေးဆရာစု ဝတ္ထုတိုများ အင်နှင့်အားနှင့် ထွက်လာနေကြသည်။ ဝတ္ထုတိုကောင်းများ စုဆောင်းသူတို့အဖို့ ရတနာသိုက် တံခါးပွင့်ခြင်းဖြစ်သည်။ သို့သော် အများစုတွင် တာဝန်ခံ ရွေးချယ်သူ၏ အမည် (များ)မပါတတ်။ ဘယ်သူက တာဝန်ယူ ရွေးချယ်သလဲ ဆိုသည်မှာ အရေးကြီးပါသည်။ စာတစ်အုပ်၏ စျေးနှုန်းက အနိမ့်ဆုံးလုပ်ခ၏ နှစ်ဆလောက် ဖြစ်လာသော အခြေအနေမျိုးတွင် စာသမားသည် အပြန်ပြန် တွက်ဆရပါသည်။ ရွေးချယ်စီစဉ်သူကို စိတ်ချရမှသာ ဝယ်ချင်ပေမည်။

ဝေဖန်ရေးဆရာ မောင်ကကြီးသည် ရှေးရိုးဟန် ဝတ္ထုများကိုသာ ကြိုက်တတ်သည် ဆိုပါစို့။ မော်ဒန်လူငယ်များသည် မောင်ကကြီး ရွေးချယ်စီစဉ်သော ဝတ္ထုတိုပေါင်းချုပ်ကို ကောက်၍ပင် လှန်ကြည့်မည် မဟုတ်။ မော်ဒန်စာပေနှင့်ပါ ရင်းနှီးသော ဝေဖန်ရေးဆရာ မောင်ခကွေး စီစဉ်သည့် ဝတ္ထုတိုပေါင်းချုပ်ကိုပဲ စိတ်ဝင်စားကြလိမ့်မည်။ ဝယ်ယူ ဖတ်ရှုပြီးနောက် လိုအပ်လာလျှင် မောင်ခကွေးနှင့် ဆက်သွယ်ဆွေးနွေး မေးမြန်းကြမည်။

တာဝန်ယူ ရွေးချယ်ပေးသူသည် တစ်ပုဒ်ချင်း၏ အလှကို ခြေခြေမြစ်မြစ် ပြောပြ ရှင်းပြနိုင်စွမ်းရှိဖို့ လိုသည်။ ကဗျာပေါင်းချုပ်များတွင်လည်း စာအုပ်တွင် ပါသော ဂန္ထဝင် သို့မဟုတ် ခေတ်ပေါ်ကဗျာတိုင်း၏ အလှကို ဆွေးနွေးပြနိုင်ဖို့ လိုသည်။ ဤလိုလုပ်နိုင်မှ လူငယ်ခြေတက်များကို ဘဏ္ဍာတိုက်အတွင်း တွဲခေါ်ညွှန်ပြပေးရာကျသည်။ ကောင်းသကွာ၊ ကြိုက်သကွာ၊ လှသကွာ လောက်နှင့် မရ။ ကဗျာရေးသူ ဝတ္ထုရေးသူတစ်ဦးသည် ကိုယ့်စာကို ကြိုက်သည်၊ အကောင်းပြောသည်၊ ချီးကျူးသည်ဆိုလျှင် ကျေနပ်တတ်သော်လည်း အာသာပြေမည် မဟုတ်။ ဘာတွေ ဘယ်လို လှနေသည်ကို ကြားချင်ကြသည်သာ။

ထို့ကြောင့် ရွေးချယ် စီစဉ်ပေးသူ ခံစားဝေဖန်ပေးသူများတွင် တာဝန်ကြီးပါသည်။ ပန်းခင်းကို မြင်းစီးရင်းကြည့်သူထက် ပန်းတစ်ပွင့်ချင်း၏ အလှကို ဆစ်ဆစ်ပိုင်းပိုင်း ပြောပြသူများက အနုပညာလမ်းကို ခင်းပေးနိုင်ကြပါသည်။

**၄။ ။ အမှားပြင်**

စာအုပ်ဈေးပွဲတော် နှစ်ခုနှင့် ကြုံ၍ စာအုပ်သစ်များ နှစ်ထမ်းစာလောက် ဝယ်လာမိသည့်အတွက် အပြေးအလွှား မြည်းစရာများလှ၍ ယခုအပတ်အတွက် **ဖတ်မိသမျှ**ကို မတင်နိုင်ပါ။ ယခင်ဆောင်းပါးမှ အမှားတစ်ချက်ကိုပဲ ပြန်ပြင်ပါမည်။ **မောင်ထင်**၏ အရေးအသားအကြောင်း ပြောရာတွင် 'စာရေးဆရာ၏ မူပိုင်ဟန်ဖြစ်သော ထိုချီးမွမ်းခြေကျောက်များကြောင့် စာဖတ်သူတွင် နာရခက်၊ လွမ်းရခက်၊ ပြုံးရခက် ဖြစ်နေရ၍ **ရသအဆုံး မရောက်မချင်း**ကို သတိထားမိနိုင်ကြပါသည်' ဟု ပုံနှိပ်ထားပါသည်။ **ရသအဆုံး မရောက်ခြင်း**ဟု ပြင်ဖတ်ကြပါရန်။ ။

## ပင်လယ်ပြင်ခရီးအတွက် မိုးလေဝသခန့်မှန်းချက်

နေပြည်တော် ဩဂုတ် ၉

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

**ရန်ကုန်မှ တနင်္သာရီကမ်းရိုးတန်းတစ်လျှောက် ပင်လယ်ပြင်ခရီးအတွက် မိုးလေဝသခန့်မှန်းချက်**
**ယနေ့ မွန်းတည့်မှ နောက် ၂၄ နာရီအတွင်းခန့်မှန်းချက်**

**မိုးလေဝသအခြေအနေ။** နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်။
**အမြင်တာ။** လေးမိုင်၊ မိုးရွာစဉ် တစ်မိုင်ခန့်။
**ရေပြင်လေ။** အနောက်(သို့မဟုတ်)အနောက်တောင်၊ တစ်နာရီပင်လယ်မိုင် ၁၀-၁၅ မိုင်၊ တစ်ခါတစ်ရံ ၃၅ မိုင်။
**လှိုင်းအခြေအနေ။** လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။

**ရန်ကုန်မှ ရခိုင်ကမ်းရိုးတန်းတစ်လျှောက် ပင်လယ်ပြင်ခရီးအတွက် မိုးလေဝသခန့်မှန်းချက်**
**ယနေ့ မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ခန့်မှန်းချက်**

**မိုးလေဝသအခြေအနေ။** နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။
**အမြင်တာ။** လေးမိုင်၊ မိုးရွာစဉ် မိုင်ဝက်ခန့်။
**ရေပြင်လေ။** တောင်(သို့မဟုတ်) အနောက်တောင် တစ်နာရီပင်လယ်မိုင် ၁၀-၁၅ မိုင်၊ တစ်ခါတစ်ရံ ၃၅ မိုင်။
**လှိုင်းအခြေအနေ။** လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်းကစုစည်းတင်ပြသော ဩဂုတ် ၃ ရက်မှ ဩဂုတ် ၈ ရက်အထိ ထွက်ရှိသောစာအုပ်စာရင်း

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | အောင်အေးချမ်း | ရင်စူးမြား | ၂၅၀၀ိ/- | စိတ်ကူးသစ်စာပေ |
| ၂ | ဦးတင်လှိုင်(မိတ္ထီလာ) | မိတ္ထီလာ နိုင်ငံရေးလှုပ်ရှားမှု ဖြစ်စဉ်မှတ်တမ်း | ၁၅၀၀ိ/- | |
| ၃ | နောင်မင်းနိုင် | နောက်ကျောကိုစိုက်ဝင်သွားတဲ့မှတ်တမ်း | ၁၅၀၀ိ/- | လင်းသစ်ရောင်စဉ် |
| ၄ | တက္ကသိုလ်ဂုဏ်ရည် | မပြောဖြစ်ခဲ့သော စကားများ | ၁၅၀၀ိ/- | ကောင်းသန့်စာပေ |
| ၅ | သန္တာမြေ-အရှင်ပညာဝံသ | ကလေးတို့ | ၁၅၀၀ိ/- | ရန်အောင်စာပေ |
| ၆ | ရွှေပြည်ရမ္မာ | လတ်ဆတ်သောအတွေးများ(၄) | ၁၀၀၀ိ/- | ရန်အောင်စာပေ |
| ၇ | ဆွန်း(စက်မှုတက္ကသိုလ်) | ရေခဲကိုဆစ်ထုတဲ့ ပန်းပုလေးတွေ | ၂၀၀၀ိ/- | မျိုးဆက်သစ်စာပေ |
| ၈ | ပြည့်ဆွေ(နတ္တလင်း) | သူတို့ပြောသော ဗိုလ်ချုပ်ပုံရိပ်များ | ၂၅၀၀ိ/- | မျိုးဆက်သစ်စာပေ |
| ၉ | မေမြို့ချစ်ဆွေ | မြန်မာပြည်ဖွား သစ္စာရှိဂေါ်ရခါးများ | ၅၀၀၀ိ/- | မျိုးဆက်သစ်စာပေ |
| ၁၀ | အောင်စွမ်း | ပြည်တွင်းစစ်မီးတောက်နှစ်(၆၀)ကျော် ခရီးပေါက်အောင်လမ်းဖောက်ခဲ့သူများ | ၃၀၀၀ိ/- | ဟန်သာစုစာပေ |
| ၁၁ | အောင်ချိမ့် | ကက်သလောက် | ၂၅၀၀ိ/- | မိတ်ဆွေများစာပေ |
| ၁၂ | ကလောင်စုံ | ယာယီ ကဗျာစုစည်းမှု | ၁၅၀၀ိ/- | မိတ်ဆွေများစာပေ |
| ၁၃ | မောင်သစ်မင်း (မြန်မာပြန်) | ကွာဝေး | ၂၀၀၀ိ/- | မိတ်ဆွေများစာပေ |
| ၁၄ | အရှင်ကေလာသ | ဗုဒ္ဓဘာသာနှင့် ဒီမိုကရေစီ | ၂၅၀၀ိ/- | Home စာပေ |
| ၁၅ | ဦးကျော် (အောင်မြတ်ကျော်) | ပြည်သူဗဟိုပြုသော အရပ်သားအစိုးရ၏ ပဏာမခြေလှမ်းများ | ၂၀၀၀ိ/- | ကျော်စာပေ |
| ၁၆ | ဆုပြည့်စုံထွန်း စာတည်းအဖွဲ့ | ပဲခူးမြို့မဆရာတော်ဘုရားကြီး ဘဒ္ဒန္တဉာဏဝဍ္ဍဇ | ၂၀၀၀ိ/- | ဆုပြည့်စုံထွန်းစာပေ |
| ၁၇ | ဆုပြည့်စုံထွန်း စာတည်းအဖွဲ့ | ထွင့်ခေါင်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဉာဏဝဍ္ဍဇ | ၂၀၀၀ိ/- | ဆုပြည့်စုံထွန်းစာပေ |
| ၁၈ | ကလောင်စုံ စာတည်းအဖွဲ့ | တောင်တွင်းကဗျာ အမှတ်(၄) | ၂၀၀၀ိ/- | GPG စာပေ |
| ၁၉ | ဦးမောင်မောင်ညွန့် | မြေသိမ်းဥပဒေလက်စွဲ(The Land Acquissition) | ၄၅၀၀ိ/- | ရွှေမိုးယံစာပေ |
| ၂၀ | တိုက်စိုး | တိုက်စိုးစာလက်ရွေးစင် | ၄၀၀၀ိ/- | နှစ်ကာလများစာပေ |
| ၂၁ | သန်းဝင်းလှိုင် | နှစ် ၃၀၀ မြန်မာနိုင်ငံရေးအဘိဓာန် ဒုတိယစာအုပ် | ၇၃၀၀ိ/- | စိတ်ကူးချိုချိုစာပေ |
| ၂၂ | သန်းဝင်းလှိုင် | နှစ် ၃၀၀ မြန်မာနိုင်ငံရေးအဘိဓာန် တတိယစာအုပ် | ၅၂၀၀ိ/- | စိတ်ကူးချိုချိုစာပေ |
| ၂၃ | မောင်မြတ်မွန် (ဆူးလေ) | အလောင်းမင်းတရားကြီးတည်ခဲ့မြို့ရန်ကုန် | ၃၀၀၀ိ/- | ပန်းရွှေပြည်စာပေ |
| ၂၄ | ဒီနိုဗို | အပြေးအကြောင်းပြောရင်း ပြောဖြစ်တာတွေ | ၂၅၀၀ိ/- | Momentun စာပေ |
| ၂၅ | ဟိန်းလတ် | လွယ်လွယ်အင်္ဂလိပ်စကားပြောကြစို့ | ၃၀၀၀ိ/- | Momentun စာပေ |
| ၂၆ | မောင်ဝင့်သူ-မြန်မာပြန် | လူတိုင်းအတွက် အိတ်ဆောင်ဘဝလမ်းညွှန် | ၁၅၀၀ိ/- | ထွန်းဖောင်ဒေးရှင်းစာပေ |
| ၂၇ | အောင်ကိုဦး | ဆံစမှ ခြေဖျားအထိ အင်္ဂလိပ်စကားလုံးဝေါဟာရများ | ၁၅၀၀ိ/- | ကောင်းဆုသာ |
| ၂၈ | အောင်ကိုဦး | အင်္ဂလိပ်ဘာသာစကားလေ့လာနည်းလမ်းညွှန် | ၁၅၀၀ိ/- | ကောင်းဆုသာ |
| ၂၉ | လမင်းမေ | အဖြူရင့်ရင့် | ၂၀၀၀ိ/- | မိုးကျော်သူ |
| ၃၀ | မောင်ခင်မင်(ဓနုဖြူ) | အသက် ၇၆ နှစ်စာအုပ် ၇၆ အုပ် (အတွေ့အကြုံစာစု) | ၃၀၀၀ိ/- | စာပေခရီးသွား |
| ၃၁ | ထွန်းဝေမြင့် | ခေတ်ပေါ်အသံ(ကဗျာစာအုပ် ၄ အုပ်ပေါင်းချုပ်) | ၂၅၀၀ိ/- | နှစ်ကာလများစာပေ |
| ၃၂ | မင်းထက်မောင် | ခုန်လိုက်ခုန်လိုက်ကိုရွှေဖား | ၁၅၀၀ိ/- | ဓူဝံစာပေ |
| ၃၃ | မင်းထက်မောင် | ငါးလက်ထုံမကလေး ရိုစီ | ၁၅၀၀ိ/- | ဓူဝံစာပေ |
| ၃၄ | မြင့်ဆွေဦး | လယ်သမားကြီးဇနီး | ၁၂၀၀ိ/- | ဓူဝံစာပေ |
| ၃၅ | မြင့်ဆွေဦး | အသိဉာဏ်နည်းသောကြက်ဖကြီး | ၁၂၀၀ိ/- | ဓူဝံစာပေ |
| ၃၆ | မြင့်ဆွေဦး | လူတစ်ယောက်နှင့် မြေခွေးတစ်ကောင်အကြောင်း | ၁၂၀၀ိ/- | ဓူဝံစာပေ |
| ၃၇ | မြင့်ဆွေဦး | အသိဉာဏ်ရှိသော ကောင်လေးနဲ့ ကြောက်စရာ အန္တရာယ်ကောင်ကြီး | ၁၂၀၀ိ/- | ဓူဝံစာပေ |
| ၃၈ | တင်နိုင်တိုး | မြန်မာ့ခေတ်ဟောင်းစီးပွားရေးလုပ်ငန်း | ၂၅၀၀ိ/- | အိပ်မက်ရိပ်စာပေ |
| ၃၉ | မြင့်ဆွေဦး | ကြက်မကြီး ဟက်တီ | ၁၀၀၀ိ/- | ဓူဝံစာပေ |
| ၄၀ | အရှင်ရေဝတ (သာသနာ့ပျိုးခင်း) | လူငယ်ယဉ်ကျေးမှုစာစောင် အမှတ်(၆) | ၁၅၀၀ိ/- | အိပ်မက်ရိပ်စာပေ |
| ၄၁ | သင့်လူ | နားစွင့်ကြားဟန်ရင်ခုန်သံ | ၃၆၀၀ိ/- | ကံ့ကော်ဝတ်ရည်စာပေ |
| ၄၂ | မောင်လှမျိုး (ချင်းချောင်းခြံ) | အချစ်ဆိုတဲ့ကိုယ်တော်ချော | ၂၀၀၀ိ/- | Union Publishing House |
| ၅၀ | မြသန်းတင့် ဘာသာပြန် | ခေတ်သစ်ပုတ္တောဝါဒ | ၂၀၀၀ိ/- | တိုးမြစ်စာပေ |
| ၅၁ | အရှင်သုမင်္ဂလ (စစ်ကိုင်း) | တော၏ရန် လောကဓမ္မရသ စာစုများ | ၃၀၀၀ိ/- | လင်းလွန်းခင်စာပေ |
| ၅၂ | ဝှိုင်း(WHY) | ကျွန်တော် ဆိုမာလီယာအကျဉ်းသား | ၂၅၀၀ိ/- | အလင်းသစ်စာပေ |
| ၅၃ | | မူပိုင်ခွင့်အက်ဥပဒေ | ၁၀၀၀ိ/- | Unity စာပေ |
| ၅၄ | | ဓမ္မပဒ ပါဠိ -မြန်မာ - အင်္ဂလိပ် | ၂၀၀၀ိ/- | တိုးမြစ်စာပေ |
| ၅၅ | မင်းသိခ် | မြေလျှောက်ဝိဇ္ဇာရွှေမြသာ(ပ၊ ဒု၊တ ပေါင်းချုပ်) အစအဆုံးလုံးချင်း | ၈၀၀၀ိ/- | မျက်ပွင့်စာပေ |
| ၅၆ | အောင်မြတ်ဦး | မဟာဂန္ဓာရီရေဆန်ခရီးမှ ပုဂ္ဂိုလ်ထူးများနှင့် ဖြစ်ရပ်ဆန်းများ | ၁၅၀၀ိ/- | ဖူးပွင့်စာပေ |
| ၅၇ | ပါမောက္ခ ဦးသန်းလှိုင် | ဝိနယ ပိဋကလာ (ဗုဒ္ဓခေတ် လူမှုရေးရာများ) | ၃၅၀၀ိ/- | မိသားစုစာပေ |
| ၅၈ | ကလောင်စုံ | ကျွန်တော်ကျွန်မတို့၏ ဘာသာတရား | ၁၅၀၀ိ/- | အဖြူရောင်ပဲ့တင်သံစာပေ |
| ၅၉ | လူဘုန်း | ယင်းထနာ ကဗျာ ၂၈ ပုဒ် | ၁၅၀၀ိ/- | ယဉ်မျိုးစာပေ |
| ၆၀ | ကိုကိုလေး-မြန်မာပြန် | ဒေါက်တာ ဆီးဂရေ့(စ်) | ၂၅၀၀ိ/- | ဟိန်းစာပေ |
| ၆၁ | ကလောင်စုံ | ဖားကန့်ထွက်ကုန် ဝတ္ထုတိုများ | ၂၅၀၀ိ/- | မျိုးဆက်သစ်စာပေ |
| ၆၂ | ကြူးနစ် | ဘိုးဘွားတို့အမွေ လေလွင့်ချိန် | ၂၅၀၀ိ/- | လောကသရဖူစာပေ |
| ၆၃ | တာတေ | မဖဲဝါနေတဲ့ကျွန်း | ၁၅၀၀ိ/- | အရှေ့ဘက်ကောင်းကင် |
| ၆၄ | အေအမ်ဘီ | ကံ့ကော်စက်ဝန်းနှင့် အိပ်မက်လွန် ကဗျာများနိုးထမှု | ၂၅၀၀ိ/- | နှစ်ကာလများစာပေ |
| ၆၅ | Nway Nge | Onlineပေါ်တွင်စက်ချုပ်သင်ကြမယ် | ၈၀၀၀ိ/- | မန္တေးငယ်စာပေ |
| ၆၆ | ဒေါက်တာ လှကြည် | ဆီးချိုသွေးချိုရောဂါ နှင့်မြန်မာ့ဓလေ့အစားအစာ | ၄၀၀၀ိ/- | ရှင်မတောင်စာပေ |
| ၆၇ | မြဝင်း(ဒဿန) | နှလုံးလှဖို့ဆုံးမခဲ့သည် | ၂၀၀၀ိ/- | လင်းလွန်းခင်စာပေ |
| ၆၈ | မေသကြ်န်ဟိန်(မြစ်မခ) | ဘာပဲဖြစ်ဖြစ်ရင့်ကျက်ပါ နှင့် အောင်မြင်ရေးစာစုများ | ၂၀၀၀ိ/- | လဝန်းသစ်စာပေ |
| ၆၉ | ကာတွန်းဝင်းအောင် | ကမ္ဘာ မကြေ | ၂၅၀၀ိ/- | မိတ်ဆွေများစာပေ |
| ၇၀ | ပြည့်စုံဝင်း | ပျော်ရွှင်စန္ဒရား | ၁၅၀၀ိ/- | ဂန္ထဝင်စာပေ |
| ၇၁ | ရိုးဒီ | ကန္တာရ ပန်းကလေးသို့ | ၁၅၀၀ိ/- | မိတ်ဆွေများစာပေ |
| ၇၂ | ခွန်းမတ်ရဲကိုဘန် | ၁၉၄၇-ခုနှစ်ပင်လုံညီလာခံမှ ၂၁-ရာစု ပင်လုံညီလာခံဆီသို့ | ၁၅၀၀ိ/- | Burma Media Wash |
| ၇၃ | ကျော်ထက်ထွန်း-မြန်မာပြန် | ဘနာဇီယာဘူတို လုပ်ကြံမှု နှင့် ပါကစ္စတန် ဒီမိုကရေစီအရေးတော်ပုံ | ၃၀၀၀ိ/- | ဟန်သာဆုစာပေ |
| ၇၄ | မောင်ညီမှိုင်း(သန်လျင်) | တိုက်ပုံ ရင်ကွဲ ငန်းတော်ကျား ခိုက်တယ်သုတ | ၁၅၀၀ိ/- | စိတ်ကူးသစ်စာပေ |
| ၇၅ | ကလောင်စုံ | ခေတ်စမ်း၏ ပန်းသုံးပွင့် ရနံ့များ | ၂၀၀၀ိ/- | Gold စာပေ |
| ၇၆ | မောင်မိုးသူ | အချစ်ပုံပြင် | ၂၀၀၀ိ/- | ငါတို့စာပေ |
| ၇၇ | ဘဒ္ဒန္တဝိဇ္ဇာနန္ဒာဘိဝံသ မဟာဂန္ဓာရုံချောင် စစ်ကိုင်းတောင်ရိုး | ပါဠိဘာသာ သဒ္ဒါကျမ်းများ သမိုင်း | ၈၀၀၀ိ/- | ဦးမဏိသာရစာပေ |
| ၇၈ | Dr.Thin Aye Aye Ko | ဂျပန်-မြန်မာ ခန်းဂျိ အဘိဓာန် | ၉၀၀၀ိ/- | သင်းမြန်မာစာပေ |
| ၇၉ | Aung Myint | Natural Gas Engineering Using MATLAB | ၄၀၀၀ိ/- | အောင်မြင်စာပေ |
| ၈၀ | မစောယုနန္ဒာ | ၂၀၁၆ ရန်ကုန်တိုင်းဒေသကြီး ဂုဏ်ထူးမှတ်တမ်း | ၅၅၀၀ိ/- | ပေါက်စံတည်စာပေ |
| ၈၁ | ကြည်နိုင် | မြန်မာသမိုင်းပုံပြင်ပုံရိပ်များ | ၄၀၀၀ိ/- | ဓူဝံစာပေ |
| ၈၂ | Burma Focus VII,2016 | | ၁၀၀၀ိ/- | ကွန်သာယာစာပေ |
| ၈၃ | ကလောင်စုံ | အင်းဝက လူထုကဗျာဆရာသို့မဟုတ် ကိုလေး (အင်းဝဂုဏ်ရည်) အသက်(၈၀) ပြည့်အမှတ်တရ | ၄၀၀၀ိ/- | ပဥ္စင်္ဂစာပေ |
| ၈၄ | ကလောင်စုံ | ကမ်းလက်များ ဆုရဝတ္ထုတိုပေါင်းချုပ် အမှတ်(၄) | ၂၀၀၀ိ/- | ကမ်းလက်များစာပေ |
| ၈၅ | ဟိန်းလတ်-မြန်မာပြန် | ကင်မ်အီဆွန်း တော်လှန်သော နေမင်းနီ | ၂၅၀၀ိ/- | ဆန်းစသော်တာစာပေ |
| ၈၆ | ဂျာနယ်ကျော် ဦးချစ်မောင် | ဂျာနယ်ကျော် တော်လှန်ရေး စာစောင်နှင့် နိုင်ငံတော်သစ်သို့ | ၁၂၀၀ိ/- | စိတ်ကူးချိုချို |
| ၈၇ | နိုင်ဝင်းဆွေ | အချစ်ည နှင့် ညအသချေ်မှာ | ၂၇၀၀ိ/- | စိတ်ကူးချိုချို |
| ၈၈ | The Key Collection | ဝင်စတန်ချာချီ စာစဉ်(၂၈) | ၁၅၀၀ိ/- | The Key |
| ၈၉ | ပန်းရိပ်ဖြူ | သံဆူးကြိုးပေါ်က ခြစ်ရာမထင်ခဲ့သော ဝတ္ထုတိုများ | ၂၃၀၀ိ/- | စိတ်ကူးချိုချို |
| ၉၀ | မောင်နီဦး | အစွန်းရောင်တေးသွား | ၁၈၀၀ိ/- | စိတ်ကူးချိုချို |
| ၉၁ | ဦးကြိုင်မြင့်(ဆူးလေ) | ဗောဓိပင်နှင့်စပ်သိမှတ်ဖွယ်ရာ အဖြာဖြာ | ၁၅၀၀ိ/- | စိတ်ကူးချိုချို |
| ၉၂ | သုမောင် | သာခုနှင့်ကျွန်တော်တို့၏ ဖခင်များအကြောင်း | ၂၀၀၀ိ/- | စိတ်ကူးချိုချို |
| ၉၃ | ကလောင်စုံ | ဖားကန့်ထွက်ကုန်ဝတ္ထုတိုများ | ၂၅၀၀ိ/- | မျိုးဆက်သစ် |
| ၉၄ | ပုပ္ပားဦးကျော်ရင် | ကဝိဘာရတီကျမ်း နှစ်တွဲပေါင်းချုပ် | ၆၀၀၀ိ/- | စိတ်ကူးချိုချို |

## တောဆင်ရိုင်းများဝင်ရောက်ဖျက်ဆီးမှုအန္တရာယ်မှ ကင်းဝေးသည်အထိစောင့်ကြည့်မောင်းနှင်သွားမည်

**ရွှေသောင်ယံ ဩဂုတ် ၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရွှေသောင်ယံမြို့နှင့် တစ်မိုင်နီးပါးခန့်သာကွာဝေးသည့် ကျွန်းစိုက်ခင်းများ၊ တောင်ယာများ၊ လယ်များတွင် တောဆင်ရိုင်းအုပ်များ ဝင်ရောက်ဖျက်ဆီးလျက်ရှိပြီး ယင်းစိုက်ခင်းများနှင့် လယ်များဝန်းကျင်တွင် တောဆင်ရိုင်းအုပ်များ ခိုအောင်းနေသည်ဟုသတင်းအရ ပုသိမ်တောင် သစ်ထုတ်လုပ်ရေးဒေသမှ ဒေါက်တာမျိုးမင်းအောင်နှင့် ဆင်ဦးစီးများပါဝင်သောအဖွဲ့သည် ပုသိမ်ချောင်းသာကားလမ်းဘေး ခြောက်ကောင်ကျေးရွာအနီးဆင်စခန်းမှ သစ်ထုတ်လုပ်ရေး ဆင်သုံးကောင်နှင့်အတူဩဂုတ် ၈ ရက် နံနက်ပိုင်းမှစ၍ ဆင်ရိုင်းများအား ရှာဖွေမောင်းနှင်ရန် အဆိုပါ တောအတွင်း ဝင်ရာက်ခဲ့သည်။ နယ်မြေခံဝန်ထမ်းများဖြစ်သော ရွှေသောင်ယံရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် အောင်ဖြိုးကျော်နှင့် ရဲတပ်သားတစ်ဦး၊ရွှေသောင်ယံမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် နယ်မြေကျွမ်းကျင်သော ဒေသခံများလိုက်ပါပြီး တောဆင်ရိုင်းအုပ်များကို ခြောက်လှန့်မောင်းနှင်ကြရာ ဒေသအခေါ် မြစ်ပုတ်ဒေသမှ ချောင်းတစ်ဖက်ကမ်းသို့ ကူးသွားသည်ဟု ဆင်ဆရာများ၏ အတွေ့အကြုံများအရသိရသည်။ ထို့ကြောင့်အဖွဲ့က တစ်ဖက်ကမ်းသို့ လှေဖြင့် လိုက်လံမောင်းထုတ်ခဲ့ရသည်။

ဒေါက်တာမျိုးမင်းအောင်နှင့်အဖွဲ့သည် ရွှေသောင်ယံမြို့အမှတ်(၁)ရပ်ကွက်၌ ဆက်လက်နေထိုင်ကာ သစ်ထုတ်လုပ်ရေးစခန်းမှ ဆက်လက်မှာယူထားသော ဆင်သုံးကောင်နှင့် လက်ရှိဆင်တို့ပူးပေါင်းကာ နယ်မြေကျွမ်းကျင်သော ဒေသခံများနှင့်အတူ ဒေသနေပြည်သူများ၏ ဘေးအန္တရာယ်လုံခြုံရေးနှင့် အကျိုးစီးပွားများအတွက် တောဆင်ရိုင်းများဝင်ရောက်ဖျက်ဆီးသောအန္တရာယ်မှ ကင်းဝေးသည်အထိ ကာကွယ်မှုများပြုလုပ်ပေးသွားမည်ဖြစ်ကြောင်းသိရှိရသည်။

**ကိုကိုမောင်(ပြန်/ဆက်)**

## ဆိုင်ကယ်ကိုစစ်ဆေးရာမှ လုယက်မှုကျူးလွန်သူများကို ဖမ်းမိ

**နေပြည်တော် ဩဂုတ် ၉**



တွံတေးမြို့မရဲစခန်းမှ နယ်ထိန်းအရာရှိ ဒုတိယရဲအုပ် သီဟသူ ဦးစီးသည့်အဖွဲ့သည် ဩဂုတ် ၈ ရက် နံနက် ၁၁ နာရီခန့်က လှည့်ကင်းဆောင်ရွက်စဉ် တွံတေးမြို့မှ ဒလမြို့ဘက်သို့ လူငယ်နှစ်ဦးမောင်းနှင်လာသော ဆိုင်ကယ်ကို စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် မရပ်ပေးဘဲ ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ ပျော်ဘွယ်လေးကျေးရွာအနီးတွင် ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင်CANDA -125/ နီ-နက် ဆိုင်ကယ်နှင့်အတူ မင်းချစ်ဦး(ခ) မင်းဦး(၂၄)နှစ်နှင့် ကျော်ဇင်(ခ) အောင်ပု(၂၃)နှစ် ဆိတ်ကြီးတာကြီး ရပ်ကွက် ဒလမြို့နေသူများကို ရှာဖွေရာ ၅၀၀၀ ကျပ်တန် အရွက် ၁၀၀ စုစုပေါင်း ငါးသိန်း၊ ၁၀၀၀ကျပ်တန် ၁၇၅ ရွက် စုစုပေါင်း ကျပ် ၁၇၅၀၀၀၊ ရွှေဆွဲကြိုး တစ်ကုံး၊ လက်စွပ် လေးကွင်း၊ ပုလဲနားကပ် နှစ်ရန်၊ စင်ကာပူဒေါ်လာ ၃၀၀၀၊ အမေရိကန်ဒေါ်လာ တစ်ရွက်၊ ဦးသက်နိုင်အမည်ပါ KBZ ဘဏ်စာအုပ်နှစ်အုပ်တို့ကို သိမ်းဆည်းရမိခဲ့သည်။ ယင်းပစ္စည်းများပါသည့် Polo ကျောပိုးအိတ်ကို ယနေ့ နံနက်ပိုင်းက ရွှေဆံတော်ဘုရားရှေ့တွင် အမျိုးသမီးတစ်ဦးထံမှ လုယူခဲ့ကြောင်း စုံစမ်းဖော်ထုတ် သိရှိရ၍ တွံတေးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

# ရုပ်မြင်သံကြားအစီအစဉ်များ

[၁၀ - ၈ -၂၀၁၆ (ဗုဒ္ဓဟူးနေ့)]

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀ -အဖွင့်
-မိုးလေဝသအစီအစဉ်
-တေးဂီတအစီအစဉ်
၆း၁၅ လီဆူးနှစ်သစ်ကူးပွဲတော်
၆း၂၅ ကာတွန်းအစီအစဉ်
"Scooby- Doo! Camp Scare"
(အပိုင်း-၁)
၇း၀၀ ပြောင်းလဲတီထွင် ရိုးရာအဆင်
(ကချင်၊ကယား၊ ကရင်၊ ချင်း)
၇း၀၅ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ
"ရွှေရောင်လွှမ်းတဲ့ နေ့သစ်ဆီ"
(အပိုင်း-၅၉)
၇း၄၅ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ
"ကိုယ့်ဘဝ ကိုယ့်အိပ်မက်"
(အပိုင်း-၁၉)
၈း၂၀ MRTV Entertainment Music
၈း၃၅ တောင်ပြုံးနတ်ပွဲ(အပိုင်း-၃)
၈း၅၅ နိုင်ငံတကာရုပ်ရှင်
ဇာတ်ဝင်တေးများ
၉း၀၅ ပြည်သူ့နီတိ
"ကမ္ဘာမြေအတွက်လက်ဆောင်"
၉း၂၅ ဆံရစ်ဝိုင်းနဲ့ မိန်းကလေးများ
၉း၅၀ MRTV Entertainment Music
၁၀း၀၀ စားဖို့မှူး ကြည်စိုး
၁၀း၀၅ ဆန်းသစ်လှပ မြန်မာအက
၁၀း၁၅ မြန်မာဗီဒီယိုဇာတ်လမ်း
"မျဉ်းပြိုင်ပေါ်ကလူ"
၁၂း၀၀ -အစီအစဉ်ပြီး၏

**တစ်နေ့ ၆ နာရီစာ ၄ ကြိမ်ပြသပါသည်။**

## မြဝတီရုပ်မြင်သံကြား

၆း၀၃ တရားတော်
၇း၁၆ မေတ္တာပို့
၇း၂၀ ဓမ္မပူဇာတေး
၇း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၇း၄၀ သင့်အတွက်တစ်နေ့တာ
၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
၈း၁၀ အမျိုးသားရေးတေးကဗျာ
၈း၁၅ မွေးမြူသုတ
၈း၄၅ ဇာတ်လမ်းတို
၉း၀၀ မြဝတီနေ့စဉ်သတင်း
၉း၁၅ သူနှင့်သူ၏သီချင်းများ
၉း၃၅ အမှတ်တရနေ့ရက်လေးများ
၁၀း၀၀ တစ်ပတ်အတွင်း
စိုက်ပျိုးရေးသတင်း
၁၀း၁၀ Made In Myanmar
၁၀း၂၅ သာယာသီကြွေး
ခေတ်ဆန်းတေး
၁၀း၃၅ Journal Talk
၁၀း၅၀ သီချင်းလက်ဆောင်
၁၁း၀၀ နိုင်ငံတကာသတင်း
၁၁း၁၀ မှတ်တမ်း
၁၁း၂၅ ကျန်းမာသုတ
၁၁း၄၀ Sport Review
၁၂း၀၀ ခရီးလည်းသွား စကားလည်းဆို
၁၂း၁၅ DVD Hits
၁၂း၂၅ လူတိုင်းကျန်းမာသိမှတ်စရာ
၁၂း၃၅ နှစ်(၈၀)ကျော်ကြားတေးများ
၄း၂၀ အမျိုးသားရေးတေးကဗျာ
၄း၂၅ ရွှေဟောင်းသုတ
၄း၄၀ သာယာသီကြွေး
ခေတ်ဆန်းတေး
၄း၅၅ ယနေ့ရန်ကုန်မြင်ကွင်းစုံ
၅း၁၀ ပန်းကလေးများပွင့်တော့မည်
၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- အယ်ဒါနာ အပိုင်း(၄၈)
၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ အမျိုးသားရေးတေးကဗျာ
၆း၁၅ Top Magic
၆း၃၅ ဘဝများစွာ အပိုင်း(၂)
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- မြစ်တစ်စင်းရဲ့အလကင်္ာ
အပိုင်း(၃၆)

## MRTV-4

၅း၀၀ ပဋ္ဌာန်းပါဠိတော်+ခန္ဓသုတ်၊
မောရသုတ်၊ ဝဋ္ဋသုတ်
၅း၄၀ "အလွှာလေးပါး"တရားတော်
ဆရာတော်အရှင်ဣန္ဒက
(ချမ်းမြေ့မြိုင်ဆရာတော်)
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"ချစ်သူပေးတဲ့ ကတိစကား"
(အပိုင်း-၂၈)
၈း၀၀ "မင်္ဂလာပါ"
The Morning Show
၁၀း၁၅ ခေတ်သစ်ပျိုမေ
၁၁း၁၅ ဟင်းချက်ရအောင်
၁၂း၃၅ အနုပညာမိုးကောင်းကင်
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ
"ကိုလူပျို" (အပိုင်း-၂၄)
၃း၅၅ Cartoon Series
(Welcome To Sky Ville)
၅း၀၅ ခေတ်သစ်ပျိုမေ
၆း၁၀ Health Fix
၈း၁၀ ရသစုံညွှန်းတမ်းများ
၈း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"အချစ်သစ္စာတည်စေသော်"
(အပိုင်း-၇၆)
၉း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"သူရသတ္တိ မိန်းမလှလေး"
(အပိုင်း-၈)
၉း၅၀ အနုပညာမိုးကောင်းကင်
၁၀း၁၀ Lets Talk
၁၀း၄၅ MRTV-4 Stage
၁၁း၁၀ World of Knowledge
(Top 20 Asian Marvis:
The Petronas Tower

## mitv

07:26 History Of Kyaik Wyne Pagoda
07:44 Living Myanmar Glazed Ceramics
08:26 Travelogue: A Tour in Korea (Part-3)
08:37 19 Hours
09:26 Hive Hunter
09:45 Irrawaddy Dolphin (Part- I)
10:26 The Richly Blessed Gem Land
10:52 Yoghurt Vendor
07:27 Myanmar Invites You
07:43 Products Of Myanmar - Shin Ma Taung Thanakhar
08:26 Myanmar Delicate Artistic Handy
Creations- Lacquareware Making
08:51 Chaung Tha Souvenir Business

# မင်းသား လီဗြောင်ဟွန်းနှင့် မင်းသမီး ကင်မ်မင်ဟီးတို့အား တစ်နှစ်တာအကောင်းဆုံးအနုပညာရှင်များအဖြစ် ဂုဏ်ပြု



တောင်ကိုရီးယား ရုပ်ရှင်မင်းသား လီဗြောင်ဟွန်းနှင့် မင်းသမီး ကင်မ်မင်ဟီးတို့သည် ယခုနှစ်၏ actor and actress of the year အဖြစ် ဂုဏ်ပြုခြင်းခံခဲ့ရကြောင်း သိရသည်။

တောင်ကိုရီးယားဒါရိုက်တာများ အစည်းအရုံးမှ ယင်းကဲ့သို့ ဂုဏ်ပြုပေးခဲ့ခြင်းဖြစ်ပြီး မင်းသား လီဗြောင်ဟွန်းသည် Inside Men ဗြိတိန်ရုပ်သံဒရမ်မာ ဇာတ်လမ်းတွဲဖြင့် လည်းကောင်း၊ မင်းသမီး ကင်မ်မင်ဟီးသည် The Handmaiden စိတ္တဇသည်းထိတ်ရင်ဖို ဇာတ်ကားဖြင့် လည်းကောင်း၊ ဒါရိုက်တာနာဟိုဂျင်းက သည်းထိတ်ရင်ဖို ဇာတ်ကား The Wailing ဖြင့် လည်းကောင်း Actor of the year, Actress of the year နှင့် Director of the Year တို့အဖြစ် ဂုဏ်ပြုခံခဲ့ရခြင်း ဖြစ်သည်။

သရုပ်ဆောင်ပိုင်းဆိုင်ရာများတွင် တောင်ကိုရီးယားရုပ်ရှင်လောကမှ ဟောလိဝုဒ်ထိတိုင် ထိုးဖောက်နေရာယူနိုင်ခဲ့သူ သရုပ်ဆောင် လီဗြောင်ဟွန်း အနေဖြင့် ယခုနှစ်အတွင်း မကြာမီ ထွက်ရှိလာမည့် ဟောလိဝုဒ်အက်ရှင် ဇာတ်ကား The Magnificent Seven တွင် ကောင်းဘွိုင်တစ်ဦးအဖြစ်လည်းကောင်း၊ ယခုနှစ်ဦးပိုင်းက ထွက်ရှိခဲ့သည့် ဟောလိဝုဒ်ဒရမ်မာဇာတ်ကား Misconduct တွင် လည်းကောင်း ဟောလိဝုဒ်သရုပ်ဆောင် အကျော်အမော်များနှင့်အတူ ပါဝင်သရုပ်ဆောင်ထားခဲ့သည်။

ထို့အပြင် ၂၀၁၃ ခုနှစ်က Women in Film Korea Awards ဆုပေးပွဲတွင် ဒရမ်မာ ရုပ်သံဇာတ်လမ်းတွဲဖြင့် အကောင်းဆုံးမင်းသမီးဆု ရရှိခဲ့သူ မင်းသမီးနှင့် မော်ဒယ် ကင်မ်မင်ဟီး အနေဖြင့် ၂၀၁၅ ခုနှစ်က ထွက်ရှိခဲ့သည့် Right Now, Wrong Then ဇာတ်ကားတွင် ခေါင်းဆောင်မင်းသမီး တစ်ဦးအဖြစ် ပါဝင်ထားသည်။

■




၂၀၁၅ ခုနှစ်က တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ Wangfujing ကက်သလစ်ခရစ်ယာန်ဘုရားကျောင်းတွင် ပေကျင်းဂီတပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပစဉ်။

# (၁၉)ကြိမ်မြောက် ပေကျင်းဂီတပွဲတော် အောက်တိုဘာလတွင် ကျင်းပမည်

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် နှစ်စဉ်ကျင်းပမြဲဖြစ်ပြီး အထင်ကရဂီတပွဲတော်တစ်ခုဖြစ်သည့် ပေကျင်းဂီတပွဲတော် (BMF)ကို (၁၉)ကြိမ်မြောက်အဖြစ် အောက်တိုဘာ ၉ ရက်မှစတင်ကာ ၂၁ ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်အတွက် ဆောင်ပုဒ်ကို "ဂီတအမွေအနှစ်နှင့် ဆန်းသစ်တီထွင်မှု"ဟု အမည်ပေးထားသည့် အဆိုပါဂီတပွဲတော်တွင် ဂီတအမျိုးအစားပေါင်းများစွာဖြင့် ဖျော်ဖြေပွဲပေါင်း ၃၀ ကျော်ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

နှစ်စဉ် အောက်တိုဘာလရောက်တိုင်း ကျင်းပမြဲဖြစ်သည့် အဆိုပါပွဲတော်ကို ယမန်နှစ်ကလည်း ကျင်းပခဲ့သည်ဖြစ်ရာ နိုင်ငံပေါင်း ၃၀ ကျော်မှ အနုပညာရှင်များက ဖျော်ဖြေပွဲ ၁၈ ပွဲဖြင့် တင်ဆက်ဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

# ဝိုင်ဂျီမှ အသစ်မိတ်ဆက်ပေးခဲ့သည့် ကေပေါ့ပ်အဖွဲ့သစ် BLACKPINK

တောင်ကိုရီးယားကေပေါ့ပ်အနုပညာရှင် အကျော်အမော်များစွာကို မွေးထုတ်ပေးလျက်ရှိသည့် အနုပညာအေဂျင်စီ ဝိုင်ဂျီမှ ယခုနှစ်အတွက် ကေပေါ့ပ်အဖွဲ့သစ်ကို ပရိသတ်နှင့် ထပ်မံမိတ်ဆက်ပေးခဲ့ပြန်ပြီဖြစ်သည်။

ယင်းအဖွဲ့ကို BLACKPINK ဟု အမည်ပေးထားပြီး ၎င်းတို့အဖွဲ့၏ တေးသီချင်းသစ်နှစ်ပုဒ်ဖြစ်သည့် BOOMBAYAH နှင့် Whistle တို့ကို ဩဂုတ် ၈ ရက်က ပရိသတ်နှင့် မိတ်ဆက်ပေးခဲ့သည်။

ဝိုင်ဂျီအေဂျင်စီ၏ ထုတ်ပြန်ချက်အရ ထူးခြားချက်အနေဖြင့် BLACKPINK အဖွဲ့တွင် အဖွဲ့ခေါင်းဆောင် ထားရှိမည်မဟုတ်ဘဲ အဖွဲ့ဝင်အချင်းချင်းသာ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ သဘောထားများဖြင့် အချင်းချင်း ရိုင်းပင်းသွားမည်ဖြစ်ကြောင်း သိရသည်။

BLACKPINK အဖွဲ့ကို အဖွဲ့ဝင် လေးဦးဖြင့် ဖွဲ့စည်းထားပြီး ၎င်းတို့၏ ပထမဆုံးသော တစ်ကိုယ်တော်အယ်လ်ဘမ် Square One ကို ယခုလဆန်းပိုင်းက ဖြန့်ချိခဲ့ကြောင်း သိရသည်။



မျိုးစန္ဒာမောင်စုစည်းသည်

# အိုလံပစ်ပြိုင်ပွဲ၏ တစ်ဦးချင်းနှင့် နှစ်ယောက်တွဲတင်းနစ်ပြိုင်ပွဲတွင် ကမ္ဘာ့နံပါတ်(၁)တင်းနစ်ကစားသမား ဂျိုကိုဗစ် နှစ်ပွဲဆက်ရှုံးနိမ့်

ဆားဘီးယား တင်းနစ်အကျော်အမော် ဂျိုကိုဗစ်သည် ၂၀၁၆ ရီယိုအိုလံပစ်ပြိုင်ပွဲ၏ အမျိုးသားတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲတွင် ရှုံးနိမ့်ခဲ့ရပြီးနောက် တစ်ရက်အကြာတွင် ကစားခဲ့သည့် အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတွင်လည်း ထပ်မံရှုံးနိမ့်ခဲ့ရသည်။

လက်ရှိပြင်သစ်အိုးပင်းချန်ပီယံနှင့် ဩစတြေးလျအိုးပင်းချန်ပီယံဖြစ်သူ ဂျိုကိုဗစ်သည် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် အာဂျင်တီးနားတင်းနစ်ကစားသမား ဂျူအန်မာတင်ဒယ်ပေါ်ထရိုအား ၇-၆၊ ၇-၆ ဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ အာဂျင်တီးနားတင်းနစ်ကစားသမား ဂျူအန်မာတင်ဒယ်ပေါ်ထရိုသည် ၂၀၀၉ ခုနှစ် အမေရိကန်အိုးပင်းပြိုင်ပွဲတွင် ချန်ပီယံဖြစ်ထားသူဖြစ်သည်။

ဆားဘီးယားပရော်ဖက်ရှင်နယ်တင်းနစ်ကစားသမား ဂျိုကိုဗစ်သည် တစ်ဦးချင်းပြိုင်ပွဲတွင် ရှုံးနိမ့်ခဲ့ရသည့်အပြင် အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတွင်လည်း နီနက်ဇီမွန်ဂျစ်နှင့်အတူ ပူးတွဲယှဉ်ပြိုင်ခဲ့ရာ ပြိုင်ဘက်ဖြစ်သည့် ဘရာဇီးနိုင်ငံသား မာဆယ်လိုမီလိုနှင့် ဘရူနိုဆိုရီတို့အတွဲကို ၆-၂၊ ၆-၄ ဖြင့် ရှုံးနိမ့်ခဲ့ရသည်။

ဘရာဇီးနိုင်ငံသား မာဆယ်လိုမီလိုနှင့် ဘရူနိုဆိုရီတို့သည် ဂျိုကိုဗစ်နှင့် နီနက်ဇီမွန်ဂျစ်တို့ကို အနိုင်ရရှိခဲ့ခြင်းကြောင့် ၂၀၁၆ ရီယိုအိုလံပစ်ပြိုင်ပွဲ၏ နှစ်ယောက်တွဲတင်းနစ်ပြိုင်ပွဲကွာတားဖိုင်နယ်အဆင့်တွင် ရိုမေးနီးယားအတွဲဖြစ်သည့် ဖလော်ရင်မာဂီယာနှင့် ဟော်ရိယာတီကူတို့အတွဲနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ကမ္ဘာ့နံပါတ်(၁) တင်းနစ်ကစားသမား ဂျိုကိုဗစ်သည် ရှုံးနိမ့်ခဲ့ပြီးနောက် ကွင်းအတွင်းမှ ထွက်ခွာစဉ်တွင် မျက်ရည်ကျလျက် ထွက်ခွာခဲ့ရပြီး ၂၀၀၈ ဘေဂျင်းအိုလံပစ်ပြိုင်ပွဲတွင်လည်း ရွှေတံဆိပ်ဆုနှင့်လွဲကာ ကြေးတံဆိပ်ဖြင့်သာ ဆားဘီးယားနိုင်ငံသို့ ပြန်ခဲ့ရသည့် မှတ်တမ်းလည်းရှိခဲ့သူဖြစ်သည်။



## ၂၀၁၆ ရီယို အိုလံပစ်ပြိုင်ပွဲ ထိပ်ဆုံး ၁၀ နိုင်ငံ၏ ဆုရရှိမှုအခြေအနေ

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | အမေရိကန် | ၅ | ၇ | ၇ | ၁၉ |
| ၂ | တရုတ် | ၅ | ၃ | ၅ | ၁၃ |
| ၃ | ဩစတြေးလျ | ၄ | ၀ | ၃ | ၇ |
| ၄ | အီတလီ | ၃ | ၄ | ၂ | ၉ |
| ၅ | ဂျပန် | ၃ | ၀ | ၇ | ၁၀ |
| ၆ | ဟန်ဂေရီ | ၃ | ၀ | ၀ | ၃ |
| ၇ | ရုရှား | ၂ | ၅ | ၃ | ၁၀ |
| ၈ | တောင်ကိုရီးယား | ၂ | ၂ | ၁ | ၅ |
| ၉ | ထိုင်း | ၂ | ၁ | ၁ | ၄ |
| ၁၀ | ဗြိတိန်နှင့် မြောက်အိုင်ယာလန် | ၁ | ၁ | ၂ | ၄ |

မှတ်ချက် -
*၉-၈-၂၀၁၆ ရက် မြန်မာစံတော်ချိန် ည - ၁၀း၀၀ နာရီအထိ ရလဒ်များဖြစ်ပါသည်။*



# အိမ်ရှင်ဘရာဇီး အိုလံပစ်ပြိုင်ပွဲ၏ ပထမဆုံးရွှေတံဆိပ် စတင်ဆွတ်ခူး

၂၀၁၆ ရီယိုအိုလံပစ်ပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပလျက်ရှိသည့် ဘရာဇီးနိုင်ငံသည် အမျိုးသမီး ၅၇ ကီလိုတန်းဂျူဒိုပြိုင်ပွဲမှ နိုင်ငံအတွက် အိုလံပစ်ပြိုင်ပွဲ၏ ပထမဆုံးရွှေတံဆိပ်ကို စတင်ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။

အိုလံပစ်ပြိုင်ပွဲ၏ အမျိုးသမီး ၅၇ ကီလိုတန်းဂျူဒိုပြိုင်ပွဲတွင် အသက်(၂၄)နှစ်အရွယ်ရှိ ဘရာဇီးနိုင်ငံသူ ရာဖေးလာဆေးလ်ဗားက မွန်ဂိုလီးယားနိုင်ငံသူ ဒေါ်ဆာရန်အား အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ဘရာဇီးနိုင်ငံသည် အိမ်ရှင်အဖြစ်လက်ခံကျင်းပလျက်ရှိသည့် အိုလံပစ်ပြိုင်ပွဲစတင်ပြီးနောက် သုံးရက်အကြာတွင် ပထမဆုံးသောရွှေတံဆိပ်ဆုကို ဂျူဒိုပြိုင်ပွဲမှ စတင်ဆွတ်ခူးလိုက်ခြင်းလည်းဖြစ်သည်။

ဆေးလ်ဗားသည် ဂျူဒိုပြိုင်ပွဲတွင် ဘရာဇီးနိုင်ငံအတွက် ပထမဆုံးသောအမျိုးသမီးကမ္ဘာ့ချန်ပီယံလည်းဖြစ်သည်။ ဆေးလ်ဗားသည် ဂျူဒိုပြိုင်ပွဲမှ ဘရာဇီးနိုင်ငံအတွက် ပထမဆုံးရွှေတံဆိပ်ဆုကို ဆွတ်ခူးပေးနိုင်ခဲ့ပြီးနောက် လက်ကိုဝှေ့ယမ်းကာ အောင်ပွဲခံခဲ့သည်။

အဆိုပါ အမျိုးသမီး ၅၇ ကီလိုတန်းဂျူဒိုပြိုင်ပွဲတွင် ပေါ်တူဂီနိုင်ငံသူ မွန်တီရိုနှင့် ဂျပန်နိုင်ငံသူ မက်ဆူမိုတိုတို့မှာ ကြေးတံဆိပ်ဆုရရှိခဲ့သည်။

# ကွင်းလယ်ကစားသမားနာဆရီအား ခေါ်ယူရန် အီတလီကလပ်အသင်းများ စိတ်ဝင်စားလျက်ရှိ

ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းသည် ပြင်သစ်ကွင်းလယ်ကစားသမား နာဆရီအား ရောင်းချရန်အတွက် ကမ်းလှမ်းလာမည့် အသင်းများကို စောင့်ဆိုင်းလျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် ပြင်သစ်ကွင်းလယ်ကစားသမား နာဆရီအား အီတလီစီးရီးအေကလပ်အသင်းများဖြစ်ကြသည့် အေစီမီလန်အသင်း၊ အင်တာမီလန်အသင်းနှင့် ရိုးမားအသင်းတို့က ခေါ်ယူရန်စိတ်ဝင်စားလျက်ရှိပြီး ဝန်ဆောင်ခအဖြစ် ပေါင် ၁၇ သန်းပေးမည်ဖြစ်ကြောင်း သိရသည်။

အသက်(၂၉)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား နာဆရီသည် ပြီးခဲ့သည့်ဘောလုံးရာသီက မန်စီးတီးအသင်းနှင့်အတူ ပရီမီယာလိဂ်ပွဲစဉ်ခုနစ်ပွဲသာ ပါဝင်ကစားခွင့်ရရှိခဲ့သည်။

ကွင်းလယ်ကစားသမားနာဆရီသည် ဇူလိုင်လအတွင်းက တရုတ်နိုင်ငံ၌ ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်များအပါအဝင် မန်စီးတီးအသင်း၏ ရာသီအကြိုခြေစမ်းပွဲစဉ်များတွင်လည်း ပါဝင်ကစားခွင့်မရရှိခဲ့ပေ။

ထိုသို့မပါဝင်နိုင်ခဲ့ခြင်းနှင့် ပတ်သက်၍ မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာက "အသင်းကို ရောက်လာတဲ့အချိန်မှာ နာဆရီဟာ ခန္ဓာကိုယ်အလေးချိန် တိုးနေတာကြောင့် မန်စီးတီးအသင်းရဲ့ ရာသီအကြိုပွဲတွေမှာ ထည့်မသုံးခဲ့တာပါ"ဟု ပြောကြားခဲ့သည်။

ပြင်သစ်ကွင်းလယ်ကစားသမား နာဆရီသည် ပြီးခဲ့သည့် ၂၀၁၅-၂၀၁၆ ဘောလုံးရာသီကလည်း တစ်ရာသီလုံးနီးပါးဒဏ်ရာပြဿနာကြုံခဲ့ရပြီး ယူရို ၂၀၁၆ ပြိုင်ပွဲတွင်လည်း ပြင်သစ်အသင်းနည်းပြ ဒက်ချန့်၏ ချန်လှပ်ထားခဲ့မှုကိုခံခဲ့ရသည်။

လက်ရှိတွင် အီတလီစီးရီးအေကလပ်အသင်းများက ခေါ်ယူရန်ပစ်မှတ်ထားနေသည့်အပြင် မန်စီးတီးအသင်းကလည်း ကွင်းလယ်ကစားသမားနာဆရီအား ရောင်းချရန်ပြင်ဆင်နေခြင်းကြောင့် အပြောင်းအရွှေ့ဈေးကွက်မပိတ်မီကာလအတွင်း အေစီမီလန်၊ အင်တာမီလန်နှင့် ရိုးမားအသင်းတို့အနက် မည်သည့်အသင်း ရောက်ရှိမည်လဲဆိုသည်မှာ စိတ်ဝင်စားစရာကောင်းနေခဲ့သည်။




# ပေါ့ဘာအား ပေါင် ၈၉ သန်းဖြင့် မန်ယူအသင်း ခေါ်ယူ

မန်ယူအသင်းသည် ဂျူဗင်တပ်အသင်းမှ မန်ယူကစားသမားဟောင်းတစ်ဦးဖြစ်သူ ပေါ့ဘာအား ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးပေါင် ၈၉ သန်းဖြင့် ခေါ်ယူလိုက်ပြီဖြစ်ကြောင်းသိရသည်။ပေါ့ဘာသည် တစ်ပတ်လုပ်ခလစာပေါင် ၂၉၀၀၀၀ ရရှိမည်ဖြစ်သည်။

အသက်(၂၃)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ပေါ့ဘာသည် ၂၀၁၂ ခုနှစ်အတွင်း မန်ယူအသင်းမှ ဂျူဗင်တပ်အသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၁ ဒသမ ၅ သန်းဖြင့် ပြောင်းရွှေ့သွားခဲ့သူဖြစ်ပြီး ဂျူဗင်တပ်အသင်းတွင် လေးနှစ်ကြာကစားခဲ့ပြီးနောက် မန်ယူအသင်းသို့ ပြန်လည်ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းသည် ကွင်းလယ်ကစားသမားပေါ့ဘာအား ငါးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆိုကာ ခေါ်ယူခဲ့ခြင်းဖြစ်ပြီး မန်ယူအသင်းသည် ပေါ့ဘာအား ခေါ်ယူနိုင်ရေးအတွက် ဂျူဗင်တပ်အသင်းအား ယူရို သန်း ၁၁၀ ပေးချေရမည်ဖြစ်သည်။

တိုက်စစ်မှူး ဂါရတ်ဘေးလ်သည် ၂၀၁၃ ခုနှစ်က စပါးမှ ရီးယဲလ်သို့ ပေါင် ၈၅ သန်းဖြင့် ပြောင်းရွှေ့ခဲ့ခြင်းကြောင့် လက်ရှိတွင် ပေါ့ဘာသည် ပေါင် ၈၉ သန်းဖြင့် ကမ္ဘာ့ဈေးအကြီးဆုံးကစားသမားတစ်ဦးဖြစ်လာခဲ့သည်။

ငွေကြယ် - စုစည်းရေးသားသည်

# ဖုန်းများလှည့်လည်ခိုးယူနေသည့် လူငယ်အဖွဲ့ကို ရွှေပြည်သာရဲစခန်းမှ ဖမ်းဆီးရမိ

**ရွှေပြည်သာ ဩဂုတ် ၉**
ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်တွင် ဩဂုတ် ၇ ရက် နံနက် ၁၁ နာရီခန့်တွင် ဒုတိယရဲအုပ်မျိုးအောင် ဦးဆောင်သောရဲတပ်ဖွဲ့ဝင်များသည် နယ်မြေအတွင်း ခိုး၊ ဆိုး၊ လုယက်မှုများကိုစုံစမ်း၍ နယ်မြေလှည့်ကာ ကင်းလှည့်နေစဉ် အမှတ်(၁၃)ရပ်ကွက် ရန်ကြီးအောင်လမ်းမပေါ်တွင် ဖုန်းများခိုးယူခဲ့ဖူးသည့် ဆယ်ကျော်သက်လူငယ်အဖွဲ့ကို ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ရွှေပြည်သာရဲစခန်းမှ ဒုတိယရဲအုပ်မျိုးအောင် ဦးဆောင်သော နယ်မြေလှည့်ကင်းအဖွဲ့သည် သက်သေ ဦးရွှေကိုနှင့် ဦးသန်းမင်းဇော်တို့နှင့်အတူ လှည့်ကင်းလှည့်နေစဉ် အမှတ်(၁၃) ရပ်ကွက် ရန်ကြီးအောင်လမ်းမပေါ်၌ မသင်္ကာဖွယ်လူငယ်တစ်စုကို ရပ်တန့်စစ်ဆေးရာ ၎င်းတို့သည် အမှတ် (၅) ရပ်ကွက် နေအိမ်တစ်အိမ်အတွင်းမှ SING TECH စာသားပါ model-55 အမျိုးအစား အဖြူရောင်ဖုန်းတစ်လုံးနှင့် SAM-500H အမျိုးအစားရွှေအိုရောင်လက်ကိုင်ဖုန်းတစ်လုံးတို့အား ခိုးယူလာခဲ့ပြီး မျိုးမင်းဇော် (ခ)ဂေးဂေး၏ နေအိမ်တွင်ထားရှိကြောင်း ဝန်ခံခဲ့၍ သက်သေများရှေ့မှောက်တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ပြီး လူငယ်များဖြစ်သော အောင်သူ၊ ကျော်မင်းထွန်း(ခ) မင်းထွန်းအောင်၊ စိုးမင်းအောင်(ခ)ကရင်၊ မျိုးမင်းဇော်(ခ)ဂေးဂေး တို့အား ရွှေပြည်သာရဲစခန်းက (ပ) ၈၈၇/၂၀၁၆၊ ရာဇဝတ်ကြီးပုဒ်မ ၃၈၀/၅၄ ဖြင့် အမှုဖွင့်ခဲ့ပြီး ဩဂုတ် ၈ ရက်တွင် ဆက်လက်စစ်ဆေးရာ မျိုးမင်းဇော်(ခ) ဂေးဂေးနှင့် စိုးမင်းအောင်တို့သည် ဩဂုတ်လဆန်းပိုင်းကလည်း ရွှေပြည်သာပုလဲလမ်းဆုံအနီး နေအိမ်တစ်အိမ်မှ ဖုန်းတစ်လုံးခိုးယူခဲ့ပြီး အမှတ်(၁၃)ရပ်ကွက် နဝဒေးလမ်းတွင်နေထိုင်သော မဖွေးဖွေးထံတွင် ငွေကျပ် ၃၅၀၀၀ ဖြင့် ရောင်းချခဲ့ကြောင်း ထပ်မံစစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် ရှာဖွေပုံစံဖြင့်သိမ်းဆည်းခဲ့ပြီး မျိုးမင်းဇော်(ခ)ဂေးဂေးနှင့် စိုးမင်းအောင်(ခ)ကရင် တို့နှစ်ဦးအား ရွှေပြည်သာရဲစခန်းက (ပ) ၈၉၇/၂၀၁၆၊ ရာဇဝတ်ကြီးပုဒ်မ ၃၈၀/၅၄ တို့ဖြင့် ဩဂုတ် ၈ ရက် ညနေပိုင်းက ထပ်မံအမှုဖွင့်ပြီး တရားစွဲတင်ပို့နိုင်ရေး ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။



**ကိုကိုနိုင်(ရွှေပြည်သာ)**

# တောင်သူကုန်းရပ်ကွက် ဘိုကုန်းကားမှတ်တိုင်အနီးတွင် မူးယစ်ဆေးဝါးသယ်လာသူဖမ်းမိ

**ရန်ကုန် ဩဂုတ် ၉**
အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက် မင်းကြီးလမ်း ဘိုကုန်းကားမှတ်တိုင်အနီးတွင် ဩဂုတ် ၇ ရက် မွန်းလွဲ ၁ နာရီက အင်းစိန်မြို့မရဲစခန်းမှ ဒုတိယရဲအုပ်ဝင်းလှိုင်ဦးစီးသည့်အဖွဲ့နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးအဖွဲ့တို့ လှည့်ကင်းဆောင်ရွက်နေစဉ် ထိန်လင်းအောင် ဖော့ကန်ရပ်ကွက်နေသူအား ရှာဖွေစစ်ဆေးရာ ၎င်းဝတ်ဆင်ထားသည့် အတွင်းခံဘောင်းဘီအတွင်းမှ သတင်းစာစက္ကူဖြင့်ထုပ်ထားသော ဆေးခြောက်ဟုယူဆရသည့် အရွက်ခြောက် လေးဂရမ်နှင့် ငွေကျပ် ၂၀၀၀ တို့အား ရှာဖွေသိမ်းဆည်းရမိသည်။

အခင်းဖြစ်စဉ်နှင့်ပတ်သက်ပြီး အင်းစိန်မြို့မရဲစခန်းက ၎င်းအား မူးယစ် (ပ)၂၇/၂၀၁၆၊ ပုဒ်မ-၁၅ /၁၆ (ဂ) တို့ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**(၆၈၄)**

# လဂွမ်းတံတားပေါ်မှ အမျိုးသမီးတစ်ဦး ခုန်ချသေဆုံး

**ရန်ကုန် ဩဂုတ် ၉**
ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲလျက်ရှိသော မြို့ပတ်/လော်ကယ်ရထားများပေါ်တွင် ခရီးသွားပြည်သူများ လုံခြုံရေးနှင့် မှုခင်းကျဆင်းရေးအတွက် ရှာဖွေစစ်ဆေးမှုများနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို မြန်မာ့မီးရထားဝန်ထမ်းများနှင့် ရဲတပ်ဖွဲ့ဝင်များပူးပေါင်း၍ နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်စဉ် ဩဂုတ် ၆ ရက် ည ၇ နာရီခွဲက ရန်ကုန်-မင်္ဂလာဒုံ(တောင်ပုံ-၁၃) မြို့ပတ်ရထားသည် မလွှကုန်းဘူတာနှင့် မေတ္တာညွန့်ဘူတာကြား မိုင်တိုင်အမှတ်(၂/၃-၄)အရောက် တာမွေမြို့နယ် လဂွမ်းအိမ်တံတားပေါ်မှ အမျိုးသမီးတစ်ဦးခုန်ချရာ ရထားစက်ခေါင်းပေါ်သို့ ဦးစွာပြုတ်ကျပြီး ထိုမှတစ်ဆင့် ရထားလမ်းဘေးသို့ ပြုတ်ကျကာ ဦးခေါင်းဇက်ကျိုး၊ သွေးထွက်ပေါက်ပြဒဏ်ရာများဖြင့် အခင်းဖြစ်နေရာ၌ သေဆုံးခဲ့သည်။

သေဆုံးသူအမျိုးသမီးမှာ မနှင်းလဲ့လဲ့အေး (၂၄)နှစ်ဖြစ်ကြောင်း၊ အခင်းဖြစ်လျှင်ဖြစ်ချင်း ရထားလိုက်လုံခြုံရေး အမှတ် (၁၄) တပ်ခွဲ၊ အင်းစိန်တပ်စု (၃)မှ ရဲဒုတပ်ကြပ်အေးဇော်ဦးနှင့်အဖွဲ့၊ ရထားစက်ခေါင်းမောင်း ဦးထွန်းထွန်းလတ်နှင့်အဖွဲ့၊ တာမွေမြို့မရဲစခန်းမှူး ဒုတိယရဲမှူး ခင်စိုးနှင့် အဖွဲ့တို့ပူးပေါင်းကာ သေဆုံးသူအား ရန်ကုန်ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့သည်။

အခင်းဖြစ်စဉ်နှင့်ပတ်သက်၍ တာမွေမြို့မရဲစခန်းမှ ဒုရဲမှူးခင်စိုးလွင်က သေမှုသေခင်း PR ၀၂၀(ပ)၁၇/၂၀၁၆ ဖြင့် အမှုဖွင့်အရေးယူထားကြောင်းနှင့် သေဆုံးမှုနှင့်ပတ်သက်ပြီး ဓမ္မတာအတိုင်း သေဆုံးမှုဟုတ်/မဟုတ် စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်ဦး(အင်းစိန်)**

# ကျောက်ပန်းတောင်း၌ စိတ်ကြွရူးသွပ်ဆေးပြားသုံးစွဲသူနှစ်ဦး ဖမ်းဆီးရမိ

**ကျောက်ပန်းတောင်း ဩဂုတ် ၉**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် မှုခင်းကျဆင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၈ ရက် ညပိုင်းက ရပ်ကွက်များအတွင်း လှည့်ကင်းဆောင်ရွက်စဉ် စိတ္တပါလဂူကျောင်းလမ်းတွင် WY စာတန်းပါ ပန်းရောင်စိတ်ကြွဆေးပြားသုံးစွဲသူနှစ်ဦးတို့အား ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ နယ်ထိန်းတပ်ဖွဲ့ဝင်များ ပါဝင်သောအဖွဲ့သည် မှုခင်းကျဆင်းရေးလုပ်ငန်းများဆောင်ရွက်မှုအဖြစ် ရပ်ကွက်များအတွင်း လှည့်ကင်းတာဝန်ထမ်းဆောင်နေစဉ် အောင်မင်္ဂလာရပ်ကွက် စိတ္တပါလဂူကျောင်းလမ်းအရောက်တွင် မူးယစ်ဆေးဝါးသတင်းအရ မြို့တွင်းမှ စိတ္တပါလဂူကျောင်းသို့ မောင်းနှင်လာသည့် တင်ကိုလင်း(ခ) အောင်ဆန်းမင်း မောင်းလာပြီး တင်မိုးလင်း(ခ)ရေခဲချောင်း နောက်မှ လိုက်ပါလာသော မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးခဲ့ရာ တင်မိုးလင်း(ခ)ရေခဲချောင်းမှာ ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးခဲ့ပြီး ၎င်းဝတ်ဆင်ထားသည့် ပုဆိုးခါးကြားအတွင်း လိပ်ထားသည့် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ရှစ်ပြားနှင့် အနီရောင် ဂက်စ်မီးခြစ်တစ်လုံး၊ VIVO(Y-15)တံဆိပ်ပါ လက်ကိုင်ဖုန်းတစ်လုံးနှင့် တင်ကိုလင်း(ခ) အောင်ဆန်းမင်း စီးနင်းလာသည့် ROSEBO-110 အမျိုးအစား မော်တော်ဆိုင်ကယ် ဖင်ထိုင်ခုံအောက်ဘောက်အတွင်းမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား သုံးပြား၊ ၎င်းလက်တွင် ကိုင်ဆောင်ထားသည့် HUAWEI(Y-610) အမျိုးအစား ဖုန်းတစ်လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

သိမ်းဆည်းရမိဆေးပြားများနှင့် ပတ်သက်၍စစ်ဆေးရာ ဆိုင်ကယ်ကယ်ရီမောင်းနှင်စဉ် လားရှိုးမှလာသည်ဟုပြောသော အမျိုးသားတစ်ဦးနှင့်ဆက်စပ်မိပြီး ၎င်းတို့နှစ်ဦးပေါင်း၍ သုံးစွဲရန် ဆေးပြားတစ်ပြားလျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် စုစုပေါင်း အပြား ၂၀ ဝယ်ယူသုံးစွဲခဲ့ကြပြီး ယခုလက်ဝယ်တွေ့ရှိသည်မှာ ကျန်ရှိနေသော ဆေးပြားများဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

❋

# ရွှေပြည်သာတွင် ကလေးငယ်တစ်ဦး ဆော့ကစားရင်း လှိုင်မြစ်ထဲ ပြုတ်ကျသေဆုံး

**ရွှေပြည်သာ ဩဂုတ် ၉**
ရွှေပြည်သာ (၁၈)ရပ်ကွက်မှ အသက် သုံးနှစ်အရွယ် ကလေးငယ်တစ်ဦးသည် ဆော့ကစားရင်း လှိုင်မြစ်အတွင်းသို့ပြုတ်ကျပြီး ရေနစ်သေဆုံးမှု ဩဂုတ် ၈ ရက်က ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဩဂုတ် ၈ ရက် နံနက် ၁၀ နာရီခန့်က အမှတ်(၁၈) ရပ်ကွက် ဆိပ်ကမ်းသာ(၁)လမ်း ကျူးကျော်တဲတွင် နေထိုင်သော ဦးကျော်ဆန်းဦး၏ သားဖြစ်သူ မောင်စိုင်းမြဝေသည် နေအိမ်တွင် မိဘများမရှိခိုက် အစ်ကိုဖြစ်သူ ခုနစ်နှစ်အရွယ် သက်ပိုင်ဦး အိမ်သာသွားသည်ကို လိုက်ပါသွားခဲ့သည်။ လှိုင်မြစ်ကမ်းနံဘေးတွင် အစ်ကိုဖြစ်သူ အိမ်သာတက်နေစဉ် ညီငယ် စိုင်းမြဝေက မြစ်ကမ်းနံဘေးတွင် ဆော့ကစားရာမှ ပြုတ်ကျခဲ့ခြင်းဖြစ်သည်။ ရေနစ်နေပြီး မြုပ်လိုက်ပေါ်လိုက်ဖြစ်နေသည်ကို ရွှေပြည်သာဘက်ကမ်းမှလာသည့် ငှက်ပျောသီးတင်လှေတစ်စင်းက တွေ့မြင်သွားပြီး လှေပေါ်ပါသူ အမျိုးသမီးတစ်ဦးက ကမ်းနားရှိလူများကို အော်ဟစ်အကူအညီတောင်းခံ၍ ဆယ်ယူခဲ့ကြသည်။ ၎င်းနောက် ရေမွန်းနေသော ကလေးငယ်ကို ဆိုင်ကယ်ပေါ်တင်၍ နီးစပ်ရာဆေးခန်းသို့ အမြန်တင်ပို့စဉ် လမ်း၌ သေဆုံးခဲ့ခြင်းဖြစ်သည်။

"သူ့မိဘတွေကတော့ ယူကျုံးမရဖြစ်တာပေါ့ဗျာ။ အုပ်ချုပ်ရေးပိုင်းက လူကြီးတွေရော၊ ရဲစခန်းကတာဝန်ရှိသူတွေရော လာကြည့်ပါတယ်။ မိဘတွေရဲ့သဘောဆန္ဒအရ သေမှုသေခင်းအတွက် ဆေးရုံမပို့တော့ဘဲ သင်္ဂြိုဟ်ဖို့ပဲ စီစဉ်ခဲ့ကြပါတယ်"ဟု သေဆုံးမှုဖြစ်စဉ်ကို သွားရောက်ကြည့်ရှုခဲ့သည့် ကိုဘိုထွန်းက ပြောသည်။

**(ရွှေမြင့်ဦး)**

**အမည်မှန်**
ပဲခူးမြို့ အလက(ခွဲ)(၄) ဥဿာမြို့သစ် ဆဋ္ဌမတန်း(A)မှ အဘ ဦးခင်မောင်စိန်၏သား မောင်ဇင်လင်းထွန်းအား မောင်ဟိန်းတေဇ ဟုပြောင်းလဲခေါ်ပါရန်။ **ဦးခင်မောင်စိန်**

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

**FULLY LIGHT** ခရီးသွားကုမ္ပဏီ
လူကြီးမင်းတို့ သွားလိုရာ ခရီးအား
အကောင်းဆုံး ဝန်ဆောင်မှုပေးနေပါသည်...
လိပ်စာ - ခရုစ်တာ(၁)၊ဘီဆောင်-၀၀၁၊မြေနီကုန်းစမ်းချောင်း
01-503815 ,09-333 777 82,09-42 101 3085

**ယာဉ်မောင်းအလိုရှိသည်**
ကားကြီးမောင်းနိုင်ရမည်။
သာကေတစက်မှုဇုန်
Ph:09-31288553

**MYANMAR TECHNOLOGY CCTV**
09-777188024, 09-777188025 2 year warranty
နေ့ညကြည်လင်ပြတ်သားစွာမြင်နိုင်သော အဆင့်မြင့် HD Camera များကို အထူးလျှော့ဈေးနှုန်းများဖြင့် ရောင်းချတပ်ဆင်ပေးနေပါပြီ။
4 Channel = 250000 Ks
8 Channel = 380000 Ks
16 CH, 24 CH, 32 CH
အိမ်တိုင်ရာရောက်ရှင်းပြတပ်ဆင်ပေးပါသည်။



အင်တာနက်မှ ဖုန်းဖြင့်တိုက်ရိုက်ကြည့်ရှုနိုင်ပါသည်။

ပုံပြင်ဖတ်ပြချင်တဲ့ မေမေ ဖေဖေတွေ အတွက်
ကိုယ်တိုင်ဖတ်ချင်တဲ့ သားသား မီးမီးတွေ အတွက်
**မိုးရည်** ၏



ရေသူမလေး
နှင့်
စင်ဒရဲလား
ပုံပြင်များ



ဖောမန်စာပေ - ၀၉ ၇၃၀ ၅၀၆၉၄၊ ၀၉ ၄၃၁ ၉၇၇၄၉ ဖြန့်ချိ

**ရန်ကုန်၊ စမ်းချောင်း (မြေညီ+ပထပ်)**
ခရေ၊ မီးအစုံ (သိန်း ၂၀၀)
**ရောင်း**
**ငှား** (၂) သိန်း၊ ဈေးညှိ/ထင်းပါမည်။
09 799653493

**ဖခင်အမည်မှန်**
မင်္ဂလာဒုံ၊ ထောက်ကြန့် P.S.H ကျောင်း ဒသမတန်းမှ မဖူးဝေသွင်၏ ဖခင်အမည်မှန်မှာ ဦးချမ်းမြေ့သွင် [၁၄/ပသန(နိုင်)၁၆၃၂၆၃] ဖြစ်ပါသည်။ **ဦးချမ်းမြေ့သွင်**

**လမ်းမကျယ်/နေရာကောင်း မြေညီတိုက်ခန်းရောင်းမည်**
အင်းစိန်လမ်းမကြီးပေါ်၊ လှိုင်မြို့နယ်လမ်းထောင့်ခန်း၊ လူစည်၊ မှတ်တိုင်ဘေး၊ ကျောင်းနီး၊ လုပ်ငန်းစုံလုပ်ရန် ကောင်း အမည်ပေါက်၊ ပေ(၁၄×၄၅)။ သိန်း (၁၆၀၀)
**ဖုန်း-၀၉- ၄၅၀၀၂၈၂၂၈**

**တစ်ဦးတည်းဖြစ်ပါကြောင်း**
မရမ်းကုန်းမြို့နယ် ဦးမျိုးမြင့်၏ သမီးဖြစ်သူ မကလျာမြင့်(ခ)ကလျာမြင့် Sydeny [၁၂/မရက(နိုင်)၁၃၉၈၇၁]မှာတစ်ဦးတည်းဖြစ်ပါကြောင်း။ မကလျာမြင့်(ခ)ကလျာမြင့် Sydeny

[illegible]

**ခြံနှင့်တိုက်ခန်း ငှားမည်/ရောင်းမည်**
(၉)မိုင်၊ ဝိဇ္ဇာလမ်း၊ ပေ(၇၀×၁၄၀)၊ A-C ၅လုံး ရေပူရေအေး၊ ဖုန်းပါ။
ဖျာပုံလမ်း၊ စမ်းချောင်း ပေ(၁၂½×၅၀)၊ ထပ်ခိုးပါ၊ A-C ပါ၊ အငှား- ၄ သိန်း
ဖုန်း- ၀၉-၅၀၉၃၄၀၁၊ ၀၉-၇၈၈၇၇၆၃၅၆၆

**ငြင်းချက်ထုတ်ရန်သမ္မန်စာ**
**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ဖျာပုံမြို့နယ်တရားရုံး၌**
**၂၀၁၆ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၀၈**

| | | |
|---|---|---|
| မခင်မာလာမြင့် | နှင့် | မောင်ကျော်မင်းဦး |
| ကမ္ဘောဇဘဏ် | | ဘောက် |
| (၁၂)ရပ်ကွက်၊ ဝန်ထမ်းအိမ်ရာ၊ | | အောက်ကွင်းကျေးရွာ၊ |
| ဖျာပုံမြို့။ | | ကွက်သစ်ပိုင်း၊ ဖျာပုံမြို့နယ် |
| **(တရားလို)** | | **(တရားပြိုင်)** |

ဖျာပုံမြို့နယ်၊ အောက်ကွင်းကျေးရွာ၊ ကွက်သစ်ပိုင်းနေမောင်ကျော်မင်းဦး (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလို မခင်မာလာမြင့်က လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု စွဲဆိုထားသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၆ခုနှစ်၊ ဩဂုတ်လ ၂၂ရက် (၁၃၇၈ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ရက်) မွန်းမတည့်မီ ၁၀ နာရီအတွင်း တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ်၊ ဩဂုတ်လ ၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရတနာထွန်း)**
**ဒုတိယမြို့နယ်တရားသူကြီး**
**ဖျာပုံမြို့နယ်တရားရုံး**

## စစ်ကိုင်းမြို့နယ် ကျောက်ဆည်ကျေးရွာ၌ မြေငှားဂရန် ပေးအပ်ပွဲ ကျောက်ဆည်တွင် ကျင်းပ

**စစ်ကိုင်း ဩဂုတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ကျောက်ဆည်ကျေးရွာအုပ်စုရှိ ကျေးရွာပြည်သူများအား မြေငှားဂရန်ပေးအပ်ခြင်း အခမ်းအနားကို ဩဂုတ် ၇ ရက် နံနက် ၁၀ နာရီက အဆိုပါကျေးရွာရှိ သာသနာ့ဟိတဓမ္မာရုံ၌ ပြုလုပ်ခဲ့သည်။

ဂရန်ပေးအပ်ပွဲသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သောင်း၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဆန်းနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှမျိုးထွန်းနှင့် ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာပြည်သူများ တက်ရောက်ခဲ့ကြသည်။

ယင်းနေ့ကပြုလုပ်သည့် မြေငှားဂရန်ပေးအပ်ပွဲတွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားခဲ့သည်။

ခရိုင်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်မြင့်က မြေငှားဂရန်များ ထုတ်ပေးရခြင်း ရည်ရွယ်ချက်များကို ပြောကြားရာ အခုလိုမြေငှားဂရန်များရရှိထားတဲ့အတွက် ကျေးရွာပြည်သူတွေ အစဉ်အဆက်နေထိုင်လာတဲ့ အိုးအိမ်မြေယာတွေကို ပိုင်ဆိုင်မှုအထောက်အထား အခိုင်အမာရရှိသွားပြီး အရှုပ်အရှင်းကင်းစွာ၊ လုံခြုံစိတ်ချစွာ နေထိုင်သွားနိုင်ပြီဖြစ်ကြောင်း စသည်ဖြင့် ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက ကျေးရွာပြည်သူ ၃၁၅ ဦး တို့အား မြေငှားဂရန်များပေးအပ်ရာ ကျေးရွာတာဝန်ရှိသူများက အသီးသီး လက်ခံယူကြပြီး ကျေးရွာပြည်သူများကိုယ်စား ရပ်မိ၊ ရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အခမ်းအနားအပြီးတွင် ကျေးရွာရှိပြည်သူများက မြေဂရန်လျှောက်ထားရမည့် ဥပဒေ၊ လုပ်ထုံး၊ လုပ်နည်းများနှင့်ပတ်သက်၍ မရှင်းလင်းသည်များကို မေးမြန်းကြရာ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးပေးခဲ့ကြကြောင်း သိရသည်။

**ဇော်မြင့်နိုင်**

## ငါးသိုင်းချောင်းမြို့ ဝန်ရေကာတာကြံ့ခိုင်မှုကောင်းမွန်ရေး နေ့၊ ညမလပ် စုပေါင်းပြုပြင်ဆောင်ရွက်နေ

**ငါးသိုင်းချောင်း ဩဂုတ် ၉**

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ ဝန်မြစ်ရေသည် ဩဂုတ် ၇ ရက် ညနေ ၆ နာရီတိုင်းထွာချက်အရ ၃၀ ဒသမ ၆၅ ပေ စိုးရိမ်ရေအမှတ်အထက် ၃ ပေနှင့် သုည ဒသမ ၆၅ လက်မကျော်လွန်လျက်ရှိပြီး ည ၇ နာရီခန့်၌ ရှေ့ဆောင်ရပ်ကွက် ဝန်ရေကာတာ တာမိုင် ၄၇/၂+၄၀၀ တာခြေ၌ လက်မဝက်ခန့် ရေယိုစိမ့်ပေါက် ငါးပေါက်ကပ်လျက်တွေ့ရှိရသဖြင့် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ပုသိမ်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဌေး၊ မြို့နယ်တွဲဖက်ဦးစီးအရာရှိ ဦးကျော်ကျော်လွင်နှင့် ဝန်ထမ်းများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ နယ်မြေရဲတပ်ဖွဲ့၊ သဘာဝဘေးကယ်ဆယ်ရေးအဖွဲ့ဝင်များ၊ မြို့ပေါ်ရှိ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူလူထုတို့က အချိန်မီဝိုင်းဝန်းစုပေါင်း၍ ရေခွေကတုတ်ရိုက် ပြုပြင်ဆောင်ရွက်ခဲ့ကြသည်။



ဝန်ရေကာတာတစ်လျှောက် မြစ်ရေတိုးမြင့်နေချိန်တွင် နေ့၊ ညမရွေး ရေယိုစိမ့်ပေါက်ဖြစ်ပေါ်မှု တွေ့ရှိရပါက သက်ဆိုင်ရာသို့အမြန်ဆုံးသတင်းမှန်များ ပေးပို့၍ အချိန်မီဝိုင်းဝန်းဆောင်ရွက်သွားကြရန် သက်ဆိုင်ရာတာဝန်ရှိသူများက အများပြည်သူသို့နှိုးဆော်အသိပေးလျက်ရှိပြီး ဝန်ရေကာတာကြံ့ခိုင်မှုအခြေအနေမှာ ရေယိုစိမ့်ပေါက် အနည်းငယ်ဖြစ်ပေါ်သည်မှအပ လက်ရှိရေအမှတ်အထိ ကောင်းမွန်နေဆဲဖြစ်ကြောင်း၊ စိုးရိမ်ရသောအခြေအနေတွင်မရှိသေးကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဒေသခံများကလည်း ရေကာတာ စောင့်ကြည့်ရေးလုပ်ငန်းများကို ပုံမှန်ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စိုးမင်းဦး(ပြန်/ဆက်)**

## သောက်သုံးရေရှားပါးမှုမဖြစ်စေရေး နားယကာကျေးရွာ၌ လက်တူးတွင်းနှင့် ရေကန်ဖွင့်ပွဲကျင်းပ

**ဗန်းမောက် ဩဂုတ် ၉**

နွေရာသီကာလများအတွင်း သောက်သုံးရေရှားပါးမှုမဖြစ်ပေါ်စေရေးနှင့် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် လယ်နက်ကြီးအုပ်စု နားယကာကျေးရွာ၌ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်လုပ်ငန်းအဖြစ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေ ၄၅ သိန်းဖြင့် ၄ ပေ ကွန်ကရစ်ခွေ၊ လက်တူးတွင်း အနက် ပေ ၄၀ နှင့် ရေဂါလန် ၁၀၀ ဆံ့ အုတ်ရေကန် တစ်ခုနှင့်အင်ဂျင်စက် ခုနစ်ကောင်အားဒိုင်နမို သုံးကီလို ရေမြုပ်မော်တာတို့အား တပ်ဆင်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ရေပေးဝေရေးကွန်ကရစ် လက်တူးတွင်းနှင့် ရေကန်ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၇ ရက် နံနက် ၉ နာရီခွဲက ရေတွင်း ရေကန်လုပ်ငန်း တူးဖော်ထားရှိသည့် အရှေ့၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးငြိမ်း၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်နန်းနှင့် မြို့နယ်အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသန်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အငယ်တန်းအင်ဂျင်နီယာ ဦးပြေသာမောင်တို့က လုပ်ငန်းနှင့် ပတ်သက်သည်များကို ပေးအပ်ကြရာကျေးရွာမှ တာဝန်ရှိသူများက လက်ခံရယူခဲ့သည်။

"ကျွန်တော်တိုကျေးရွာက ပြည်သူတွေ သောက်သုံးရေသုံးစွဲရာမှာ အခက်အခဲမရှိအောင် လာရောက် ဆောင်ရွက်ပေးတာဖြစ်လို့ ကျွန်တော့် အိမ်ဝိုင်းထဲမှာ ရေတွင်း ရေကန်တူးဖော်ဆောင်ရွက်စေခဲ့တာ ဖြစ်ပါတယ်။

'ရေတွင်းက ရေထွက်အားကလည်း ကောင်းတော့ နွေရာသီအတွက်ပူစရာ မလိုတော့ဘူးပေါ့ဗျာ။ ရေကိုလည်း စက်နဲ့ တင်ပေးမှာဆိုတော့ ရေခပ်ရတာ သက်သာတဲ့အတွက် ကျွန်တော်အပါအဝင် ကျေးရွာက ပြည်သူတွေကလည်း ဝမ်းသာနေကြပါတယ်" ဟု အဆိုပါကျေးရွာမှ ဦးထွန်းအေးက ပြောသည်။

**ပြန်/ဆက်၊ ဗန်းမောက်**

## ဖယ်ခုံမြို့နယ်၌လူစုလူဝေးစနစ်တကျ ထိန်းသိမ်းနည်း(ဆင့်ပွား) သင်တန်း (၅/၂၀၁၆)ဖွင့်

**ဖယ်ခုံ ဩဂုတ် ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ်ရဲတပ်ဖွဲ့မှ လူစုလူဝေးစနစ်တကျ ထိန်းသိမ်းနည်း (ဆင့်ပွား)သင်တန်း အမှတ်စဉ် (၅/၂၀၁၆) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၈ ရက် နံနက် ၉ နာရီက မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်စိုးက အဖွင့်အမှာစကားပြောကြားရာတွင် သင်တန်းသားများ အနေဖြင့် သင်ခန်းစာပို့ချချက်များသည် အနောက်ဥရောပဒီမိုကရေစီနိုင်ငံများမှ မြန်မာနိုင်ငံသို့ လာရောက် ပို့ချသည့် နည်းစနစ်များကို ဆက်လက်ပို့ချသောသင်တန်းဖြစ်ပြီး လူစုလူဝေးထိန်းသိမ်းရာတွင် နည်းစနစ်တကျ ညင်သာစွာ ကိုင်တွယ်ထိန်းသိမ်းတတ်စေရန် ရည်ရွယ်၍ စာတွေ့ လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်သည့်အတွက် တပ်ဖွဲ့ဝင်များအားလုံး ဂရုတစိုက်ကြိုးစားသင်ယူကြရန်လိုအပ်ကြောင်းစသည်ဖြင့် ပြောကြားခဲ့သည်။ ဆက်လက်၍ ဖယ်ခုံမြို့မစခန်းမှူး ဒုရဲမှူးခွန်ဗိုဇင်းရှိုစိန်က စည်းကမ်းပိုင်းများနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းကို ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ဖယ်ခုံမြို့နယ်ရဲတပ်ဖွဲ့ရှိ မြို့နယ်ရုံးနှင့် ရဲစခန်း၊ ရဲကင်းများမှ တပ်ဖွဲ့ဝင် အရာရှိခြောက်ဦး၊ အခြားအဆင့် ၂၈ ဦး စုစုပေါင်းသင်တန်းသား ၃၄ ဦးအား ရဲအုပ်သန့်ဇင်ဟိန်းနှင့် နည်းပြသုံးဦးတို့က သင်ခန်းစာများကို လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုထွေး**



## ဝက်လက်မြို့နယ်တွင် ကောက်စိုက်စက်ဖြင့် ရွှေဘိုပေါ်ဆန်းမိုးစပါးစိုက်ပျိုးပြသ

**ဝက်လက် ဩဂုတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် မြင်တော်ကျေးရွာအုပ်စု ကွင်းအမှတ် ၃၄၃၀ ဦးပါကေဆယ်ကွင်းရှိ တောင်သူ ဦးမိုးမင်းမြင့်၏ လယ်မြေလေးဧကတွင် ရွှေဘိုပေါ်ဆန်း မိုးစပါးကို စက်မှုလယ်ယာဦးစီးဌာန (၆)တန်းသွားကောက်စိုက်စက်ဖြင့် စိုက်ပျိုးပြသမှုကို ဩဂုတ် ၇ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

စက်မှုလယ်ယာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးရွှေဝင်း၊ မြို့နယ်စက်မှုလယ်ယာဦးစီးမှူး ဦးမင်းနိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုး ညှိနှိုင်းရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တောင်သူများ တက်ရောက် ကြည့်ရှုခဲ့ကြကြောင်းသိရသည်။

အဆိုပါပြပွဲ၌ စက်မှုလယ်ယာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းအကျိုးကျေးဇူးများကိုရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**နန်းမြင့်(ဝက်လက်)**

## မြစ်သားမြို့နယ် ကူမဲတွင် အထူးကု ဆရာဝန်ကြီးများက အဖွဲ့လိုက်စုပေါင်း၍ အခမဲ့ ဆေးကုသပေး

**မြစ်သား ဩဂုတ် ၉**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ကူမဲတိုက်နယ်တွင် ကျောက်ဆည်ခရိုင် ပြည်သူ့ဆေးရုံအုပ်ကြီး ဦးဆောင်သော အထူးကုဆရာဝန်ကြီးများက အဖွဲ့လိုက်စုပေါင်း၍ ဩဂုတ် ၇ ရက် နံနက် ၆ နာရီခွဲကစ၍ ရွှေဘုံသာကျောင်း ကေသီဦး ဓမ္မာရုံ၌ အခမဲ့ဆေးကုသပေးခဲ့ကြောင်း သိရသည်။

အခမဲ့ ဆေးကုသပေးရာတွင် ကျောက်ဆည်ခရိုင် ဆေးရုံအုပ်ကြီး ဒေါက်တာတိုးတိုး ဦးဆောင်သော အထူးကုဆရာဝန်ကြီး ၁၁ ဦးနှင့် ကျန်းမာရေးဝန်ထမ်း ၄၄ ဦးတို့က အရေပြားအထူးကု၊ စိတ်ကျန်းမာရေး၊ ကလေးအထူးကု၊ မျက်စိ၊ ခွဲစိတ်၊ အထွေထွေ၊ အရိုးအထူးကု စသည်တို့ဖြင့် ကုသဌာန ၁၂ ဌာန ဖွင့်လှစ်ပြီး ဒေသခံလူနာ ၇၀၀ ကျော်အား စမ်းသပ်ကုသပေးခဲ့ကြောင်း သိရသည်။

အခမဲ့ကုသပေးသော ဆရာဝန်ကြီးများအဖွဲ့ကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမင်းအောင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကိုကိုနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ပရဟိတအဖွဲ့များ၊ မြို့မိမြို့ဖများက အားပေးကူညီ ဆောင်ရွက်ပေးကြကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**

## မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများဆောင်ရွက်

**သထုံ ဩဂုတ် ၉**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ သထုံခရိုင်အတွင်းစုစုပေါင်းကျေးရွာ ၂၇ ရွာ ဆောင်ရွက်ပေးခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် သထုံမြို့နယ်တွင်သုံးရွာ၊ ကျိုက်ထိုမြို့နယ်တွင်သုံးရွာ၊ ဘီးလင်းမြို့နယ်တွင်သုံးရွာနှင့်ပေါင်မြို့နယ်တွင်သုံးရွာ စုစုပေါင်းကျေးရွာ ၁၂ ရွာကို ဆက်လက်အကောင်အထည် ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး တစ်ရွာလျှင် မြစိမ်းရောင်အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း၃၀၀နှုန်းဖြင့် စုစုပေါင်းကျပ်သိန်း ၃၆၀၀ အား မြို့နယ်ဦးစီးမှူးများက ဇူလိုင်လအတွင်းကျေးရွာများသို့ သက်ဆိုင်ရာမြစိမ်းရောင်ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီများမှတစ်ဆင့် ရန်ပုံငွေများ ထုတ်ချေးပေးခဲ့ပြီးဖြစ်သည်။

ယခုအခါကျေးရွာသူကျေးရွာသားများက မိမိတို့၏တစ်ပိုင်တစ်နိုင် မိသားစုဝင်ငွေတိုးပွားစေမည့် စီးပွားရေးလုပ်ငန်းများအား စတင်ဆောင်ရွက်နေပြီဖြစ်သည်။ **(ကြေးမုံ)**

## မြင်းမူမြို့နယ် ခွက်ခွင်းကျေးရွာတွင် စီမံချက်ဖြင့် မြေငှားစာချုပ်ပေးအပ်ပွဲ ပြုလုပ်

**မြင်းမူ ဩဂုတ် ၉**

မိမိပိုင်ဆိုင်နေထိုင်ရာ မြေကွက်များ အထောက်အထား ခိုင်လုံစွာဖြင့် ပိုင်ဆိုင်ခွင့်များရရှိရေးစာချုပ် (မြေငှားဂရန်) များရရှိရေးအတွက် ရက် ၁၀၀ စီမံချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ကာ ကျေးရွာပြည်သူများသို့ မြေငှားစာချုပ်များပေးအပ်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် ခွက်ခွင်းကျေးရွာ တိပိဋကမိဘမေတ္တာရွာလယ်ခန်းမ၌ ဩဂုတ် ၅ ရက်က ပြုလုပ်ခဲ့သည်။

ပေးအပ်ပွဲတွင် စစ်ကိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဆန်းက မြေငှားစာချုပ်များပြုလုပ်ပေးခြင်းရည်ရွယ်ချက်၊ ပိုင်ဆိုင်မှုခိုင်မာရေး အကျိုးကျေးဇူးများကိုလည်းကောင်း၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်မြင့်က မြေငှားဂရန်ထုတ်ပေးနိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်ချက်များအဆင့်ဆင့်ကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြေငှားစာချုပ်များကို ကော်လိတ္တော်အရာရှိ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဆန်း၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်မြင့်၊ လက်ထောက်ကော်လိတ္တော်အရာရှိ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဦးနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းမြင့်တို့က မြေငှားစာချုပ်များကို အသီးသီးပေးအပ်ကြရာ ကျေးရွာသား၊ ကျေးရွာသူများကိုယ်စား ဦးလန်းလန်းထွန်းက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။ ယခုအကြိမ် မြေယာပိုင်ဆိုင်မှု မြေငှားစာချုပ် လက်ခံရရှိသူပေါင်းမှာ ၁၄၃ ဦး ဖြစ်ကြောင်း သိရသည်။

**အောင်စိုးဖေ**(IPRD)

## ရာသီဥတုကြောင့်ထွက်နှုန်းကျဆင်းသည့် မိုးနှမ်းဈေးနှုန်းပြန်လည်မြင့်တက်လာ

**ရေတာရှည် ဩဂုတ် ၉**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းရှိ နှမ်းစိုက်တောင်သူများသည် ဇူလိုင်ပထမပတ်အတွင်းက မိုးအဆက်မပြတ် ရွာသွန်းခဲ့၍ နှမ်းစိုက်ခင်းများ ပျက်စီးကာ ထွက်နှုန်းလျော့ကျခဲ့ကြောင်း သိရသည်။

"မိုးတွေ ဆက်တိုက်ရွာနေတော့ နှမ်းစိုက်ခင်းတွေ သေကုန်လို့ တောင်သူတွေထိခိုက် နစ်နာမှုတွေရှိပါတယ်။ ထွက်နှုန်းကကျပါတယ်ဆိုမှ ဈေးကလည်းမကောင်းပြန်တော့ မျိုးဖိုးရအောင်တောင် အနိုင်နိုင်ဖြစ်ရတယ်" ဟု နှမ်းစိုက်တောင်သူတစ်ဦးက ပြောသည်။

နှမ်းဈေးနှုန်း အတက်အကျသည် မန္တလေးဈေးကွက်နှင့် တရုတ်ဝယ်လက်အပေါ်တွင် တည်မှီလျက်ရှိနေကြောင်း ဆွာမြို့ရှိ နှမ်းအဝယ်ဒိုင်ဖွင့်ထားသူကပြောသည်။

"မိုးတွေရွာတော့ နှမ်းအရည်အသွေးပိုင်းကျသွားတယ်။ တစ်တင်းမှ ကျပ် ၃၀၀၀၀ ဝန်းကျင်ဖြစ်သွားတာ အခုနှမ်းနက်အစင်ဆိုရင် တစ်တင်းကို ကျပ် ၄၅၀၀၀ အထိ ပြန်တက်လာတယ်"ဟု ၎င်းကပင် ဆက်လက်ပြောသည်။

နှမ်းစိုက်တောင်သူ အများစုမှာ ကျဈေးဖြင့် ရောင်းချခဲ့ကြရပြီး ယခုနှမ်းဈေး ပြန်လည်မြင့်တက်လာချိန်တွင် လက်ကျန်နှမ်းမရှိတော့၍ အကျိုးခံစားခွင့် နည်းပါးခဲ့သည်။

**ကိုလွင်(ဆွာ)**



## ပဲခူးမြို့နယ်အတွင်း ယာဉ်/လမ်းစည်းကမ်းများ အရှိန်အဟုန်မြှင့်ဖမ်းဆီး

**ပဲခူး ဩဂုတ် ၉**

ပဲခူးမြို့နယ်အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို အရှိန်အဟုန်မြှင့် ဖမ်းဆီးရာတွင် ဩဂုတ် ၇ ရက်က ဆိုင်ကယ်နှစ်စီး၊ ယာဉ်မောင်းလိုင်စင်မပါ ခွေးဘီလူးလိုင်းကားသုံးစီး၊ ခရီးသည်တင် ဟွန်ဒိုင်းကားသုံးစီး၊ သက်တမ်းလွန် ဟိုင်းလတ်ကားတစ်စီးတို့ကို ပဲခူးမြို့နယ်အပိုင် အင်းတကော်ရဲစခန်းနှင့် ဘုရားကြီးရဲစခန်းတို့တွင် ဖမ်းဆီးရမိကြောင်း သိရသည်။

**(၅၈၈)**

## အခြေခံ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေး အထောက်အကူပြုသင်တန်းဖွင့်ပွဲအခမ်းအနားပြုလုပ်

**ရေဦး ဩဂုတ် ၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ရေဦးမြို့နယ်မွေး/ကုဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော အခြေခံတိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးအထောက်အကူပြုသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၈ ရက် နံနက် ၉ နာရီက အဆိုပါဌာန သင်တန်းခန်းမ၌ကျင်းပရာ ရွှေဦးစွာမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်က အဖွင့်အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာခင်စန်းတင့်က ဇီဝလုံခြုံရေးကောင်းမွန်သော မွေးမြူနည်းစနစ်ဖြင့် မွေးမြူရေးလုပ်ငန်းများ အောင်မြင်ပြီးအကျိုးစီးပွားဖြစ်ထွန်းစေရန် စသည့်ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

သင်တန်းဖွင့်ပွဲသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ဦးဇော်မင်းဦး၊ သက်ဆိုင်ရာဌာနတာဝန်ရှိသူများ၊ မွေး/ကုဦးစီးဌာန သင်တန်းနည်းပြ ဆရာ၊ ဆရာမများ၊ သင်တန်းသားသင်တန်းသူ ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်(ပြန်/ဆက်)**

## ကနီမြို့၌ မော်တော်ယာဉ်စစ်ဆေးရှာဖွေခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဆောင်ရွက်လျက်ရှိပြီး ဆိုင်ကယ်ဆောင်းဦးထုပ် အလုံး ၅၀ အား ဒုတိယအကြိမ်အခမဲ့ပေးအပ်

**ကနီ ဩဂုတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးအောင်ထွန်း ဦးဆောင်သော မြို့နယ်မီးသတ်၊ မြို့နယ်အခွန်၊ မြို့နယ်စည်ပင်စသည့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကနီမြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ဒုတိယဥက္ကဋ္ဌ ဦးစိန်လှိုင်တို့ ပူးပေါင်းပါဝင်ပြီး ယင်းမာပင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မောင်မောင်ဝင်း၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကနီမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး တင်မောင်မြင့်တို့သည် မော်တော်ယာဉ်အား စစ်ဆေးရှာဖွေခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းများနှင့် မော်တော်ဆိုင်ကယ်ဦးထုပ် အလုံး ၅၀ ဒုတိယအကြိမ် အခမဲ့ပေးအပ်ပွဲကို ဩဂုတ် ၈ ရက် နံနက် ၈ နာရီက ကနီမြို့နယ် အမှတ်(၂)ရပ်ကွက် မြို့လယ်လမ်းနှင့် နန်းကျောင်းလမ်းထောင့်၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မော်တော်ယာဉ်စစ်ဆေးရှာဖွေခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းများနှင့် မော်တော်ဆိုင်ကယ်ဦးထုပ် အလုံး ၅၀ ကို ဒုတိယအကြိမ် အခမဲ့ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ယင်းမာပင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မောင်မောင်ဝင်း၏ လမ်းညွှန်မှုကိုခံယူကာ ကနီမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး တင်မောင်မြင့်က "ကနီမြို့နယ်ရှိ ဒေသခံပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ကျွမ်းကျင်နားလည်အသုံးပြုသွားလာနိုင်စေရေးကို အစဉ်အလေးထားကာ မတော်တဆ ဘေးအန္တရာယ်များကြုံတွေ့မှု မဖြစ်ပွားစေရန် မိမိတို့ရဲတပ်ဖွဲ့မှ ပြည်သူကို မျက်နှာမူပြီး အရှိန်အဟုန်မြှင့်လျက် သက်ဆိုင်ရာဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများနှင့်ပူးပေါင်းကာ ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်" ဟု ပြောသည်။

ကနီမြို့နယ်တွင် ယခုလို မော်တော်ယာဉ်စစ်ဆေးရှာဖွေခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းများနှင့် မော်တော်ဆိုင်ကယ်ဦးထုပ်များအခမဲ့ပေးအပ်ပွဲကို ဩဂုတ် ၅ ရက် နံနက် ၉ နာရီက ကနီမြို့နယ် ချောင်းမကျေးရွာတွင် မော်တော်ဆိုင်ကယ်ဦးထုပ် အလုံး ၃၀ ကို ပထမဆုံးအကြိမ်ပေးအပ်ခဲ့ကြောင်းသိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**



## အခြေခံမူလတန်းကျောင်းသား၊ ကျောင်းသူများအား ကြက်ဥနှင့်နို့အာဟာရများတိုက်ကျွေး

**သာပေါင်း ဩဂုတ် ၉**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာဦးဇေယျာလွင်နှင့်ဝန်ထမ်းများက ရပ်ကွက် (၂) အ-မ-က မြို့သစ်ကျောင်းနှင့် ဒည်ကုန်းကျေးရွာအုပ်စု ကုန်းတန်းကြီးကျေးရွာ အ-မ-က ကုန်းတန်းကြီးကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများအား ကြက်ဥနှင့်နို့အာဟာရတိုက်ကျွေးခြင်းများ ပြုလုပ်ဆောင်ရွက်ခဲ့သည်။

School Milk Programme အစီအစဉ်အရ ကျောင်းနေအရွယ်ကလေးသူငယ်များ ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျန်းမာသန်စွမ်းစေရန် ရည်ရွယ်ချက်ဖြင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ အခြေခံကျောင်းများရှိ ကျောင်းသား၊ ကျောင်းသူကလေးများအား ကြက်ဥနှင့် နို့အာဟာရတိုက်ကျွေးကြရာ ဩဂုတ် ၆ ရက် နံနက် ၁၀ နာရီက ရပ်ကွက် (၂) အ-မ-က မြို့သစ်ကျောင်းရှိ ကျောင်းသား၊ ကျောင်းသူ ၁၇၅ ဦးအား ကြက်ဥနှင့် နို့အာဟာရများ တိုက်ကျွေးပြီ မွန်းတည့် ၁၂ နာရီတွင် ဒည်ကုန်းကျေးရွာအုပ်စု ကုန်းတန်းကြီးကျေးရွာ အ-မ-က ကျောင်းရှိ ကျောင်းသား၊ ကျောင်းသူ ၈၄ ဦးအား ကြက်ဥနှင့် နို့အာဟာရများတိုက်ကျွေးခဲ့ကြကြောင်း သိရသည်။

**မျိုးဇော်သိန်း (သာပေါင်း ပြန်/ဆက်)**

## အိမ်မဲမြို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ငွေစာရင်းထိန်းသိမ်းခြင်း သင်တန်းဖွင့်လှစ်

**အိမ်မဲ ဩဂုတ် ၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ငွေစာရင်းထိန်းသိမ်းခြင်းသင်တန်းကို အိမ်မဲမြို့ ကျုံတိုင်းမင်းကျောင်းဓမ္မာရုံ၌ ဩဂုတ် ၇ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် အိမ်မဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုသိန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရည်ရွယ်ချက်များ၊ ဆောင်ရွက်ရမည့် နည်းလမ်းများ၊ ချေးငွေဖြင့်ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ မြို့နယ်အဆင့် ကြီးကြပ်မှုကော်မတီဖွဲ့စည်းမှု၊ ကျေးရွာအဆင့် အကောင်အထည်ဖော် ဆောင်ရွက်ရမည့် ကော်မတီများအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဝင်များ၊ အိမ်မဲမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရရှိသောကျေးရွာ ၁၉ ရွာမှ ကော်မတီဝင် သင်တန်းသား၊ သင်တန်းသူ ၁၃၃ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ် ပြန်/ဆက်**



# မျိုးမြှင့်တင်ရေးဌာနစိတ် ဓာတ်ခွဲခန်း(မန္တလေး)မှ မေထုန်မဲ့သားစပ်နည်းအဖြစ် တစ်နှစ်လျှင် မျိုးရည်ခဲချောင်း ၄၀၀၀၀ ထုတ်လုပ်ရန်ခန့်မှန်း

**မန္တလေး ဩဂုတ် ၉**

မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မျိုးမြှင့်တင်ရေးဌာနစိတ်(မန္တလေး) ဓာတ်ခွဲခန်းမှ မျိုးကောင်းမျိုးသန့် ခိုင်းကျွဲ၊ ခိုင်းနွားများ ရရှိရေးအတွက် မေထုန်မဲ့ သားစပ်နည်းအဖြစ် တစ်နှစ်လျှင် မျိုးရည်ခဲချောင်း ၄၀၀၀၀ခန့် ထုတ်လုပ်သွားရန် ရည်ရွယ်ထားကြောင်း မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

"ဒီဓာတ်ခွဲခန်းမှာ လုပ်ငန်းများ စတင်ဆောင်ရွက်နေပါပြီ။ ဓာတ်ခွဲခန်းသုံးပစ္စည်းများကို ပြင်သစ်နိုင်ငံ IMV ကုမ္ပဏီမှ ဓာတ်ခွဲခန်းသုံးပစ္စည်း ၂၈ မျိုးကို ပြည်ထောင်စုဝန်ကြီးဌာနမှ ရန်ပုံငွေနဲ့ အကုန်အကျခံမှာယူ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မျိုးနွားများမွေးမြူရေးအတွက် နွားသိုးရုံကိုလည်း ပြန်လည်ပြင်ဆင်ခြင်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် ပြန်လည် ပြင်ဆင်တည်ဆောက်ခဲ့ကြောင်း၊ မျိုးကောင်းမျိုးသန့် နွားသိုးများကိုလည်း မန္တလေး၊ မကွေး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့မှာ ရှာဖွေထားပြီးဖြစ်ကြောင်း၊ ဓာတ်ခွဲခန်းမှ တစ်နှစ်လျှင် မျိုးရည်ခဲချောင်း ၄၀၀၀၀ ခန့် ထုတ်လုပ်သွားရန် ရည်ရွယ်ထားကြောင်း၊ ရရှိလာသော မျိုးရည်ခဲချောင်းများဖြင့် မျိုးကောင်းမျိုးသန့် ခိုင်းကျွဲ၊ ခိုင်းနွားများ ရရှိရေး မေထုန်မဲ့သားစပ်နိုင်ရန် တိုင်းဒေသကြီးအတွင်းသာမက ဆက်စပ်ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့လည်း ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း၊ မျိုးမြှင့်တင်ရေးဌာနစိတ်(မန္တလေး) ဓာတ်ခွဲခန်းဖွင့်ပွဲမှ သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## ပြည်သူ့အတွက် ရက် ၁၀၀ စီမံချက်ဖြင့် ညောင်ကန်ကျေးရွာ၌ ကျေးရွာမြေငှားဂရန်များ ပေးအပ်ပွဲကျင်းပ

**ပုလဲ ဩဂုတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် ညောင်ကုန်းကျေးရွာအုပ်စု ညောင်ကန်ကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်း၌ ဩဂုတ် ၈ ရက် နံနက် ၉ နာရီက ပြည်သူ့အတွက်ရက် ၁၀၀ စီမံချက်ဖြင့် ဆောင်ရွက်ပြီးစီးခဲ့သော ကျေးရွာမြေငှားဂရန်များ ပေးအပ်ပွဲအခမ်းအနားပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ယင်းမာပင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လတ်က "ကျွန်တော်တို့ ယင်းမာပင်ခရိုင်အတွင်းရှိ မြို့နယ်လေးမြို့နယ်မှာ ကျေးရွာများသို့ မြေငှားဂရန်များထုတ်ပေးနိုင်ရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ညောင်ကန်ကျေးရွာကတော့ ခရိုင်အတွင်းမှာ ဒုတိယမြောက်ကျေးရွာမြေငှားဂရန်များပေးအပ်နိုင်တဲ့ ကျေးရွာတစ်ရွာဖြစ်ပြီး မူလကျေးရွာမြေဧရိယာ ၁၀ ဒသမ ၇၂ ဧကမှ အိမ်ခြေ ၃၂ အိမ်ကို မြေငှားဂရန်များထုတ်ပေးခြင်း ဖြစ်ပါတယ်။ အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေပေါ်မှာ နေထိုင်ကြတဲ့ ပြည်သူများအနေဖြင့် မြေငှားဂရန်ရရှိတဲ့အတွက် လူနေထိုင်မှု ခိုင်မာခြင်း၊ ပိုင်ဆိုင်မှု ခိုင်မာခြင်း၊ စီပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန်နှင့် စက်မှုလုပ်ငန်းများ လုပ်ကိုင်တဲ့အခါ အတိုးနှုန်းသက်သာစွာဖြင့် ဘဏ်များမှ အရင်းအနှီးချေးငွေများ ချေးယူနိုင်ခြင်းနှင့် လူမှုစီးပွားဘဝများလည်း တိုးတက်မြင့်မားလာမှာဖြစ်ပါတယ်" ဟု ပြောသည်။

ဆက်လက်၍ ယင်းမာပင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လတ်က မြေငှားဂရန်များပေးအပ်ရာ ညောင်ကုန်းကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးမျိုးမြင့်မောင်ကလည်းကောင်း၊ ပုလဲမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတိုးတိုးဝင်းက ကျေးရွာမြေငှားဂရန်များကိုပေးအပ်ရာ ညောင်ကန်ကျေးရွာ၊ ရွာအုပ်ဦးသိန်းဖေက လည်းကောင်း လက်ခံရယူခဲ့သည်။

အဆိုပါ ကျေးရွာမြေငှားဂရန်များ ပေးအပ်ပွဲအခမ်းအနားသို့ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်းနှင့် ပုလဲမြို့နယ်တွင် ကျေးရွာ ၁၈၈ ရွာရှိသည့်အနက် ညောင်ကုန်းကျေးရွာအုပ်စု ညောင်ကန်ကျေးရွာတွင် အိမ်ထောင်စု ၃၂ စုသို့ ကျေးရွာမြေငှားဂရန်များကို ရက် ၁၀၀ စီမံချက်ကာလအတွင်း ပေးအပ်နိုင်ခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**ပုလဲမြို့နယ်ပြန်/ဆက်**

## အမှိုက်စွန့်ပစ်မှုအမူအကျင့်ကောင်းများရရှိစေရေး အခြေခံပညာကျောင်းများ၌ လေ့ကျင့်ဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၉**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှူး ဦးဆောင်ကာ ဒုတိယဌာနမှူးများ၊ လ/ထဌာနမှူး၊ ခရိုင်မှူးနှင့် ဝန်ထမ်းများသည် ဩဂုတ် ၅ ရက် နံနက်က အလုံမြို့နယ်သစ်တောရပ်ကွက်ရှိ အမှတ် (၇) အခြေခံပညာအထက်တန်းကျောင်းသို့ လာရောက်၍ ကျောင်းသား၊ ကျောင်းသူများ အမှိုက်စွန့်ပစ်မှုအမူအကျင့်ကောင်းများရရှိစေရန် သရုပ်ပြခြင်း ဂိမ်းကစားခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

"ကျောင်းသား ကျောင်းသူ ကလေးအရွယ်ကစပြီး အမှိုက်စွန့်ပစ်ရာတွင် အမူအကျင့်ကောင်းများရရှိစေဖို့ အဓိက ဆောင်ရွက်ပေးတာပါ၊ ရန်ကုန်မြို့ရဲ့ အမှိုက်ထွက်ရှိမှုကလည်း တစ်နေ့တစ်ခြားများပြားလျက်ရှိပြီး မြို့သူမြို့သားတွေကို ခြိမ်းခြောက်နေမှုအား အမှိုက်လျှော့ချခြင်းဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းတတ်စေဖို့ ယခုလိုပွဲလေး စီစဉ်ရခြင်း ဖြစ်ပါတယ်" ဟု ဒုတိယဌာနမှူး ဦးဇော်ဝင်းနိုင်က ရှင်းပြသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်မဲဆန္ဒအမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်ယဉ်မြင့်၊ မဲဆန္ဒနယ်အမှတ် (၂) မှ ဒေါ်နွယ်နွယ်ဝင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကော်မတီဝင် ဒေါ်သန်းမြင့်အောင်နှင့် ဌာနမှူးဦးချိုထွန်းအောင်၊ ဒုတိယဌာနမှူးများ၊ လ/ထဌာနမှူးများ၊ ခရိုင်မှူးနှင့်အရာရှိများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ပညာရေးမှူး၊ ဆရာ၊ ဆရာမများ ကျောင်းသား၊ ကျောင်းသူ ၃၁၅ ဦး တက်ရောက်ခဲ့သည်။ **၁၉၇**

## မြစ်သားမြို့တောင်သူများ ကိုယ့်မျိုးကိုယ်ထား ခေါင်နှံမျိုးသန့်စပါး ထုတ်လုပ်သည့်နည်းစနစ် ပညာပေးကွင်းသရုပ်ပြပွဲပြုလုပ်

**မြစ်သား ဩဂုတ် ၉**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများ ကိုယ့်မျိုးကိုယ်ထား ခေါင်နှံမျိုးသန့်စပါး ထုတ်လုပ်နည်းစနစ် ပညာပေးကွင်းသရုပ်ပြပွဲကို ကံဆွယ်အုပ်စု မြင်းရွာလေးကျေးရွာ ကွင်းအမှတ် (၅၆၀) ရှိ တောင်သူ ဦးဆန်းမောင်၏ လယ်ကွက်၌ ဩဂုတ် ၈ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ကွင်းသရုပ်ပြပွဲတွင် တောင်သူပေါင်း ၇၀ ကျော် တက်ရောက်ကြပြီး မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှူး ဦးအောင်တင်ထွန်းက ခေါင်နှံမျိုးသန့်စပါး ထုတ်လုပ်နည်းစနစ် အဆင့်ဆင့်ကို ရှင်းလင်းဆွေးနွေးပြီး မျိုးစေ့တာဝန်ခံက စပါးခေါင်နှံပင်၏ ထူးခြားသောလက္ခဏာနှင့် စိုက်ပျိုးထားရှိပါက မိမိစိုက်ပျိုးလိုသော မျိုးသန့်အား စိုက်ပျိုးလိုသောအချိန်တွင် အချိန်မီစိုက်ပျိုးနိုင်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ မိုင်းမောရွှေတန်းမှ စိုက်ပျိုးရေးဝန်ထမ်းများက ခေါင်နှံမျိုးသန့်ပွား စိုက်ပျိုးမှုအား လက်တွေ့ကွင်းသရုပ်ပြဆောင်ရွက်ပြီး တက်ရောက်လာသော တောင်သူများက မျိုးကောင်းမျိုးသန့် လိုအပ်ချက်ကို ဖြေရှင်းပေးနိုင်သော နည်းလမ်းတစ်ရပ် ဖြစ်သောကြောင့် စိတ်ဝင်စားစွာ လေ့လာကြကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**



နေပြည်တော်မြို့နယ်(၂)ရပ်ကွက်အတွင်းရှိ ရေဘေးသင့်နေအိမ်များအား အန္တရာယ်ရှိနိုင်သည့် လျှပ်စစ်ပစ္စည်းများကို ကာကွယ်သည့်အနေဖြင့် မြို့နယ်လျှပ်စစ်ဝန်ထမ်းများက ခေတ္တ သွားရောက်ဖြုတ်သိမ်းပေးခဲ့ကြောင်း သိရသည်။ သတင်းနှင့်ဓာတ်ပုံ မြို့နယ် ပြန်/ဆက်

## မြို့ပြအင်ဂျင်နီယာနှင့် ဗိသုကာပညာရပ်ဆိုင်ရာ ဟောပြောပွဲ လှိုင်ကော်မြို့၌ပြုလုပ်

**လှိုင်ကော် ဩဂုတ် ၉**

Royal Shwe Yati Group Co,Ltd နှင့် MAC Creatio University College တို့ပူးပေါင်းပြုလုပ်သော မြို့ပြအင်ဂျင်နီယာနှင့် ဗိသုကာပညာရပ်ဆိုင်ရာ မိတ်ဆက်ဟောပြောပွဲကို ဩဂုတ် ၇ ရက် နံနက် ၉ နာရီခွဲက လှိုင်ကော်မြို့ ရွှေတောင်ရပ်ကွက်ရှိ တရုတ်ဘုံကျောင်း၌ ပြုလုပ်ရာ Royal Shwe Yati Group Co,Ltd မှ ဒုတိယဥက္ကဌ ဦးစိုင်းနိုင်နိုင်ထွေးက အဖွင့်အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ MAC Creatio University College မှ ဦးပြည့်ဖြိုးသူက MAC Creatio University College ဖြစ်ပေါ်လာပုံအကြောင်းကို ရှင်းလင်းပြောကြား၍ MAC Creatio University College မှ သင်ကြားမှုဆိုင်ရာများ၊ ရည်ရွယ်ချက်များနှင့် ဘာသာရပ်ဆိုင်ရာများကို MAC Creatio University College မှ မန်နေးဂျင်းဒါရိုက်တာဒေါ်စောကေခိုင်မောင်က ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် လုပ်ငန်းရှင်များနှင့် ကျောင်းသား၊ ကျောင်းသူများအား ဆွေးနွေးလိုသည့် မေးခွန်းများ မေးမြန်းခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ဆောက်လုပ်ရေးကုမ္ပဏီမှ လုပ်ငန်းရှင်များ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ကိုစိုင်း (လှိုင်ကော်)**

## မေတ္တာစမ်းရေပရဟိတအသင်းမှ သာပေါင်းမြို့နယ်ရှိ ရေဘေးသင့်သူများထံသို့ သွားရောက်လှူဒါန်း

**သာပေါင်း ဩဂုတ် ၉**

ဝေန်မြစ်ရေကြီးမြင့်လာခြင်းကြောင့် သာပေါင်းမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများ ရေဘေးခံစားနေရလျက်ရှိသည်။ ထိုသို့ရေကြီးနစ်မြုပ်ခြင်း ခံစားနေရသောပြည်သူများအား ကျေးရွာများအရောက် အလှူရှင်များမှ လာရောက်လှူဒါန်းကြရာ ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် 'မေတ္တာစမ်းရေ' ပရဟိတအသင်းမှ ကွင်းပေါက်ကျေးရွာ ရေဘေးရှောင်ယာယီစခန်းရှိ အိမ်ထောင်စု ၆၇ စုအား ဆန် ၁၄ အိတ်၊ ရေသန့် ၁၄၀ ကတ်၊ ငါးသေတ္တာဘူး ၂၀၀၊ ခေါက်ဆွဲခြောက် ၁၄ ဖာ၊ ဓာတ်ဆား ထုပ် ၂၀၀၊ အားဖြည့်အချိုရည်ဘူး ၁၀၀၀၊ ငံပြာရည်ကျော်ထုပ် ၅၀၀၊ ငါးပိထောင်းဘူး ၂၀၀ တို့အား ရေဘေးသင့်ကျေးရွာရှိ အိမ်ထောင်စုများကို သွားရောက်လှူဒါန်းခဲ့ကြသည်။

ယင်းအပြင် မြို့နယ်သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီရုံးတွင် ရေဘေးသင့်ပြည်သူများအတွက် အလှူငွေ ၂၀၀၀၀ ကျပ်အား ထပ်မံလှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။ **မျိုးဇော်သိန်း(သာပေါင်း ပြန်/ဆက်)**

# လျှပ်စစ်ဓာတ်အားခနှုန်းထားနှင့် စွမ်းအင်ရွေးချယ်ရေး

**à0;Dnfm(*)G**

လျှပ်စစ်ဓာတ်အားသုံးစွဲသူများထံမှ သုံးစွဲမှုအတွက်ငွေကြေးကောက်ခံခြင်းကိုမြန်မာနိုင်ငံတွင်မီတာခ၊ မီးကြေးစသည်ဖြင့် ခေါ်ဝေါ်သုံးစွဲကြပါသည်။ လျှပ်စစ်ဓာတ်အားသည် ယနေ့ခေတ်လူသားတို့၏ အခြေခံလိုအပ်ချက်အဖြစ် ရပ်တည်လျက်ရှိနေပါသည်။ နိုင်ငံတစ်နိုင်ငံတွင်အဆင့်အမြင့်ဆုံးသမ္မတမှ အောက်ခြေအကျဆုံးလွှာများအထိ ပါဝင်ပတ်သက်နေသည်။ သို့ဖြစ်ရာလျှပ်စစ်မီတာခပြဿနာသည် အလေးထားစဉ်းစားဆုံးဖြတ်ရမည့် ကိစ္စတစ်ခုဖြစ်ပါသည်။

လျှပ်စစ်ကိုအလင်းရောင်အတွက်သာ အသုံးပြုလိုသည့် ကျေးလက်နေပြည်သူများက လျှပ်စစ်ဓာတ်အားခကို ဈေးပေါပေါဖြင့်ရလိုကြသည်။ ဓာတ်မြေဩဇာစက်ရုံလို ဓာတုစက်ရုံကြီးများက လျှပ်စစ် သုံးမိနစ်ခန့် ဖြတ်တောက်ပါက ပုံမှန်လည်ပတ်မှုရရှိရန် ၆ နာရီခန့်အချိန်ပြန်ယူရသဖြင့် ဓာတ်အားခဈေးကောင်းပေးမည်။ သို့ရာတွင်လုံးဝမီးမပျက်စေရဟုတောင်းဆိုသည်။ အိန္ဒိယနိုင်ငံတွင် သမဝါယမစနစ်ဖြင့် လယ်ယာများကိုရေပေးရေးလုပ်ငန်းအတွက် မီတာခကို အလကားနီးပါးပေးရသည်။ ပုဂ္ဂလိကမီးစက်များက နှစ်တိုကာလအတွင်း အရင်းကျေရန်မီတာခကိုဈေးကြီးကြီးဖြင့်တောင်းဆိုသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတို့က အရင်းကျေကာလ ၁၀ နှစ်လောက်ဖြင့်ရင်းနှီးငွေကိုယူပြီး ပြန်သွားလိုသည်။ မီတာခဈေးကောင်းမှ၊ စိတ်ချရမှရင်းနှီးလိုကြသည်။ လွတ်လပ်ရေးရပြီးကတည်းကစပြီး နိုင်ငံတော်ပိုင်ငွေ၊ ပြည်သူပိုင်ငွေများဖြင့်လျှပ်စစ်ဌာနကြီးကို ရင်းနှီးမြှုပ်နှံထူထောင်ထားပေးသည်။ ဌာနပိုင်မြေ၊ အဆောက်အအုံ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ ဓာတ်အားလိုင်းများ၊ ခွဲရုံများစသည်ဖြင့် ရွှေ့ပြောင်းနိုင်သည့် ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းအားလုံးကို နိုင်ငံပိုင်ငွေကြေးဖြင့် ရင်းနှီးပေးထားသည်။ တချို့စက်ရုံတွေအရင်းကျေခဲ့တာကြာပြီ၊ ဒီလိုအခြေအနေမျိုးမှာ မီတာခဈေးတိုးမြှင့်လိုပါက ပြည်သူ့မျက်နှာပြန်ကြည့်ရမည်။ ပုဂ္ဂလိကကုမ္ပဏီနှင့် နိုင်ငံခြားကုမ္ပဏီတွေကို သံယောင်လိုက်ပြီး ဈေးနှုန်းကိုတိုးချင်တိုင်း မတိုးသင့်စသည်ဖြင့် မီတာခနှင့် ပတ်သက်ပြီး ငြင်းခုံကြရသည်။ အားလုံးက ကျေနပ်လက်ခံနိုင်သော ဈေးနှုန်းရရှိရန်ခက်ခဲပါသည်။

သို့ဖြစ်ရာအငြင်းအခုံများ၏ သားကောင်မဖြစ်သင့်၊ ဓာတ်အားခဈေးနှုန်းသတ်မှတ်ရေးသည် သိပ္ပံပညာရပ်မဟုတ်၊ အနုပညာဘာသာရပ်သာဖြစ်သည်ဟု The Objective of electricity tariff policy စာတမ်းတွင် ကမ္ဘာ့ဘဏ်စွမ်းအင်ဌာန အကြံပေး Dr.Jeremy Warford က ပြောကြားခဲ့ဖူးသည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ကုန်ဈေးနှုန်းကျဆင်းရေးအတွက် ဈေးနှုန်းသက်သာသော လျှပ်စစ်ရရှိရေးကို လွတ်လပ်ရေးမရခင်ကပင်ကြိုတင်ဆောင်ရွက်ခဲ့သည်။ ၁၉၄၇ ခုနှစ် ဇန်နဝါရီလတွင် အောင်ဆန်း-အက်တလီစာချုပ်ချုပ်ဆိုပြီး မြန်မာနိုင်ငံကို တစ်နှစ်အတွင်း လွတ်လပ်ရေးပေးမည်ဆိုသောကတိစာချုပ်ကြောင့် ဗိုလ်ချုပ်အောင်ဆန်းသည် လွတ်လပ်ရေးရပြီးစ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ကာလတိုစီမံကိန်းတစ်ရပ် ချမှတ်ရေးဆွဲရန် (၆-၆-၁၉၄၇) နေ့တွင် "ဆိုရန်တိုဗီလာ" ညီလာခံကိုကျင်းပခဲ့သည်။ ညီလာခံတွင်ဗိုလ်ချုပ်အောင်ဆန်း၏ ရည်မှန်းချက်၊ ဆုံးဖြတ်ချက်ရှစ်ခုချမှတ်ခဲ့သည့်အနက် ပထမအချက်ကနေထိုင်ရေးစရိတ်လျှော့ပေါ့ရေးကို စစ်မဖြစ်မီ နဂိုအခြေအနေသို့ ပြန်ရောက်သည့်အထိစီမံရန်ဟုပါရှိခဲ့ပါသည်။

ညီလာခံပထမနေ့ (၆-၆-၁၉၄၇) ရက်နေ့ ဆွေးနွေးပွဲတွင် ဗိုလ်ချုပ်က ကုန်ဈေးနှုန်းကျဆင်းရေး အဓိကတင်ပြပြီး ကျန်အဖွဲ့ဝင်(၇၀)က ငြိမ်ဝပ်ပိပြားရေးအဓိကဖြစ်သည်ဟု ဆွေးနွေးကြသည်။ ဗိုလ်ချုပ်က ကုန်ဈေးနှုန်းတက်ပါက စားဝတ်နေရေးနှင့်ဆက်စပ်သောပြဿနာမှာ နိုင်ငံရှိလူဦးရေတစ်ဆယ့်ခြောက်သန်းအတွက်ပြဿနာပေါ်ပေါက်မှာသေချာနေတယ်။ ထိုပြဿနာမှာ လူတိုင်းလူတိုင်း၏ တည်ငြိမ်စွာရပ်တည်မှုကို ထိခိုက်လာပါမည်။ ဂုဏ်ကိုမငဲ့ဘဲ အကျင့်စာရိတ္တနှင့်သိက္ခာများပါထိခိုက်လာပါမည်။ ထင်မိထင်ရာလုပ်ကြပြီး ဒုက္ခမျိုးစုံကျရောက်ခြင်း စသည်တို့မှာ ကုန်ဈေးနှုန်းကြီးလာသည်နှင့်အလျောက်ခိုးခြင်း၊ တိုက်ခြင်း၊ လိမ်ခြင်း၊ နှိုက်ခြင်း၊ ရိုက်ခြင်း၊ထိုးခြင်း၊ သတ်ဖြတ်ခြင်းစသော ရာဇဝတ်မှုများလည်း ဒီရေအလားတက်မည့်အရေးမှာ လွယ်လွယ်နှင့်ဝင်လာမည့်အရေးဖြစ်သည်။ ကုန်ဈေးနှုန်းတက်လာသည့်အလျောက်အစိုးရ၏အလုပ်အကိုင်ကို စိတ်မဝင်စားကြဘဲ ဝင်ငွေရပေါက်ကိုသာ အချိန်တိုင်းမှာတွေးနေကြပါမည်ဟု စိတ်ရှည်လက်ရှည်မပင်မပန်းဘဲအားလုံး သဘောပေါက် ကျေနပ်လောက်အောင်ရှင်းပြခဲ့သော်လည်း ချက်ချင်း သဘောတူချက်မရပါ။ အိုင်စီအက်တို့၏ ငြိမ်ဝပ်ပိပြားရေးနှင့်ရာဇဝတ်မှုနှိမ်နင်းရေးကိုသာအလေးပေးပြီး ဖွဲကောင်းကောင်းနှင့် အကြိတ်အနယ်ငြင်းခုံနေကြခြင်းကြောင့် ဆွေးနွေးပွဲမှာ မွန်းလွဲ(၂) နာရီထိမပြတ်ခဲ့ပါ။ ဗိုလ်ချုပ်ကတစ်ခုပြီးတစ်ခု ဓမ္မဓိဋ္ဌာန်ကျကျပြန်လည်ရှင်းပြခြင်းများကြောင့် နောက်ဆုံးဗိုလ်ချုပ်တင်ပြသည့် ကုန်ဈေးနှုန်းကျဆင်းရေးကို အဓိကနံပါတ်(၁)တွင်ထားရန် ညနေ(၅) နာရီတွင်အားလုံးက သဘောတူလက်ခံခဲ့ကြကြောင်း သိရပါသည်။

ဤတွင် ကုန်ဈေးနှုန်းကျဆင်းရေးတွင် အရေးပါသည့် ဓာတ်အားခကို ဒုတိယကမ္ဘာစစ်မဖြစ်မီကထက်လျှော့ချရေးကိုအဓိကရည်မှန်းခဲ့ကြသည်။၁၉၄၇ ခုနှစ် ဗိုလ်ချုပ်ကွယ်လွန်ပြီး (၂) လခန့်အကြာတွင် ရေအားလျှပ်စစ်စူးစမ်းတိုင်းတာရေးအဖွဲ့(The Hydro Electric Survey Board)ကို ဟသ်ာတဦးမြက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး အဖွဲ့ဝင်ရှစ်ဦးပါသည့်အဖွဲ့ကိုဖွဲ့စည်းခဲ့သည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလမှစပြီး ရန်ကုန်မှ မိုင် ၁၀၀ ခန့်ဝေးပြီး ပဲခူးကုန်းမှ မိုင် ၅၀ အကွာတွင်ရှိသော ယွန်းစလင်းချောင်းပေါ်တွင် ၁၈၀ မဂ္ဂါဝပ်ထုတ်မည့် ဘောဂထရေအားလျှပ်စစ်ကိုစတင်ဆောင်ရွက်ရန်စီမံခဲ့ကြသည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ရေပေးရေး အင်ဂျင်နီယာဦးအေးခေါင်းဆောင်သည့်အဖွဲ့သား (၄၀၀) ကျော်တို့က တိုင်းတာရေးများပြု လုပ်နေစဉ် အဆိုပါ တိုင်းတာရေးတစ်ဖွဲ့လုံးကို လက်နက်ကိုင်များက ဖမ်းဆီးပြီး ပစ္စည်းကိရိယာများကို သိမ်းယူသွားခဲ့သည်။

၁၉၄၈ ခုနှစ်ကုန်တွင် အဆိုပါ လုပ်ငန်းအားလုံး ရပ်ဆိုင်းခဲ့သည်။ ဘောဂထရေအားလျှပ်စစ်စီမံကိန်းကို ၁၉၅၄ ခုနှစ်မတိုင်မီ အပြီးဆောင်ရွက်ရန် ပြီးစီးပါက လျှပ်စစ်ဓာတ်အားခတစ်ယူနစ် ၁၀ ပြားခန့်နှင့်ရောင်းနိုင်မည်ဖြစ်၍ ကမ္ဘာစစ်မဖြစ်မီရန်ကုန်တွင် ကုမ္ပဏီများကထုတ်လုပ်ရောင်းချသည့် တစ်ယူနစ်ပြား ၇၀ ထက်များစွာလျှော့နည်းမည်ဖြစ်ကြောင်းသိရပါသည်။ ဆိုရန်တိုဗီလာညီလာခံတွင် ဗိုလ်ချုပ်၏ အမြော်အမြင်ကြီးသော ကုန်ဈေးနှုန်းကျဆင်းရေးတွင် အဓိကအရေးပါသည့် လျှပ်စစ်ဓာတ်အားခကျဆင်းရေးစီမံချက်ဖြစ်သော်လည်း ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကြောင့် အကောင်အထည်မဖော်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ ယခုလွတ်လပ်ရေးရပြီး ၆၈ နှစ်ကြာအထိ ဘောဂထရေအားလျှပ်စစ်မှာ အကောင်အထည်မဖော်နိုင်သေးပါ။

ဆိုရန်တိုဗီလာစီမံကိန်းကို အကောင်အထည်မဖော်နိုင်ခဲ့သော်လည်း ပြည်တော်သာစီမံကိန်းအရ ကယားပြည်နယ်လွိုင်ကော်မြို့နယ်ရှိ လောပိတရေအားလျှပ်စစ်စက်ရုံကို အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ဂျပန်စစ်လျော်ကြေးငွေကျပ် ၁၂ ကုဋေ၊ မြန်မာနိုင်ငံပိုင်ငွေကျပ် ၁၄ ကုဋေ နှစ်ရပ် စုစုပေါင်း ၂၆ ကုဋေဖြင့် အမှတ်(၂) ဘီလူးချောင်းရေအားလျှပ်စစ်စက်ရုံ (လောပိတ)ကို ၁၉၅၄/၅၅ ခုနှစ်မှစပြီး စတင်တည်ဆောက်ခဲ့ရာ ၁၉၅၉-၆၀ ခုနှစ်တွင် ပထမအဆင့်စက်သုံးလုံး ၈၄ မဂ္ဂါဝပ်တပ်ဆင်ပြီးစီးခဲ့ပါသည်။လောပိတရေအားလျှပ်စစ်ကြောင့် ဒုတိယကမ္ဘာစစ်မတိုင်မီက ဓာတ်အားခနှုန်း(၇၅ပြား) ထက်လျှော့ပြီး ၄၆ ပြားဖြင့်ရောင်းချနိုင်ခဲ့သဖြင့် ဗိုလ်ချုပ်အောင်ဆန်းမျှော်မှန်းချက်ပြည့်မီနိုင်ခဲ့သည်ဟုဆိုရပါမည်။ ပထမဦးဆုံးရေအားလျှပ်စစ်ရရှိသည့်မြို့အနေဖြင့် လွိုင်ကော်မှ ဓာတ်အားသုံးစွဲသူတို့ ၁-၈-၆၁ ရက်နေ့မှစပြီး မီတာခလျှော့ပေါ့သည့်အကျိုးကို ခံစားခဲ့ရပါသည်။

လောပိတရေအားလျှပ်စစ်စက်ရုံ ပထမအဆင့်အနေဖြင့် စက်သုံးလုံးသာတပ်ဆင်နိုင်ပါသည်။ စက်ခြောက်လုံးမောင်းနှင်နိုင်ရန် မိုးပြဲရေလှောင်တမံကို ၁၉၆၄- ၆၅ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ရာ ၁၉၇၁ ခုနှစ် ဖေဖော်ဝါရီလတွင် မိုးပြဲရေလှောင်တမံမှရေများ ဘီလူးချောင်းမှတစ်ဆင့် လောပိတသို့ ထိန်းချုပ်ပေးပို့နိုင်ခဲ့သဖြင့် လျှပ်စစ်ဓာတ်အားပိုမိုရရှိနိုင်သလို လယ်ယာမြေများကိုပါ ရေပေးနိုင်ခဲ့ပါသည်။ မိုးပြဲရေလှောင်တမံပြီးစီးသဖြင့် လောပိတစက်ရုံတွင် နောက်ထပ်စက်သုံးလုံး ထပ်မံတိုးချဲ့ရေးကို ၁၉၇၀ ပြည့်နှစ် ဇွန်လကစခဲ့ရာ ၁၉၇၄ ခုနှစ် ဇန်နဝါရီလတွင် စက်များစမ်းသပ်လည်ပတ်ပြီး ၁၉၇၄ ခုနှစ်မတ်လ ၂ ရက် တောင်သူလယ်သမားနေ့တွင် ဖွင့်ပွဲအခမ်းအနားပြုလုပ်နိုင်ခဲ့သဖြင့် လောပိတစက်ရုံမှ စက်ခြောက်လုံး စုစုပေါင်း ၁၆၈ မဂ္ဂါဝပ်ထုတ်လုပ်ပေးနိုင်ခဲ့ပါသည်။ လောပိတ ပထမစက်သုံးလုံး၊ မိုးပြဲရေလှောင်ကန်နှင့် နောက်ထပ်စက်သုံးလုံး အားလုံးတွင် စုစုပေါင်းလုပ်ငန်းသုံးရပ်အတွက် ကုန်ကျစရိတ်မှာကျပ် ၃၅၈၇ ဒသမ ၂၃ သိန်းဖြစ်ပါသည်။ ၁၉၆၀-၆၁ မှ ၁၉၇၈-၇၉ ဘဏ္ဍာရေးနှစ်အထိ ရေအားလျှပ်စစ်ဌာန၏ ဝင်ငွေအနေနှင့် ကျပ် ၃၉၆၇ ဒသမ ၇၂ သိန်းခန့်ဖြစ်သဖြင့် ရင်းနှီးမြှုပ်နှံမှုငွေအားလုံးအရင်းကျေပြီး အမြတ်အစွန်းများစွာရရှိခဲ့ပါသည်။ လောပိတရေအားလျှပ်စစ်စက်ရုံကြီးသည် နှစ်ပေါင်း ၅၀ ကျော်လာပြီဖြစ်သော်လည်း မွမ်းမံပြင်ဆင်မှုများကြောင့် ယနေ့အထိ စွမ်းအားပြည့်လည်ပတ်လျက်ရှိပါသည်။

ဂျပန်နိုင်ငံ JICA ၏ ၂၀၁၄ခုနှစ်လေ့လာမှုအစီအရင်ခံစာအရ မြန်မာနိုင်ငံတွင် ဓာတ်အားခထုတ်လုပ်မှုဈေးနှုန်း၌ ရေအားလျှပ်စစ်တစ်ယူနစ် ကျပ် ၅၀ မှ ၇၀၊ သဘာဝဓာတ်ငွေ့ ကျပ် ၁၂၀၊ကျောက်မီးသွေး ကျပ် ၁၀၀ ခန့် ထုတ်လုပ်မှုစရိတ်ရှိပြီး ပျှမ်းမျှတစ်ယူနစ်ရောင်းဈေး ၅၆ ကျပ်ရှိကြောင်း လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုက ၂၂ ရာခိုင်နှုန်းခန့်ရှိကြောင်း ဖော်ပြထားပါသည်။ အကြမ်းဖျဉ်းသိရသည်မှာဆိုလာစနစ်ဖြင့် ဓာတ်အားထုတ်ပါက ကျပ် ၁၀၀ မှ ၁၆၀ wind power လေအားဖြင့်ဆိုပါက ကျပ် ၁၁၀မှ ၁၇၀ အတွင်းရှိကြောင်းသိရပါသည်။

၂၀၀၀ ပြည့်နှစ် စာရင်းဇယားများအရ ကမ္ဘာ့လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုသည် ယူနစ်ဘီလီယံပေါင်း ၁၄၆၉၇ ရှိသည့်အနက် ရေအားလျှပ်စစ်ဖြင့် ထုတ်လုပ်မှုဘီလီယံ ၂၆၄၆ စုစုပေါင်း၏ ၁၈ ရာခိုင်နှုန်း၊ နျူကလီးယားဖြင့် ထုတ်လုပ်မှု ၂၄၃၄ ဘီလီယံ ၁၇ ရာခိုင်နှုန်း၊ ဒီဇယ် သဘာဝဓာတ်ငွေ့ကျောက်မီးသွေးစသည့် ဇီဝရုပ်ကြွင်းလောင်စာ Fossil Fuel ဖြင့် ထုတ်လုပ်မှုဘီလီယံ ၉၃၇၅ စုစုပေါင်း၏ ၆၄ ရာခိုင်နှုန်းရှိကြောင်းသိရပါသည်။ အဆိုပါ လျှပ်စစ်ထုတ်လုပ်မှုနည်းစဉ်များတွင် Fossil Fuel ဖြင့်ထုတ်လုပ်ခြင်းသည် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့စွန့်ထုတ်ခြင်းများပြားမှုကြောင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲခြင်းအန္တရာယ်၏ အဓိကဖြစ်နေခြင်း၊ နောင်တစ်ချိန်တွင် ကုန်ဆုံးသွားနိုင်သောကြောင့် သုံးစွဲမှုကိုဆန့်ကျင်ခြင်း၊ တင်းကျပ်သောစည်းမျဉ်းများနှင့် ကြပ်မတ်ခြင်းတို့နှင့်ရင်ဆိုင်နေရပါသည်။

ဖွံ့ဖြိုးသည့်နိုင်ငံကြီးများတွင် ရေအားလျှပ်စစ်အရင်းအမြစ်အသစ်မရှိတော့သလောက် နည်းပါးသွားပြီဖြစ်ပါသည်။ ရေအားလျှပ်စစ်ထုတ်လုပ်သုံးစွဲမှုမှာ နှစ်တစ်ရာကျော်ရှိလာပြီမို့ ဖွံ့ဖြိုးပြီးနိုင်ငံကြီးများတွင် စက်ရုံအဟောင်းများကို ပြန်လည်မွမ်းမံပြင်ဆင်ခြင်း (Renovation) လုပ်ငန်းများသာရှိပါတော့သည်။ အာရှတိုက်တွင်းသာ ရေအား လျှပ်စစ်စီမံကိန်းအသစ်များရှိနေပါသည်။

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးမှုနောက်ကျသည့်နိုင်ငံအနေအထားတွင်ပင်ရှိနေပြီး အာဆီယံနိုင်ငံများတွင် လျှပ်စစ်သုံးစွဲမှုအနည်းဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိပါသည်။ ယနေ့ကာဗွန်ဒိုင်အောက်ဆိုက်လွှတ်ထုတ်မှုအများဆုံးနိုင်ငံမှာ တရုတ်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့ဖြစ်ကြပါသည်။ ကမ္ဘာ့လူဦးရေ၏ ငါးရာခိုင်နှုန်းရှိသော အမေရိကန်နိုင်ငံသည် ကမ္ဘာ့စွမ်းအင်၏ ၂၅ ရာခိုင်နှုန်းကိုသုံးစွဲနေသဖြင့် အမေရိကန်နိုင်ငံမှ လူတစ်ဦးသည် ဘင်္ဂလားဒေ့ရှ်မှလူတစ်ဦးထက် အဆတစ်ရာစွမ်းအင်သုံးစွဲနေပါသည်။

ယနေ့မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားလိုအပ်မှုကိုဖြည့်ဆည်းရန် မည်သည့်စွမ်းအင်ကိုသုံးမည်နည်းဆိုသည့် ပုစ္ဆာ၏အဖြေကို မြန်မာနိုင်ငံမှပြည်သူများက ဆုံးဖြတ်ရပါမည်။ နိုင်ငံကြီးများက အကြီးစားရေအားလျှပ်စစ်စီမံကိန်းများသည် သဘာဝပတ်ဝန်းကျင်ကို ဖျက်ဆီးနိုင်သည်။ ဒေသခံပြည်သူများ ရွှေ့ပြောင်းမှုများစသည့်ပြဿနာကြောင့် မလုပ်သင့်၊ အသေးစားအလတ်စားရေအားများကို သာအားပေးသင့်သည်။ ကျောက်မီးသွေးသုံးစက်ရုံများသည် ကာဗွန်ထုတ်လုပ်မှုများပြားသည် ပတ်ဝန်းကျင်ဆိုးကျိုးကို ဖြစ်စေသည်။ ဆိုလာစနစ်သည်လောလောဆယ်ဈေးကြီးသည် နေ့ခင်းဘက်နေပူမှသာရသည်။ wind power သည် လေတိုက်နှုန်းကောင်းမှသာရသည် စသည်ဖြင့်အကောင်းအဆိုးများ ဒွန်တွဲနေပါသည်။ ကာဗွန်ဓာတ်ငွေ့ထုတ်လုပ်မှုအနည်းဆုံးမြန်မာနိုင်ငံတွင် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်ပေါ်သော နာဂစ်မုန်တိုင်းဒဏ်ကြောင့်လူတစ်သိန်းကျော်သေဆုံးခဲ့ရသည်မှာ ရှစ်နှစ်ကျော်သာကြာရှိပါသေးသည်။

နိုင်ငံခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက စစ်ပြီးခေတ် လွတ်လပ်ရေးရပြီးစ မြန်မာနိုင်ငံတွင်နေထိုင်ရေးစရိတ်လျှော့ပေါ့ရေးအတွက် လျှပ်စစ်စွမ်းအင်ရရှိအောင် ရေအားလျှပ်စစ်ကိုရွေးချယ်ခဲ့သည်။ ယနေ့ဒီမိုကရေစီ နိုင်ငံတော်ကြီး စတင်လျှောက်လှမ်းနေချိန်တွင် လျှပ်စစ်စွမ်းအင်ကို ပြည်သူများလိုအပ်နေသည်၊ မည်သည့်စွမ်းအင်ကိုသုံးစွဲသင့်သည်ဆိုသည့် ရွေးချယ်မှုမှာပြည်သူများ၏အဆုံးအဖြတ်သာဖြစ်ပါကြောင်း။

[ကြည်ခင်(လျှပ်စစ်ဓာတ်အား)၏ နမ့်ကိန္နရီဇာတ်လမ်း၊ ဦးဘသွင်၏ကျွန်တော့ကိုပညာပေးခဲ့သောဆိုရန်တိုဗီလာစီမံကိန်း၊ Sustainable Energy by Jefferson W-Tester၊ The National Electricity Master Plan- JICA တို့ကိုမှီငြမ်းပါသည်။]

**နိုင်ငံခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကစစ်ပြီးခေတ်လွတ်လပ်ရေး ရပြီးစ မြန်မာနိုင်ငံတွင်နေထိုင်ရေး စရိတ်လျှော့ပေါ့ရေးအတွက် လျှပ်စစ်စွမ်းအင်ရရှိအောင် ရေအားလျှပ်စစ်ကိုရွေးချယ်ခဲ့သည်။**

## သီပေါမြို့နယ် တုံစင့်ကျေးရွာ အလင်းရောင်စာကြည့်တိုက်ဖွင့်

**သီပေါ ဩဂုတ် ၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် တုံစင့်ကျေးရွာအုပ်စု၏ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၇ ရက် နံနက် ၉ နာရီက ကျေးရွာအုပ်ချုပ်ရေးရုံးခန်းမ၌ ကျင်းပရာ တုံစင့်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးစိုင်းစိုးညွန့်က အဖွင့်အမှာစကားပြောကြားပြီး ကလေးသူငယ်များ ပြုစုစောင့်ရှောက်ရေးအဖွဲ့ သီပေါမြို့နယ် တာဝန်ခံဒေါ်ခိုင်မိုးဝင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းသိန်းထွန်းနှင့် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးလှမောင်လတ် (သီပေါ်ကိုလတ်)တို့က အကြံပြုစကားများပြောကြားကြသည်။

ထို့နောက် သီပေါမြို့နယ်စာရေးဆရာအသင်းမှ လှူဒါန်းသည့်သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်များကို အသင်းအတွင်းရေးမှူး ဦးမျိုးမြင့် (ကိုမျိုး-ရွှေနန်းတော်)က လည်းကောင်း၊ အလင်းရောင်စာကြည့်တိုက်ရန်ပုံငွေအတွက် အလှူငွေကျပ်တစ်သိန်းကို တုံစင့် အခြေခံပညာမူလတန်းကျောင်းအုပ်ဆရာကြီး ဦးထွန်းအောင်ကျော်ကလည်းကောင်း၊ စာပေစေတနာရှင်သုံးဦးက စာအုပ်စာစောင်များကိုလည်းကောင်း အသီးသီးပေးအပ်လှူဒါန်းကြရာ စာကြည့်တိုက်မှူး ဦးလှဆောင်က လက်ခံရယူသည်။

ယနေ့ဖွင့်လှစ်လိုက်သော အလင်းရောင် စာကြည့်တိုက်အား နေ့စဉ်ညနေပိုင်းတွင် စာကြည့်တိုက်မှူး ဦးလှဆောင်က တာဝန်ယူဖွင့်လှစ်သွားမည်ဖြစ်ပြီး မည်သူမဆို စာအုပ်များကို အခမဲ့ငှားရမ်း ဖတ်ရှုနိုင်ကြောင်း သိရသည်။ **ကိုနေ(သီပေါ)**

## ကြိမ်ခါးကုန်းကျေးရွာ၌ မြေငှားဂရန်ထုတ်ပေး

**ကျောက်တံခါး ဩဂုတ် ၉**

ပဲခူးခရိုင် ကျောက်တံခါးမြို့နယ် ကြိမ်ခါးကုန်းကျေးရွာအုပ်စု ကြိမ်ခါးကုန်းကျေးရွာ မြေငှားဂရန်ထုတ်ပေးသည့် အခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးနေမင်းသူက အဆိုပါ ကျေးရွာတွင် မူလအိမ်ခြေ ၁၅၈ ဦးအနက် ၁၅အိမ်အတွက် မြေငှားဂရန်ထုတ်ပေးပြီး ကျန်ရှိသော နေအိမ်များအား အခြားနည်းအသုံးပြုခွင့် ခွင့်ပြုချက်ရရှိပြီးပါက ဆက်လက်ထုတ်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ **မြို့နယ်(ပြန်/ဆက်)**

# ဒါရိုက်တာ ရွှေဒုံးဘီအောင်၏ အဆိုအမိန့် ရီဟာဇယ်

**“ပွဲမဝင်ခင် အပြင်က ကျင်းပ”ဆိုသော ဆိုရိုးစကားရှိသည်။ မည်သည့်အခမ်းအနား ပွဲလမ်းသဘင်မဆို အခင်းအကျင်းမစမီ ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်ကြရမြဲ၊ အစမ်းလေ့ကျင့်ခြင်း၊ ဇာတ်တိုက်ခြင်းများ ပြုလုပ်ကြရသည်။ ထိုနည်းအတူ ရုပ်ရှင်ရိုက်ကူးရာတွင်လည်း အစမ်းလေ့ကျင့်ဇာတ်တိုက်ခြင်းများ ပြုလုပ်ကြရသည်။ အင်္ဂလိပ်အခေါ်အဝေါ်ဖြင့် ရုပ်ရှင်နယ်တွင် နှုတ်ကျိုးလာခဲ့ သော “ရီဟာဇယ်”ဆိုသော အလုပ်ကို အစဉ်အလာ အရမဟုတ်ဘဲ မလုပ်လျှင် မဖြစ်သည့် လုပ်ရပ်အဖြစ်လုပ်ကြရသည်။ သို့မှသာ ချောမောပြေပြစ်ပြီး သဘာဝယုတ္တိရှိသော ဇာတ်ကားကောင်းတစ်ကားဖြစ်လာမည်။**




## တင့်လွင်ဦး (စီးပွားရေးတက္ကသိုလ်)

“ဗိုလ်အောင်ဒင်” ဇာတ်ကားကိုတော့ အများသိပြီး ဖြစ်မည့် လျှမ်းလျှမ်းတောက်အောင်မြင်ကျော်ကြား ခဲ့သည့် ဇာတ်ကားတစ်ကား၊ ဘယ်အခါကြည့်ကြည့် ရိုးအီမသွား၊ မြန်မာ့ရုပ်မြင်သံကြား၏ ကျေးဇူးဖြင့် တစ်ခါ တစ်ခါ ပြန်လည်ကြည့်ရှုခွင့်ရကြသည်။ “ဗိုလ်အောင်ဒင်” ဇာတ်ကားနှင့်ပတ်သက်၍ ဇာတ်လမ်းဇာတ်ညွှန်းနှင့် စီစဉ်ရိုက်ကူးသူမှာ ဒါရိုက်တာအကယ်ဒမီ ရွှေဒုံးဘီ အောင်၊ ရာမဇာတ်ကျောရိုးကိုမှီပြီး ရာမနေရာတွင် မင်းသားဘချစ်၊ ဒသဂီရိနေရာတွင် မင်းသားခင်မောင်ရင်၊ သီတာဒေဝီနေရာတွင် မင်းသမီးမေမေဝင်းတို့ကို ဇာတ်ရုပ်သွင်း၍ ခေတ်အမြင် ခေတ်အတွေးဖြင့် ရေးဖွဲ့တင်ပြ ရိုက်ကူးခဲ့သည့် သုံးပွင့်ဆိုင် အချစ်ဇာတ်လမ်း၊ အချစ်မှာ မျက်စိမရှိဟုဆိုကြသော်လည်း အသိတရားနှင့်ယှဉ်လာ သည့်အခါ သစ္စာစောင့်သိကြပုံတို့ကို ပေါ်လွင်အောင် ဖော်ကျူးထားရာ လူဆိုးဓားပြကြီးပင် ဖြစ်လင့်ကစား “ဗိုလ်အောင်ဒင်”သည် မိမိပိုင်နက်အတွင်း လက်ခုပ်ထဲက ရေပမာ ရောက်ရှိနေသည့် မေမေဝင်း(ခေါ်)မြအား လက်ဖျားနှင့်ပင်မထိ သစ္စာစောင့်သိ၏။ အချစ်ကို အဓမ္မ ဓားပြတိုက်မယူလို၊ မေတ္တာအခြေခံသော အချစ်ကိုသာ ရယူလိုသည်။ မြကလည်း “ဗိုလ်အောင်ဒင်” (ခေါ်) ခင်မောင်ရင်ကို ချစ်လိုက်တာတုန်လို့ သို့သော် စေ့စပ် ထားသူရှိနှင့်ပြီးသားဖြစ်သည့်အတွက် သစ္စာစောင့်ရ၏။ မြန်မာ့မူ မြန်မာ့ဟန် မြန်မာ့စရိုက်နှင့်အညီ သစ္စာ မေတ္တာလွန်ဆွဲပွဲကို လွမ်းပိုအောင်ရိုက်ပြခဲ့ရာ တို့မြန်မာ့ ရုပ်ရှင်ကွလို့ ဂုဏ်ယူဝင့်ကြွားနိုင်သည်အထိ “ဗိုလ် အောင်ဒင်” ဇာတ်ကားသည် မြန်မာ့ရုပ်ရှင် သမိုင်းတွင် ဂန္ထဝင် တွင်ရစ်ခဲ့လေသည်။

ဆရာရွှေဒုံးဘီအောင်သည် ရုပ်ရှင်လောကသာ မဟုတ် စာပေလောကတွင်လည်း ထင်ပေါ်ကျော်ကြားခဲ့သူ ဖြစ်သည်။ ရေနတ်ဒေဝီပဒမဏိ၊ သုယောနန္ဒီ၊ ပြည်ကြီး မျက်ရှင်၊ ကာသိယောပီယ၊ ရေနန်းသူဇာ၊ လေးတော်ရှင် အစရှိသော ရှေးဟောင်းဒဏ္ဍာရီဆန်ဆန် ဝတ္ထုရှည်ကြီး များဖြင့် စာဖတ်ပရိသတ်ကို ညှို့ယူဖမ်းစားနိုင်ခဲ့သူ၊ စာရေးဆရာဘဝမှ ရုပ်ရှင်ဒါရိုက်တာဘဝသို့ ကူးပြောင်း ခဲ့ပြီးနောက် “မာလာရီ” ဇာတ်ကားဖြင့် မင်းသားကျော်ဝင်း၊ “ပွဲခါညောင်ရေ” ဇာတ်ကားဖြင့် မင်းသမီးမေမြင့်၊ “အတွေ့”ဇာတ်ကားဖြင့် မင်းသမီးသီသီတို့ကို အကယ်ဒမီ ထူးချွန်ဆုများရရှိအောင် စွမ်းဆောင်ပေးခဲ့ပြန်သည်။ ကိုယ်တိုင်လည်း ၁၉၅၇ ခုနှစ်တွင် “ဒေါက်တာ အောင်ကျော်ဦး” ဇာတ်ကားဖြင့် အကောင်းဆုံးဒါရိုက်တာ ဆုရရှိခဲ့သည်။ ဆရာ့ကို အဖ ဦးဘိုးလှ(ခေါ်) ဦးဖိုးရွှေလှ၊ အမိ ဒေါ်လှကေသီတို့က ၁၇-၂-၁၉၀၆ ရက်နေ့တွင် ညောင်တုန်းမြို့၌ မွေးဖွားခဲ့သည်။ ဆရာသည် အတွေး အခေါ်ဉာဏ်ပညာထက်မြက်ပြီး စိတ်ကူးစိတ်သန်း ကောင်းသူဖြစ်သည့်အတွက် မိမိတတ်ကျွမ်းသော အနု ပညာဖြင့် စာပေလောက၊ ရုပ်ရှင်လောကတို့ကို အကျိုး ပြုရင်း အသက်မွေးဝမ်းကျောင်းအဖြစ် ထိုလောကတို့တွင် ကျင်လည်စွာဖြတ်သန်းရင်း အသက် (၈၀)နှစ်သို့ အရောက် ၁၁-၃-၁၉၈၆ ရက်နေ့တွင် ကွယ်လွန်သွားခဲ့သည်။ လူပင် သေသော်လည်း နာမည်မသေ၊ ထိုသို့သော ဝါရင့်သမ္ဘာရင့် ထက်မြက်သူ အနုပညာရှင်တစ်ဦး၏ အဆိုအမိန့်များ သည်ကား တစ်ခွန်းဆို ဆိုသလောက် အနှစ်သာရ ပြည့်ဝ ပြီး တန်ဖိုးဖြတ်မရ အဖိုးအနဂ္ဃထိုက်တန်လှသည်။ ၁၉၉၆ ခုနှစ်က မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ထုတ်ဝေသည့် “မြန်မာ့ရုပ်ရှင်ဆရာကြီးများ၏ အဆိုအမိန့်များ” အထူး ထုတ်စာအုပ်တွင် ဆရာရေးသားဖော်ပြခဲ့သည့် အဆို အမိန့်ပေါင်းများစွာရှိသည့်အနက် “ရီဟာဇယ်” နှင့် ပတ်သက်၍ ရေးသားဖော်ပြထားသည်များကို ဆရာ၏ အာဘော်အတိုင်း ပြန်လည်တင်ပြရလျှင်-

ယခုခေတ်ဇာတ်ဆောင်တွေဟာ “ရီဟာဇယ်”လုပ်ရမှာ သိပ်ပင်ပန်းတယ်လို့ ထင်တတ်ကြတယ်။ “ရီဟာဇယ်” ရဲ့ အနှစ်သာရကို သူတို့နားမလည်ဘူး။ ရိုက်ကွင်းတစ်ခုမှာ အနုပညာရှင်၊ စက်မှုပညာရှင်၊ ဇာတ်ဆောင် ဇာတ်ရံ တွေအားလုံး အပေးအယူမျှပါမှ၊ စကားပြော၊ အလှုပ် အရှား အံဝင်ခွင်ကျရှိပါမှ၊ သို့ဖြစ်ရေး “ရီဟာဇယ်”သည် အရေးကြီးလှသည်။

“ရီဟာဇယ်”နှင့်ပတ်သက်၍ အတိတ်ကာလ အင်္ဂလိပ်ခေတ်က ဗြိတိသျှဘားမားရုပ်ရှင်ကုမ္ပဏီတွင် ရုပ်ရှင်ဇာတ်ဆောင် မင်းသား၊ မင်းသမီးများ ဖြစ်ကြသော ကိုဘတင့်တို့၊ ကိုခင်မောင်ရင်တို့၊ ခင်ခင်ရီ၊ မေမေဝင်းတို့ ကို သတိရမိသည်၊ သူတို့သည် သူတို့ခေတ်နှင့်သူတို့ ကုမ္ပဏီဈေးခေါ်ကောင်းသော ဇာတ်လိုက်များ ဖြစ်ကြ သည်။ ထိုအချိန်သည် ရုပ်ရှင်လောက၌ သူတို့ရွှေထီး ဆောင်းချိန်၊ ရုပ်ရှင်ဒါရိုက်တာများက ဘတ်စ်ကား၊ လန်ချားနှင့် သွားလာအလုပ်ဆင်းနေရသော်လည်း ကိုဘတင့်တို့၊ ကိုခင်မောင်ရင်တို့အဖို့ကား ကိုယ်ပိုင်ကား နှင့် အလုပ်ဆင်းနိုင်ကြသူများဖြစ်ကြသည်။ ကုမ္ပဏီက မြှောက်စားထားရသော မင်းသား၊ မင်းသမီးများဆိုလျှင် လည်း မမှား။ သို့သော် သူတို့သည် ယခုဖြစ်နေသောရုပ်ရှင် ဝိပ္ပတ္တိခေတ်၏ သားသမီးများဖြစ်ကြသော မင်းသား၊ မင်းသမီးများနှင့် မတူကြပါ။ ခြားနားသော အချက်ထူး တစ်ချက်ရှိသည်။ ယင်းခြားနားချက်ကား၊ ဒါရိုက်တာသည် ညံ့သည်ဖြစ်စေ၊ တော်သည်ဖြစ်စေ အလုပ်ခွင်တွင် ဒါရိုက်တာ၏ ညွှန်ကြားချက်နှင့် ဒါရိုက်တာ၏အကြိုက်ကို သူတို့တစ်သဝေမတိမ်း လိုက်နာလေးစားကြသော ကျင့်ဝတ်ကို မပျက်ကြခြင်းဖြစ်သည်။ ကွယ်ရာကြမှ အချင်းချင်း တီးတိုးရယ်စရာ ပြောချင် ပြောတတ်ကြသည်။ သူတို့ဟာ ရွှေထီးဆောင်းပြည်တော်ချစ်များဖြစ်၍ အပြင်မှာသာ လက်မထောင်ချင်ထောင်မည်။ အလုပ်ခွင် တွင် ဒါရိုက်တာ၏ရှေ့မှောက်၌ လက်မဝှက်ကြသည်။ ဥပမာ-ဘယ်အသားကိုပင် ဘုရားထုထု အနေကဇာတင် သည်ဖြစ်စေ၊ မတင်သည်ဖြစ်စေ ထိုဘုရားရုပ်တုကို ဗုဒ္ဓသာဘာဝင်တိုင်း ရိုသေလေးစားခြင်း ရှိကြသလို ရုပ်ရှင်ထဲတွင်လည်း ဒါရိုက်တာဟုဆိုလျှင် ရုပ်ရှင်လူရှင် တော်ကပဲ ဒါရိုက်တာဖြစ်လာလာ၊ လူကြမ်းကပဲ ဖြစ် လာလာ၊ အော်ပရေတာကပဲဖြစ်လာလာ၊ ကားကူးကား ဆက်ကပဲဖြစ်လာလာ၊ ဝတ္ထုရေးဆရာ ဇာတ်ညွှန်းရေး ဆရာကပဲဖြစ်လာလာ၊ ဓာတ်ပုံဆရာကပဲဖြစ်လာလာ၊ တော်သည်ဖြစ်စေ၊ ညံ့သည်ဖြစ်စေ ဒါရိုက်တာဟုဆိုလျှင် ရုပ်ရှင်ဇာတ်ဆောင်မှစ၍ စက်မှုလက်မှုအလုပ်သမားများ ပါမကျန် လေးစားကြရသည်။ ထိုခေတ်က ဒါရိုက်တာ ဖြစ်ဖို့ကလည်း ယခုခေတ်လို မလွယ်သောကြောင့်ဖြစ်သည်။

သူတို့ဟာ ပြည်တော်ချစ် ရွှေထီးဆောင်း မင်းသား မင်းသမီးများဖြစ်လင့်ကစား အလုပ်ခွင်ကျလျှင် မင်းသား စိတ်၊ မင်းသမီးစိတ်ဖျောက်ပြီး အလုပ်သမားစိတ်မွေးကြ သည်။ စင်စစ်အားဖြင့် မင်းသားမင်းသမီးတို့ဟာ အနုပညာ ရှင် အလုပ်သမားများပင်ဖြစ်ကြသည် မဟုတ်ပါလား။ သူတို့သည် တာဝန်ကိုလေးစားကြသည်။ ရုပ်ရှင်ရိုက်ကွင်း ဘောင်ထဲတွင် အမြဲရှိပြီး ဒါရိုက်တာ၏ ညွှန်ကြားချက်ကို စောင့်မျှော်နေကြသည်။ ယခု ဝိပ္ပတ္တိခေတ်လို ရီဟာဇယ် လုပ်ဖို့ ခဏခဏ ပင့်မနေရ။ ရီဟာဇယ်ကို ဒါရိုက်တာ ကျေနပ်သည်အထိ မညည်းမညူလုပ်ကြသည်။ ကိုယ်က ဘယ်လောက်ပင်တော်တော် ဇာတ်ရံများအံချော်နေသမျှ သူတို့ပါရောပြီး အကြိမ်ကြိမ်ရီဟာဇယ် လုပ်နေရသည် ကိုလည်း မညည်းရဲကြ။ များသောအားဖြင့် သူတို့ပါ ရောနှောအားပေးကာ ထိုအံချော်နေသော ဇာတ်ရံကို မရှက်စေရအောင်၊ မကြောက်စေရအောင်၊ စိတ်ဓာတ်မကျ စေရအောင် ဝိုင်းဝန်းကူညီတတ်ကြသည်။ ထိုခေတ်က ရွှေထီးဆောင်းမင်းသား၊ မင်းသမီးများဟာ ကိုယ့်လုပ်ဖော် ကိုင်ဖက် တစ်ဦးလဲနေသည်ကို ထူပေးတတ်ကြသည်။ အိပ်ပျော်နေသူကို အချိန်မီအောင်နှိုးပေးတတ်ကြသည်။ မသိမတတ်လျှင်သင်ပေးတတ်ကြသည်။ သူတို့စိတ်ဓာတ် မြတ်သည်ဟု မဆိုသင့်ပါသလော၊ သူတို့ခေတ်က မှန်ကန် သောအယူအဆမှာ ရိုက်ချက်တိုင်း ရီဂျက်များပြီး ခဏခဏ ပြန်ရိုက်ကာ ဖလင်ကုန်၊ လူပန်း၊ စိတ်မရွှင် ဖြစ်ရတာထက် မရိုက်ခင် ရီဟာဇယ်များများလုပ်ရခြင်းက တရားလမ်းမှန် သော (ဝါ)ယထာဘူတကျသော နည်းလမ်းဖြစ်သည်ဟု သူတို့နားလည်ကြသည်။ ရှေးခေတ်နှင့် ယခုခေတ်မှာ အများအားဖြင့် ကာလခြင်းရော၊ စိတ်ဓာတ်ခြင်းပါ ဝိရောဓိ ဖြစ်နေသည်။

ကျွန်တော်ဤဆောင်းပါးကို ရေးမှရေးသင့်ပါ့မလားဟု တွေးမိသည်။ တစ်ဖန်သူလည်းနာလို ကိုယ်လည်းအကျိုးရှိ သဘောမျိုး ရှေးရှုနေလျှင်လည်း မိမိမှန်သည်ထင်နေသော အကြောင်းအရာတစ်ရပ်ကို မတင်ပြရဲရာကျနေပြီး အပြု သဘောမဆောင်နိုင်၊ အမှန်မှာ စေတနာကိုသာ ကံကောက် ပြီး မိမိမြင်နေရသော ရုပ်ရှင်နယ်မှ ချို့ယွင်းချက် အကျင့် မှားများကို ရဲရဲတောက်ပြုပြင်ခြင်းသာလျှင် မြတ်သော အလုပ်ဖြစ်သည်ဟု မိမိစိတ်ကို အဓိဋ္ဌာန်တင်၍ ရေးခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ရီဟာဇယ် ကိစ္စနှင့်ပတ်သက်၍ ဘယ်ပုဂ္ဂိုလ်မှ သာစေနာစေစိတ်မထား စေတနာရှေ့ထား ပြီး ပြတ်သားရဲရင့်စွာ အားမနာတမ်း ဆက်ပြောရမည်ဆို လျှင် အရေးကြီးသောလုပ်ရပ်ဖြစ်သည့် ရီဟာဇယ်သည် အရေးမကြီးသောအလုပ်၊ အပသံဝဇ္ဇ ကိစ္စတစ်ရပ်ဖြစ်နေ ရသော အောက်ပါအချက်များကို ပြတ်သားစွာ ကျွန်တော် ထောက်ပြရမည်ဖြစ်ပါသည်။

၁။ အနုပညာထက် ငွေရဖို့သာ ပဓာနထားသော ထုတ်လုပ်သူ( ပရိုဂျူဆာ) အလိုအရ ဒါရိုက်တာအချို့က “ရက်တိုစီမံကိန်း”ဖြင့် ဇာတ်ကားဖြစ်ပြီးရော ရွှံ့နှင့်လုပ် သော ကြောင်ရုပ်ပင်ဖြစ်ဖြစ် ကြွက်သေဖို့သာ မူလဟုယူ ဆကာ ရီဟာဇယ်ကို ပေါ့ပေါ့လုပ်၍ ကားအမြန်ရိုက်ကြခြင်း၊

၂။ ရှေးခေတ်က ရွှေထီးဆောင်းမင်းသား မင်းသမီးများ ထက် အဆများစွာ ရုပ်ရှင်ခါတော်မီဖြစ်နေကြသော ယခု ခေတ် ထီးဖြူဆောင်းမင်းသားမင်းသမီးတို့၏ မာနဟူသော မှန်ကင်းထွတ်ကို တင်ပြရမည်ဖြစ်ရာ အမှန်သစ္စာနှင့် ပြတ်သားစွာဖော်ပြရသော် မင်းသမီးများထက် မင်းသား များ၏ ငါနှင့်ငါသာနိုင်းစရာတည်းဟူ၍ လည်းကောင်း၊ “မိုးစွန်ကြွားကြွား၊ ငါတကားဟု၊ ကြုံးဝါးခက်ထန်၊ မာန်ခိုး လျှံလျက်” အတ္တပြင်းထန်နေမှုတို့ကြောင့် လည်းကောင်း၊ ဒါရိုက်တာ၏ညွှန်ကြားချက်အတိုင်း လုပ်နေရသည်ကို ဝိုင်းကြည့်နေရသော ပရိသတ်တို့၏ရှေ့၌ ရှက်သလိုလို၊ ဘာလိုလိုဖြင့် ရီဟာဇယ်ကို ကျေညက်စွာမလုပ်ချင်ကြခြင်း၊ မလုပ်ချင်ရုံမျှ မဟုတ်၊ ရီဟာဇယ်တွင်ဇာတ်ရည့်ညံ့တိုင်း ခဏခဏမလုပ်နိုင်ဟူ၍ပင် နှုတ်က ပြောင်ပြောင်ပြော ဆိုကြခြင်း၊

၃။ ရုပ်ရှင်အလုပ်ဖြင့် အသက်မွေး၍ ရုပ်ရှင်ကလုပ်ကျွေး သဖြင့် သူဌေးသူကြွယ်ပင် ဖြစ်နေရပါလျက် ရုပ်ရှင်အလုပ် သမားများနှင့်အတူ အလုပ်ခွင်ဘောင်တွင် အသင့်ရှိနေရ မည်ကို “သိမ်” သည် “ငယ်”သည်လို့ ထင်မှတ်ရှာလေရော့ သလားမသိ။ ရုပ်ရှင်အလုပ်ခွင်တွင်မနေ၊ ပင့်မှကြွရန် တစ်နေရာတွင် တစ်ပင်တိုင်အဖြစ် ကုလားထိုင်နှင့် သွား ရောက်စံမြန်းတော်မူလေ့ရှိကြသော အနှီထီးဖြူဆောင်း မင်းသား မင်းသမီးအပေါင်းတို့ကို ရီဟာဇယ်လုပ်ခါနီးတိုင်း သို့မဟုတ် ကားရိုက်ဖို့စမည်ပြင်တိုင်း အပင့်လွှတ် လွှတ်နေ ရသဖြင့် ကြာသောအခါ ရီဟာဇယ်လုပ်ရမှာကိုဒါရိုက်တာ ကိုယ်တိုင်က စိတ်ညစ်လာခြင်း၊

၄။ သွား၍ ပင့်ပြန်သော်လည်း သူတို့က အသင့်စောင့် နေသူများမဟုတ်ကြသဖြင့် ချက်ချင်းကြွမလာနိုင်၊ ထီး ဆောင်းမင်းတစ်ခါထွက်ပဲကြီးတစ်လှေချက်ဆိုသလို သူတို့ ၏ ဗာဟီရကိစ္စတွေများနေကြသေးသဖြင့် အလုပ် ခွင်ဘောင်၏အတွင်းက ဒါရိုက်တာ၊ ကင်မရာဆရာ၊ အသံ ဖမ်းဆရာနှင့် ရုပ်ရှင်လုပ်ဖော်အလုပ်သမားတစ်စုတို့က အိုးစည်လည်ပင်းဖြစ်လုလုစောင့်မျှော်ရတာ အချိန်ကြာပြီး ရီဟာဇယ် လုပ်ရမှာ စိတ်ဓာတ်အရှိန် ကျလာခြင်း၊

၅။ အလုပ်ခွင်ကျပြန်တော့လည်း ထိုထီးဖြူဆောင်းတို့ကို ပြုပြီး မျှောက်ပြဆန်တောင်းနေကြရသော ပရိုဂျူဆာများ ကိုယ်တိုင်ကပင် ထီးဖြူဆောင်းတို့ကို မြင်လျှင်မျက်နှာကို ယင်အုံမတတ်ချိုစွာထား၍ တစ်ကြိမ်နှစ်ကြိမ် ဦးနှိမ်ချလို့၊ သုံးကြိမ်လေးကြိမ်ဦးနှိမ်ချလို့ဆိုသလို လုပ်နေကြသည်ကို မြင်ရသောအခါ ဒါရိုက်တာအမည်ခံ ကိုချာလန်အဖို့မှာ ထီးလိုလို မှိုလိုလိုရလျှင် မျက်နှာချိုကြသလို၊ မိုးတွင်းမှာ လည်း မဆလခေတ်မှာ ကုန်သွယ်ရေးက၊ ထီးရလျှင်လည်း မျက်နှာချိုကြသလို ထီးဖြူဆောင်းမင်းသားကြွချီဆိုက်ရောက် တော်မူလာလျှင်ပင် မျက်နှာချိုစွာနဲ့ ရီဟာဇယ် လုပ်ရေး အတွက် ဒါရိုက်တာက ငါးကြိမ်၊ ခြောက်ကြိမ်ဦးနှိမ်ချလို့ ခုနစ်ကြိမ်၊ ရှစ်ကြိမ်ဦးနှိမ်ချလို့ဆိုသည့် အဖြစ်မျိုးနှင့် ထီးဖြူ ဆောင်း၏မျက်နှာတော်ညိုနေတာကို ချိုစေပြီးတိုးလျှိုး တောင်းပန်ကာ ရီဟာဇယ်ကို မသထာရေစာသဖွယ် အပင်း လျှိုရသလို လုပ်ကြရခြင်းစသည့် Etc, အကြောင်းထရာ များစွာတို့ကြောင့် မြန်မာ့ရုပ်ရှင်လောကတွင် ရီဟာဇယ်၏ တန်ဖိုးမှာ ဇောက်ထိုးမိုးမျှော်ကျဆုံးနေရသည်။ ဤရီဟာ ဇယ်ကို ပေါ့ပေါ့တွက်ထားကြသဖြင့် ကျွန်တော်တို့ မြန်မာ ရုပ်ရှင်ကားများမှ ပွဲကြည့်ပရိသတ်က ပုဂ္ဂိုလ်စွဲကြောင့် ရုံလျှံအောင်တိုးချင်တိုးကြမယ်၊ ငွေလျှံနေအောင် ရချင်ရ မယ်၊ ဇာတ်ဆောင်တစ်ယောက်ကောင်း၊ နှစ်ယောက် ကောင်းတို့ သရုပ်ဆောင်ကောင်းချင်ကောင်းမယ်၊ သို့သော် တစ်ဇာတ်ကားလုံး၏ သရုပ်ဆောင်ချက်တို့ကို အားလုံးချုံ့ ၍အကဲဖြတ်ကြည့်ရရင် ခိုင်း၍လုပ်နေရသော အသက်မဝင် သည့် လှုပ်ရှားမှုနှင့် မျက်နှာပေးများ၊ (အိုဗာ)ဖြစ်နေသော ကိုယ်ဟန်အမူအရာနှင့် မျက်နှာပေးများ၊ လေယူလေသိမ်း “လုပ်ပြော” ပြောနေသော စကားပြောများ၊ အရကျက်ပြီး စာရွတ်သလိုပြောနေသော စကားပြောများ၊ ပြောခိုင်း၍ ပြောနေရသော လေသံများမှစ၍ “Realism”အပြင်မှာ တကယ်ဖြစ်နေသလို ဇာတ်ကွက်ပါသော ဇာတ်ကောင်၏ သဘာဝအတိုင်းသရုပ်ဆောင်နိုင်သော ဇာတ်ဆောင်ဖြစ် လာအောင်၊ မလုပ်ဆောင်နိုင်၊ သရုပ်မဆောင်နိုင်ခြင်း တို့ကြောင့် ကြည့်ရတာကောင်းတော့ မလိုလိုနှင့် မသိပ် မသည်း၊ ပေါ့ပျက်ပျက်ဟာတာတာ ဖြစ်နေသည်။ နိုင်ငံခြားရုပ်ရှင် ကြိုက်သူပညာရှိရုပ်ရှင်ဝါသနာအိုးများ က ကျွန်တော့်အား ပြောကြားကြဖူးပါသည်။ သူတို့ ပြောကြတဲ့အတိုင်းဟုတ်မှာပေါ့။ ရီဟာဇယ်က နည်းတာ ကိုး၊ ကမ္ဘာ့နိုင်ငံကြီးများမှာလည်း ရီဟာဇယ်ကို မလုပ် မဖြစ်သောလုပ်ငန်းစဉ် သို့မဟုတ် ကျေကျေညက်ညက် လုပ်ရမည့် တာဝန်တစ်ခုအဖြစ် အလေးဂရုပြုကြသည်။ ဟောင်ကောင်မြို့ New World ရုပ်ရှင်စတူဒီယိုသို့ ရောက် ခဲ့ဖူးစဉ်က သူတို့ တရုတ်ဇာတ်တစ်ခု ရီဟာဇယ်လုပ်နေ သည်ကို မြင်တွေ့ရသည်။ ကြည့်ရသူတို့ ပျင်းရိငြီးငွေ့ လာအောင် အကြိမ်ပေါင်း သုံးဆယ်ကျော်လုပ်နေကြသည်။ ကျွန်တော်ဆိုလိုသည်မှာ ကျွန်တော်တို့ မြန်မာရုပ်ရှင် အတွက် အကြိမ်သုံးဆယ်လုပ်ဖို့ ဆိုလိုခြင်းမဟုတ်ပါ။ ရုပ်ရှင်အလုပ်မှာ အများနှင့်လုပ်မှုဖြစ်သော Team Work အလုပ်ဖြစ်သဖြင့် တစ်ယောက်ကောင်း၍ မရ၊ အများ ကောင်းမှရသဖြင့် တစ်ယောက်နှင့်တစ်ယောက် လူရော စက်ကိရိယာပိုင်းဆိုင်ရာတွေပါ အပေးအယူ အချိတ် အဆက် အပို့အဆောင် အကူးအပြောင်း တစ်ခုနှင့်တစ်ခု ပစ္စယသတ္တိအမျိုးမျိုးဖြင့် ဆက်သွယ်ဆက်စပ်နေခြင်း၊ ပြေပြစ်ချောမောပြီး သိပ်သည်းကျေညက်ပြေပြစ်သွား အောင် “Rejects” ရီဂျက် သို့မဟုတ် ရိုက်ချက် အပျက် နည်းနိုင်သမျှ နည်းအောင် ၄၊ ၅၊ ၆၊ ၇ ကြိမ်တော့ လုပ်သင့် ကြသည်။ ထို့ကြောင့် ကမ္ဘာ့ရုပ်ရှင်ပညာရှိများ ကိုယ်တိုင် က ရီဟာဇယ်၏ အကျိုးအာနိသင်ကြီးမားပုံကို ရေးသား ထားကြသည့် ရုပ်ရှင်စာပေများမှ ရီဟာဇယ်၏ အနှစ် သာရကို သတ္တုချလိုက်သည့်အခါ (၅) “ငါး” ချက်သော ရသထွက်လာပါသည်။ ထိုငါးချက်မှာ ရီဟာဇယ်လုပ်ပါ များသော အခါ

၁။ ဇာတ်၏ ဆိုလိုရင်းနှင့် မိမိလုပ်ရမည့်အလုပ်ကို သဘောပေါက်စေခြင်း၊ အဓိပ္ပာယ်ပေါက်စေခြင်း၊ (Finding the Meaning)

၂။ လုပ်ရှားမှုပုံချပြီးသားဖြစ်စေခြင်း၊ တစ်ယောက် နှင့်တစ်ယောက် စကားအပေးအယူ၊ အဝင်အထွက်၊ အရပ်အနေ၊ အထိုင်အထ ကွက်တိကျစေခြင်း၊ (Blocking the Movement)

၃။ မိမိပါဝင်ရမည့်အခန်း၏ သရုပ်ဆောင်ချက် တိုးတက်လာစေခြင်း၊ (Developing the Character)

၄။ ကင်မရာရိုက်ထောင့် အလင်းရောင်ပေးရင်းနှင့် အသံဖမ်းစက်စသောကိရိယာများ အထားအသို၊ အဝင် အထွက်၊ အရွှေ့အပြောင်းကိုက်ညီမှန်ကန်ခြင်း၊ (Making Technical Adjustment)

၅။ သရုပ်ဆောင်ချက်ကျေညက်ပြီး ကောင်းသည် ထက်ကောင်းလာစေခြင်း၊ (Polishing for Performance)

ဤဆောင်းပါးရေးသားခြင်းနှင့် ပတ်သက်၍ မေတ္တာရပ်ခံလိုသည်မှာ ဤဆောင်းပါးတွင် ထီးဖြူဆောင်း လို့ ကျွန်တော်ဘိသိက်မြှောက်လိုက်သော ဈေးခေါ် ကောင်းသော ရုပ်ရှင်အနုပညာရှင်ကြီး-ငယ်တို့ကို မိမိ တို့၏ မာနမှန်ကင်းထွတ်ကို ချကြစေရန် ကျွန်တော်က အသက်ကြီးရင့်သူအဖြစ်လည်းကောင်း၊ ရုပ်ရှင်ဝါအားဖြင့် လည်းကြီးသူ တစ်ယောက်အဖြစ်လည်းကောင်း၊ ဆိုရေး ရှိကဆိုအပ်လှ၏လို့ဆိုသည့်အတိုင်းဆိုပါရစေ။ သူတို့ အနည်ထိုင်လာသောအခါ ကျွန်တော့်အပေါ် ခွင့်လွှတ်နိုင် ကြမယ်လို့ ယုံကြည်သဖြင့်လည်းကောင်း၊ ယခု ရုပ် ရှင်အထူးထုတ် စာအုပ်တွင် အဆင်သင့်တုန်းကျွန်တော်က ကလောင်တုံးတုံးနှင့် ထိုးကြည့်လိုက်ခြင်းဖြစ်ပါသည်။ ကျွန်တော်ကိုယ်တိုင်က ဘုရားစူးပါစေ၊ ထီးဖြူဆောင်း သူတို့ကို တမင်နာအောင်ရေးသော်လည်း မည်သည့် အာဃာတမှ မရှိသည့်နည်းတူ အပြုသဘောသက်သက် မြန်မာ့ရုပ်ရှင်ကောင်းကျိုးအတွက်ဖြစ်၍ သက်ဆိုင်သူများ က ကျွန်တော့်အားလည်း အာဃာတမထားကြပါစေ သတည်းလို့ ဘုရားမှာဆုတောင်းလျက်။ ။

***မှီငြမ်း။ မြန်မာ့ရုပ်ရှင်ဆရာကြီးများ၏ အဆိုအမိန့်များ(၁၉၉၆)***

## စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်း ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲစစ်ဆေးခြင်း

၁။ စစ်တက္ကသိုလ်ဗိုလ်လောင်း၊ တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းနှင့် တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်း လျှောက်လွှာတင်သွင်းထားသူများသည် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို အောက်ပါအတိုင်းဖြေဆိုကြရမည်-

(က) **တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၆ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** **၀၉၀၀** နာရီမှ **၁၁၀၀** နာရီအထိ။

(၂) **ဇီဝဗေဒ** **၁၃၀၀** နာရီမှ **၁၅၀၀** နာရီအထိ။

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၆ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** **၀၉၀၀** နာရီမှ **၁၁၀၀** နာရီအထိ။

(၂) **သင်္ချာ** **၁၃၀၀** နာရီမှ **၁၅၀၀** နာရီအထိ။

(ဂ) **စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၆ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** **၀၉၀၀** နာရီမှ **၁၁၀၀** နာရီအထိ။

(၂) **သင်္ချာ** **၁၃၀၀** နာရီမှ **၁၅၀၀** နာရီအထိ။

၂။ စာမေးပွဲများကို အောက်ဖော်ပြပါနေရာများတွင် ဖြေဆိုကြရမည်-

(က) **နေပြည်တော်** အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ ရွာတော်။

(ခ) **မြစ်ကြီးနားမြို့** တိုင်းစစ်ဌာနချုပ်၊ ဗလမင်းထင်ခန်းမ။

(ဂ) **လားရှိုးမြို့** တိုင်းစစ်ဌာနချုပ်ခန်းမ။

(ဃ) **တောင်ကြီးမြို့** တိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ။

(င) **နမ့်စန်မြို့** နမ့်စန်လေတပ်စခန်းဌာနချုပ်ခန်းမ။

(စ) **ကျိုင်းတုံမြို့** တိုင်းစစ်ဌာနချုပ်၊ ပြည်ငြိမ်းအေးခန်းမ။

(ဆ) **မော်လမြိုင်မြို့** အထက၊ ရွှေနတ်တောင်။

(ဇ) **မြိတ်မြို့** တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်ခန်းမ။

(ဈ) **ရန်ကုန်မြို့** အထက(၂)၊ မင်္ဂလာဒုံ။

(ည) **ပုသိမ်မြို့** တိုင်းစစ်ဌာနချုပ်၊ ဧရာဝတီခန်းမ။

(ဋ) **အမ်းမြို့** တိုင်းစစ်ဌာနချုပ်၊ အမ်းတောင်ခန်းမ။

(ဌ) **မုံရွာမြို့** အထက(၂)၊ အလုံ။

(ဍ) **မန္တလေးမြို့** အထက(၁၈)၊ နန်းမြို့။

(ဎ) **တောင်ငူမြို့** တိုင်းစစ်ဌာနချုပ်၊ အေးချမ်းဖြိုးခန်းမ။

၃။ မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၊စာစစ်ဌာနများတွင် ဖြေဆိုကြရမည်။ လျှောက်လွှာတင်သွင်းသူအားလုံး ဝင်ခွင့်စာမေးပွဲဖြေဆိုရန် အတည်ပြုရွေးချယ်သည်။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာထုတ်ယူရာ တိုင်းစစ်ဌာနချုပ်များတွင် **ဖြေဆိုရမည့်ခုံအမှတ်နှင့်ဖြေဆိုရမည့်နေရာများ**ကို သွားရောက်ကြည့်ရှုနိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ **နိုင်ငံသားစိစစ်ရေးကတ်**ကို တစ်ပါတည်းယူဆောင်လာရမည်။ **နိုင်ငံသားစိစစ်ရေးကတ်** တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက **သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊စာစစ်ဌာနများ**တွင် စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**


MPT
ရွှေသို့လှမ်း၍မြန်မာပြည်
ဝယ်သလောက် အပိုရမယ့်
နှစ်ဆ
DATA PACK
MONTHLY PACK
မူရင်း Data ပမာဏ | Data အပိုဆု | စျေးနှုန်း (ကျပ်) | စျေးနှုန်း / MB | USSD (သို့) ဖုန်းခေါ်ရန် | စာတိုပို့ရန်
400MB | 400MB | ၂၈၀၀ | 3.5Ks/MB | *2002# | 400MB to 1332
1GB | 1GB | ၆၅၀၀ | 3.25Ks/MB | *2003# | 1GB to 1332
2GB | 2GB | ၁၂၀၀၀ | 3.0Ks/MB | *2004# | 2GB to 1332
5GB | 5GB | ၂၅၀၀၀ | 2.5Ks/MB | *2005# | 5GB to 1332
ဇူလိုင်လ(၁၃)ရက်မှ စတင်ဝယ်ယူနိုင်ပါသည်
MPT၏ ဆွေသဟာ အစီအစဉ် ရယူထားသော Prepaid,Postpaid GSM/WCDMA အသုံးပြုသူများအားလုံး ပါဝင်ခွင့်ရှိပါသည်
၂၀၁၆ ဧပြီလ(၁)ရက်မှစ၍ လက်ရှိနှုန်းထားများတွင် ကုန်သွယ်ခွန် ၅% ကို ထပ်ဆောင်းကောက်ခံသွားပါမည်
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free 24 hours everyday


24 HR PACK
MPT
ရွှေသို့လှမ်း၍မြန်မာပြည်
အစီအစဉ်သစ်
120MB ကို ၄၀၀ ကျပ်
*2001# (သို့) 120MB to 1332
ဇူလိုင်လ(၁၃)ရက်မှ စတင်ဝယ်ယူနိုင်ပါသည်
24 HR PACK ကို ဝယ်ယူသည့်အချိန်မှစ၍ ၂၄နာရီအတွင်း အသုံးပြုနိုင်ပါသည်
MPT၏ ဆွေသဟာ အစီအစဉ် ရယူထားသော Prepaid,Postpaid GSM/WCDMA အသုံးပြုသူများအားလုံး ပါဝင်ခွင့်ရှိပါသည်
၂၀၁၆ ဧပြီလ(၁)ရက်မှစ၍ လက်ရှိနှုန်းထားများတွင် ကုန်သွယ်ခွန် ၅% ကို ထပ်ဆောင်းကောက်ခံသွားပါမည်
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free 24 hours everyday



ဖလားနှစ်လုံးရရှိရေး အိမ်ကွင်း၌ ကြိုးပမ်းမည့် ရတနာပုံအသင်း။

## ဗိုလ်လုပွဲတက်ရောက်ရေးကြိုးပမ်းမည့် ရတနာပုံနှင့် ရန်ကုန်အသင်းတို့၏ ဒုတိယအကျော့

**ရန်ကုန် ဩဂုတ် ၉**

၂၀၁၆ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ဆီမီးဖိုင်နယ် ဒုတိယအကျော့အဖြစ် ရတနာပုံအသင်းနှင့် ရန်ကုန်အသင်းတို့ ယနေ့ယှဉ်ပြိုင်မည်ဖြစ်ပြီး ဗိုလ်လုပွဲတက်ရေး ရေကုန်ရေခန်းကစားမည်ဖြစ်ရာ ပွဲကောင်းတစ်ပွဲဖြစ်လာနိုင်ပေသည်။

**စာမျက်နှာ ၉ ကော်လံ ၅ သို့ ○**

## အစိုးရသစ်၏ ပထမရက် ၁၀၀ ကာလ ဆောင်ရွက်ခဲ့မှု သတင်းစာရှင်းလင်းပွဲ ဩဂုတ် ၁၂ ရက်မှ စတင်ပြုလုပ်မည်

**နေပြည်တော် ဩဂုတ် ၉**

အစိုးရသစ်၏ ပထမရက် ၁၀၀ ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ဩဂုတ် ၁၂ ရက်မှစတင်၍ နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ အပတ်စဉ် ပြုလုပ်သွားမည် ဖြစ်ပြီး ဩဂုတ် ၁၂ ရက် မွန်းလွဲ ၁ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့က ရှင်းလင်းဖြေကြားသွားမည် ဖြစ်သည်။

ယခုအပတ် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်သတင်းရယူလိုသည့် သတင်းဌာနများအနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပြည်တွင်းပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲ၊ Email;ir.pso.moi2015@gmail.com သို့လိပ်မူ၍ အမည်၊ မှတ်ပုံတင်အမှတ်၊ သတင်းဌာန၊ ဆက်သွယ်ရန်ဖုန်းနံပါတ်၊ လိပ်စာ(အီးမေးလ်လိပ်စာ) တို့ကို ပြည့်စုံမှန်ကန်စွာဖြည့်စွက်ပြီး ယနေ့မှစ၍ ဩဂုတ် ၁၁ ရက် နံနက် ၁၀ နာရီအထိ စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။

ဆက်လက်၍လည်း အပတ်စဉ် သတင်းစာရှင်းလင်းပွဲများ ပြုလုပ်သွားမည်ဖြစ်ပြီး ကျင်းပမည့်ရက်နှင့် ရှင်းလင်းမည့် ဝန်ကြီးဌာနများစာရင်းကို ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## ၂၄ နာရီအတွင်း ပိုမိုအားကောင်းသော မုန်တိုင်းငယ်အဖြစ် ရောက်ရှိနိုင်

နေပြည်တော် ဩဂုတ် ၉

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

(ကြေးမုံ)

## Miss Myanmar International ပြိုင်ပွဲအတွက် အလှမယ် ၂၀ ရွေးချယ်



**ရန်ကုန် ဩဂုတ် ၉**

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေး အသင်းက ကြီးမှူးကျင်းပသည့် ပဥ္စမအကြိမ်မြောက် Miss Myanmar International 2016 အလှမယ်ပြိုင်ပွဲကြီးတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည့် အလှမယ် ၂၀ အား စာနယ်ဇင်းများနှင့် မိတ်ဆက်သည့် အခမ်းအနားကို ဩဂုတ် ၉ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ အင်းယားလိတ်ဟိုတယ်၌ ကျင်းပသည်။

အဆိုပါအလှမယ်များကို ဩဂုတ် ၃ ရက်က ကန်တော်ကြီးပဲလေ့စ်ဟိုတယ်၌ ဆန်ခါတင် ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး ရွေးချယ်ခံရသည့် ပြိုင်ပွဲဝင်များမှာ နံပါတ်စဉ်အလိုက် တင်စန္ဒာမျိုး၊ ခင်ယမုံသင်း၊ နန်းနှင်းအိန္ဒြာထွန်း၊ နေကြာခင်ခင်၊ ရွှန်းလဲ့ရတီ၊ နှင်းဦးရွှေရည်၊ မိုးပွင့်ဖြူဟန်၊ ဆောင်းသဇင်သင်း၊ ယမုံ၊ ခွန်းနေကြည်ချို၊ မေသက်ကျော်၊ နှင်းရွှေရည်၊

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✻**


